# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၂ ရက်၊ အင်္ဂါနေ့။ Tuesday, 19 December 2017 ၉၁၄၃


**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။ ပါပဝဂ်(ဓမ္မပဒ-၁၁၈)

## ခက်ခဲကြမ်းတမ်းတဲ့အချိန်တွေကို နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားတွေရဲ့ စည်းလုံးညီညွတ်မှုနဲ့ ဖြတ်သန်းကျော်လွှားနိုင်ခဲ့

## ကရင်အမျိုးသား နှစ်သစ်ကူးနေ့အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှစ်သစ်ကူးမိန့်ခွန်းပြောကြား




ကရင်အမျိုးသား နှစ်သစ်ကူးနေ့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ကရင်နှစ် ၂၇၅၇ ခုနှစ် ပြာသိုလဆန်း ၁ ရက်တွင် ကျရောက်သည့် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ နှစ်သစ်ကူးမိန့်ခွန်း ပြောကြားသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ တရုတ်နိုင်ငံအစိုးရက အမေရိကန်ဒေါ်လာ ငါးသိန်း ပေးအပ်လှူဒါန်း**

စာမျက်နှာ » ၃

**အင်္ဂမော်-မောင်တော လမ်းပိုင်းတွင် ယာဉ်ယန္တရားကြီးများဖြင့် လုပ်ငန်းစတင်ဆောင်ရွက်**

စာမျက်နှာ » ၁၁

**ပတ်ဝန်းကျင်ညစ်ညမ်းအောင် ပြုလုပ်ပါက လျော်ကြေးပေးရမည့်စနစ် တရုတ်နိုင်ငံ ကျင့်သုံးမည်**

စာမျက်နှာ » ၄




## ကြေးမုံ

# လူ့တန်ဖိုးကို မြှင့်တင်မှ လူမှုဘဝမြင့်မား

လူသည် မိမိတန်ဖိုးကို မိမိကိုယ်တိုင်မြှင့်တင်မှ တန်ဖိုးရှိသော လူဖြစ်ပေလိမ့်မည်။ လူတိုင်းလူတိုင်း တန်ဖိုးရှိသော လူသားများဖြစ်နေမှ ထိုလူတို့၏ လူ့ဘောင်လောက၊ လူမှုဘဝလည်း မြင့်မားတိုးတက်လာပေလိမ့်မည်။ လူ့တန်ဖိုးဟူသည်မှာ ထွေထွေထူးထူးမဟုတ်၊ စည်းကမ်းရှိခြင်း၊ စည်းကမ်းလိုက်နာခြင်းပင် ဖြစ်သည်။ လူတို့အနေဖြင့် သွားလာ နေထိုင် စားသောက်သည်မှအစ ကိုယ်လက်သန့်စင်သည်အဆုံး နေရာတိုင်းတွင် စည်းကမ်းတကျ ပြုမူနေထိုင်သင့်သည်။

"စည်းကမ်းသည် လူ၏ တန်ဖိုး"ဟု အဆိုရှိပါသည်။ စည်းကမ်းကြီးလေ တန်ဖိုးကြီးလေ၊ စည်းကမ်းများလေ တန်ဖိုးများလေ၊ စည်းကမ်းနည်းလေ တန်ဖိုးနည်းလေ၊ စည်းကမ်းမရှိလျှင် တန်ဖိုးမရှိဖြစ်မည်။ ထို့ကြောင့် တန်ဖိုးရှိသောလူ၊ တန်ဖိုးကြီးသောလူ ဖြစ်စေရန် စည်းကမ်းကို ကြပ်ကြပ်ရိုသေလေးစားလိုက်နာရန် တိုက်တွန်းချင်ပါသည်။ စည်းကမ်းကို ကြပ်ကြပ်လိုက်နာခြင်းသည် ချုပ်ချယ်ခြင်းမဟုတ်ဘဲ မိမိနှင့် လူ့ဘောင်လောကအတွက် တန်ဖိုးမြှင့်တင်ခြင်းသာ ဖြစ်ပါသည်။

စည်းကမ်းရှိသော တိုင်းပြည်များတွင် လူမှုဘဝမြင့်မားနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုတိုင်းပြည်ရှိ လူများမှာ များသောအားဖြင့် နိုင်ငံကြီးသား ပီသနေသည်ကို မြင်တွေ့နိုင်ပါသည်။ စည်းကမ်းမရှိသော တိုင်းပြည်များတွင် အမြင်မတင့်ဖွယ်ရာများ မြင်တွေ့တတ်ပြီး လူမှုဘဝများ နိမ့်ကျနေသည်ကို တွေ့မြင်နိုင်သည်။ ထို့ကြောင့် စည်းကမ်းသည် လူ့တန်ဖိုး၊ နိုင်ငံ့တန်ဖိုးကို ပိုင်းဖြတ်သော ပေတံသဖွယ်ဖြစ်၍ အရေးကြီးပါသည်။

မျက်မှောက်ကာလတွင် ကမ္ဘာပေါ်ရှိ နိုင်ငံအများမှာ ပြည်သူဦးစားပေးသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးလာကြသည်။ ထိုအခါ လွတ်လပ်ခွင့်အမျိုးမျိုး၊ ခံစားခွင့်အမျိုးမျိုးတို့ကို တောင်းဆိုလာနိုင်ကြသည်။ ထိုသို့တောင်းဆိုလာစဉ် ဒီမိုကရေစီ၏ အခြေခံစံနှုန်းဖြစ်သည့် လူတို့လိုက်နာအပ်သော သက်ဆိုင်ရာစည်းကမ်းများကို မျက်ကွယ်ပြုလာကြသည်။ တစ်နည်းဆိုသော် Human Rights ဆိုသော လူ့အခွင့်အရေးကို တစာစာတောင်းဆိုကြပြီး Dignity ဆိုသော ၎င်းတို့ မြှင့်တင်ပေးရမည့် ဂုဏ်သိက္ခာနှင့် တန်ဖိုးတို့ကို မေ့လျော့လာကြသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဒီမိုကရေစီစနစ်ကို စတင်အသွင်ကူးပြောင်း တည်ဆောက်နေဆဲကာလ ဖြစ်သည်။ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီစနစ်၊ စစ်မှန်ကောင်းမွန်ခိုင်ခံ့သော ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရာတွင် စည်းကမ်းပြည့်ဝသော မြန်မာနိုင်ငံနှင့် ဆီလျော်လိုက်ဖက်သည့် ဒီမိုကရေစီစနစ်ကို တည်ဆောက်ကြရမည်ဖြစ်သည်။ တည်ဆောက်နေဆဲနိုင်ငံဖြစ်၍ လူတို့၏ ဂုဏ်သိက္ခာမြှင့်တင်ရေး၊ တန်ဖိုးမြှင့်မားရေး၊ စည်းကမ်းလိုက်နာရေးတို့ကို ဦးစွာကြိုးပမ်းအားထုတ်သင့်ပြီး ပြီးလျှင် လူ့အခွင့်အရေးကို ရယူကြဖို့လိုအပ်ပေသည်။

နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေသောကာလဝယ် တည်ဆောက်နေသော၊ တည်ဆောက်ပြီးသော လူ့ဘောင်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် လူ့ဂုဏ်သိက္ခာ၊ လူ့တန်ဖိုး၊ လူ့စည်းကမ်းများ ရှိဖို့လိုအပ်ပါသည်။ တည်ဆောက်ပေးထားသော ရုပ်ပိုင်းဆိုင်ရာ မပျက်စီးအောင် လိုက်နာဆောင်ရွက်ကြဖို့လိုသလို ပျက်စီးအောင်၊ စွန်းထင်းအောင် လုပ်ဆောင်မိသည့် တန်ဖိုးနည်းသော၊ ဂုဏ်သိက္ခာမရှိသော၊ စည်းကမ်းမဲ့သော အပြုအမူများ မပြုလုပ်မိဖို့လိုပါသည်။

သာဓကအားဖြင့် မြို့ပြသာယာလှပရေး၊ ပြည်သူများ သွားလာမှုလွယ်ကူရေး၊ အပန်းဖြေအနားယူရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ထိုဆောင်ရွက်ပေးထားသည်တို့ကို မပျက်စီးအောင်၊ မညစ်နွမ်းအောင် သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာပြီး စည်းကမ်းရှိသော ပြည်သူများ၊ တန်ဖိုးရှိသော ပြည်သူများဖြစ်အောင် နေထိုင်ပြုမူကြဖို့လိုမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ဖြတ်သန်းနေသောကာလ၌ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်း စည်းကမ်းသတ်မှတ်ချက်များအား လေးစားလိုက်နာဖို့ လိုအပ်မည်ဖြစ်သည်။ လူအများ လိုလားသော လူ့အခွင့်အရေးကို ရယူလိုပါလျှင် လူ့ဂုဏ်သိက္ခာ၊ လူ့တန်ဖိုး၊ လူ့စည်းကမ်းများကို လေးစားလိုက်နာ မြှင့်တင်ကြိုးပမ်းအားထုတ်မှ လူမှုဘဝ မြင့်မားတိုးတက်လာမည်ဖြစ်ပါသည်။ ။

## ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး"ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

## ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် လှိုင်ကော်မြို့၌ ကျင်းပ

**လှိုင်ကော် ဒီဇင်ဘာ ၁၈**

ကယားပြည်နယ်လုံးဆိုင်ရာ ၂၇၅၇ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲကို ယနေ့ နံနက် ၆ နာရီခွဲက လှိုင်ကော်မြို့ ထေးသမရပ်ကွက် မောဒူဒီးဘိုးဟိုး ကေထိုးဘိုးကွင်း၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားသည်။



ပွဲတော် ကျင်းပရေးကော်မတီ နာယက ဆရာမ ဖောဖကြီးနှင့် ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (လှိုင်ကော်) ဒေသကွပ်ကဲရေးမှူးတို့က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပရိတောကလယ်စေးက နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ကရင်အမျိုးသားနှစ်သစ်ကူးနေ့အတွက် ပေးပို့လာသော သဝဏ်လွှာများကို ကိုယ်စားလှယ်များက ဖတ်ကြားပြီး ကျင်းပရေးကော်မတီဝင် ဆရာစောတောက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ယင်းနောက် ကယားပြည်နယ် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် ဒေသကွပ်ကဲရေးမှူး၊ တာဝန်ရှိသူတို့က နှစ်သစ်ကူး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ဖီးယူးယော် နတ်ဆရာ ဒေါက်တာစောငွေးမြင့်၊ ဖီးဘူးယော် ဒကာ စောခေါ်ဖလိုး မိသားစု၊ ဖီးဘူးယော်အဖွဲ့၊ နော်ချယ်ထူးနှင့် အဖွဲ့တို့က ကရင်ရိုးရာ စပါးနတ်ပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ကရင်အမျိုးသား စည်းလုံးရေးသီချင်း သီဆိုခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးလှထွေးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်၊ ပြည်နယ် အတွင်းရေးမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ဝဂ်ဘော်ကျေးရွာ၌ ရေကောင်းရေသန့် ရရှိပြီ

**ညောင်လေးပင် ဒီဇင်ဘာ ၁၈**

ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ရေရရှိရေးလုပ်ငန်းဖြစ်သော ဝဂ်ဘော်ကျေးရွာ တွင်းနက်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်တွင် ရေကောင်းရေသန့်ရရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေပေးရေးလုပ်ငန်းကို Village Developer ကုမ္ပဏီက ခွင့်ပြုငွေကျပ် ၁၃ ဒသမ ၄၉ သန်းဖြင့် တူးဖော်ဆောင်ရွက်လျက်ရှိပြီး အချင်းလေးလက်မရှိ စက်တူးတွင်း၊ ရေစက်ရုံနှင့် ဆက်စပ်ပစ္စည်းများ၊ ရေဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တို့ ပါဝင်မည်ဖြစ်ကာ ကျေးရွာနေပြည်သူများ ရေကောင်းရေသန့် လုံလောက်စွာသောက်သုံးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## GAP စနစ် စိုက်ပျိုးရေး အလေ့အထကောင်းများ ဆွေးနွေး

**ဖာပွန် ဒီဇင်ဘာ ၁၈**

ကရင်ပြည်နယ် ဖာပွန်ခရိုင်အတွင်း စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ပြီး GAP စနစ် စိုက်ပျိုးရေးဆိုင်ရာ အလေ့အထကောင်းများအား သီးနှံ ၁၅ မျိုးအတွက် ဖာပွန်မြို့နယ်နှင့် ကမမောင်းမြို့နယ်တို့တွင် ဒီဇင်ဘာ ၅ ရက်မှ ၁၅ ရက်အထိ နည်းပညာဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် ခရိုင်လယ်/ဆည် အဖွဲ့များက ကွင်းဆင်းဆောင်ရွက်ပြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသက်ဆွေက စိုက်ပျိုးရေးဦးစီးဌာနက GAP စနစ်ဖြင့် ဆောင်ရွက်နေသည့် သီးနှံ ၁၅ မျိုး၏ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများအား မြေပြင်စတင်ချိန်မှ စားသုံးသူလက်ဝယ်ရောက်ရှိချိန်အထိ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်၊ ကူးစက်ရောဂါများ ကင်းရှင်းစေရေးလုပ်ဆောင်ရမည့်ကဏ္ဍများကို တောင်သူများအား နည်းပညာပေးခဲ့ကြောင်း သိရသည်။

**အေးမျိုး**




ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၁၃၅၁

ကြေးမုံ



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်တို့အား တရုတ်တိဘက်သုတေသနဌာန အကြီးအကဲနှင့်အဖွဲ့ လာရောက်တွေ့ဆုံဖူးမြော်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်တို့အား တရုတ်ပြည်သူ့သမ္မတ နိုင်ငံ တရုတ်တိဘက်သုတေသနဌာန အကြီးအကဲ မစ္စတာ ကျန်းယွင် ဦးဆောင်သည့် တိဘက်ယဉ်ကျေးမှုဖလှယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်း တို့တွင် လာရောက်တွေ့ဆုံဖူးမြော်ကြသည်။

တရုတ်တိဘက် သုတေသနဌာနအကြီးအကဲ ဦးဆောင်သည့် တိဘက်ယဉ်ကျေးမှု ဖလှယ်ရေးကိုယ်စားလှယ်အဖွဲ့ သည် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဗဟိုဆောင်ဧည့်ခန်းမ၌ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသ အမျှူးပြုသော ဌာနမှူး၊ ကထိကဆရာ တော်များအား ဖူးမြော်တွေ့ဆုံပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ သင်ကြားရေး ဆိုင်ရာကိစ္စရပ်များနှင့် တရုတ်တိဘက်ယဉ်ကျေးမှုဆိုင်ရာ ကိစ္စများကို အပြန်အလှန် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီ တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုး တော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမျှူးပြုသော ဆရာတော်ကြီး များအား ဖူးမြော်တွေ့ဆုံကြရာ အကျိုးတော်ဆောင် ဆရာ တော်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လုပ်ငန်း ဆောင်ရွက်ချက်များ၊ သာသနာတော်ကြီးသန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ များ၊ မြန်မာနိုင်ငံ၏ ထေရဝါဒဗုဒ္ဓသာသနာပြုလုပ်ငန်းများ၊ ပရိယတ္တိစာပေကျမ်းဂန်များ သင်ကြားပေးနေမှုနှင့် ပဋိပတ္တိ တရားရိပ်သာများ တည်ထောင်ဖွင့်လှစ်ထားရှိမှု အခြေ အနေများကို ရှင်းလင်းမြွက်ကြားသည်။

**သတင်းစဉ်**




# ရှေးဦးအရွယ် ကလေးသူငယ်များအတွက် မိခင်ဝိုင်းများဖွင့်လှစ်ခြင်းဖြင့် ရင်းနှီးမှုပြုရေး မိခင်များနှင့် ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုတွင် ရှေးဦးအရွယ် ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံ ခြင်းသည် တစ်ခုအပါအဝင်ဖြစ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ကလေး တစ်ဦးချင်းစီ၏ အခွင့်အရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုကို ဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒများ၊ မဟာဗျူဟာ လုပ်ငန်းအစီအစဉ် များချမှတ်လျက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ နယ် ကျူတောဝကျေးရွာ၌ ရပ်ရွာပြည်သူလူထုနှင့် တွေ့ဆုံကာ မိခင်ဝိုင်းဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည် များ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ရပ်ရွာလူထုနှင့် တွေ့ဆုံ ရာတွင် ဝန်ကြီးဌာနအနေဖြင့် မွေးစမှ သက်ကြီးရွယ်အိုအထိ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဖော်ဆောင် လျက်ရှိကြောင်း၊ ကလေးသူငယ်တိုင်း ကလေးသူငယ်အခွင့် အရေး(၄)ရပ်ဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက် ခွင့်၊ အစောင့်အရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်ရရှိ ရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကလေး တစ်ဦး၏ အရေးကြီးသော ပထမရက်တစ်ထောင်ကာလ ကြီးထွားဖွံ့ဖြိုးမှုအတွက် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှ မွေးဖွားလာမည့် ကလေးအသက်နှစ်နှစ်အရွယ်အထိ



ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်ကို ဖွံ့ဖြိုးမှုနည်းပါးသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင် စတင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကိုယ်ဝန်ရှိစမှ မွေးပြီး သုံးနှစ်အရွယ်အထိ ထိရောက် သော ပြုစုစောင့်ရှောက်ရေးသည် အလွန်အရေးကြီးပါ ကြောင်း၊ အသက်အရွယ်အလိုက် နည်းလမ်းတကျ သင်ကြား ပေးဖို့လိုကြောင်း၊ ကလေးသူငယ်များနှင့်ပတ်သက်၍ ဌာနပိုင်မူကြိုများ၊ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းများ ကျယ်ပြန့်စွာ ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းလျက်ရှိသော်လည်း ဖွင့်လှစ်နိုင်မှုမှာ နည်းပါးနေသေးသဖြင့် မိခင်ဝိုင်းများ ဖွင့်လှစ်ပေးနိုင်ရေးအတွက် ယခုလိုလာရောက်ရခြင်း ဖြစ်ကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင် ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ရပ်ဖြစ်သည့် မိခင်ဝိုင်းများ ရေရှည်တည်တံ့စေရေး မိဘများ၊ ပြည်သူများက ဝိုင်းဝန်း ကြိုးပမ်းပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးအောင်ကျော်မိုးက မိခင်ဝိုင်းများဖွင့်လှစ်ရ ခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြော ကြားပြီး ရပ်ရွာလူထုကိုယ်စား ပျော်ဘွယ်မြို့နယ် မဲဆန္ဒ နယ်အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မိခင်ဝိုင်းများနှင့်စပ်လျဉ်းပြီး ရပ်ရွာ လူထုက သိရှိလိုသည်များ၊ ရပ်ရွာ၏ လိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးဦးစိုးအောင်က ဖြည့် ဆည်းဆောင်ရွက်ပေးနိုင်ရေး ပြန်လည်ရှင်းလင်းဆွေးနွေး သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျူတောဝ ကျေးရွာ ရွာဦးကျောင်းဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရပ်ရွာလူထုနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကလေးများအား စားစရာနှင့် ကစားစရာအရုပ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ တရုတ်နိုင်ငံအစိုးရက အမေရိကန်ဒေါ်လာ ငါးသိန်းပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းက ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်အား ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ လာရောက်တွေ့ဆုံသည်။




တွေ့ဆုံစဉ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲ ရေးသဘောတူစာချုပ်(NCA)တွင် လက်မှတ်ရေးထိုးပြီး သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့နှင့် အတူ ဆောင်ရွက်လျက်ရှိသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲ ရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဆင့်ဆင့်၏ လက်ရှိဆောင်ရွက်လျက်ရှိသော အခြေအနေများနှင့် NCA လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများ ပါဝင်လက်မှတ်ရေးထိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက် အားပေးထောက်ခံလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက တရုတ်-မြန်မာ ချစ်ကြည်ရေးကိုရှေးရှုလျက် ပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအား ပံ့ပိုးကူညီမှုအဖြစ် အမေရိကန်ဒေါ်လာ ငါးသိန်းကို အာရှ ရေးရာ အထူးကိုယ်စားလှယ်က ပေးအပ်လှူဒါန်းရာ JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

## အဆင့်(သင့်)သတ်မှတ်ထားသော ရောမင်းစပါး စံကွက်ရိတ်သိမ်း

**ကျောက်ဆည် ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ် ကျေးရွာ တောင်သူဦးကျော်ကျော် စိုက်ပျိုးထားသော ဇော်ဂျီဆည်ရေသောက် ကွင်းအမှတ်(၂၈၉)ဘန္ဓဲ့ကွင်း၊ ဦးပိုင်အမှတ်(၄၀/၄)၊ဧရိယာ ၂ ဒသမ ၅၅ ဧကရှိ(သင့်) အဆင့်သတ်မှတ်ထားသော ဧရာမင်းစပါးမျိုးကွဲကို ဒီဇင်ဘာ ၁၇ ရက်နံနက် ၁၀ နာရီက မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများက စံကွက်ရိတ်သိမ်းရာ စာရင်းအင်းဌာနခွဲ(ရုံးချုပ်)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ မန္တလေးဒုတိယတိုင်းဒေသကြီး ဦးစီးမှူးနှင့်ခရိုင်ဦးစီးမှူးတို့ လာရောက်ကြည့်ရှုပြီး စပါး ထွက်နှုန်းများ စစ်ဆေးခဲ့ကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကထွက်နှုန်း ၅၁ ဒသမ ၉၇ တင်းထွက်ရှိခဲ့ပြီး မြို့နယ်လယ်ယာမြေစီမံ ခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများ၏ စပါးထွက်နှုန်းများ တိကျစွာ သိရှိနိုင်ရေးအတွက် ရေမြေဒေသအလိုက် ကောင်း/သင့်/ ညံ့စံကွက်များသတ်မှတ်ပြီး ထွက်နှုန်းမှန်ကန်စေရေး စနစ်တကျ ရိတ်သိမ်းခြင်တွယ်ခြင်းများ ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**ကြေးမုံ**

# ပတ်ဝန်းကျင် ညစ်ညမ်းအောင် ပြုလုပ်ပါက လျော်ကြေးပေးရမည့်စနစ် တရုတ်နိုင်ငံ ကျင့်သုံးမည်

**ပေကျင်း ဒီဇင်ဘာ ၁၈**
တရုတ်နိုင်ငံ၌ ပတ်ဝန်းကျင် ညစ်ညမ်းမှု ဖြစ်ပေါ်အောင် ပြုလုပ်ပါက ပြုလုပ်သူအား လျော်ကြေးပေးလျော်စေခြင်း၊သို့မဟုတ် ပြန်လည်ပြုပြင်စေခြင်းတို့ရှိစေမည့် စနစ်တစ်ရပ်ကို ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ နိုင်ငံတစ်ဝန်း၌ ကျင့်သုံးစေရန် အစိုးရအဖွဲ့က အစီအစဉ်များ ရေးဆွဲလျက်ရှိကြောင်း ရိုက်တာသတင်းဌာနက ဒီဇင်ဘာ၁၈ရက်တွင် သတင်းထုတ်ပြန်သည်။

### အကောင်အထည်ဖော်

ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်ပေါ်စေသူအား အရေးယူမည့်စနစ်တစ်ရပ်ကို ပြည်နယ် ခုနစ်ပြည်နယ်၌ ရှေ့ပြေးအစီအစဉ် တစ်ရပ်အဖြစ် အကောင်အထည်ဖော်နေပြီဖြစ်သည်။

ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်ပေါ်စေသူအား အလျော်အစားပေးစေသည့် စနစ်တစ်ရပ်လာမည့် သုံးနှစ်တာ ကာလအတွင်း အခိုင်အမာ ပေါ်ထွန်းလာစေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအုပ်ချုပ်ရေးရုံးများနှင့် နိုင်ငံတော်ကောင်စီတို့က ထုတ်ပြန်သည့် အစီရင်ခံစာများကို ကိုးကား၍ သတင်းတွင် ဖော်ပြထားသည်။

တစ်သီးပုဂ္ဂလများ သို့မဟုတ် ကုမ္ပဏီများသည် ပတ်ဝန်းကျင် ပျက်စီးစေမှုအတွက် ပြန်လည်ပြင်ဆင်ပေးခြင်း သို့မဟုတ် ပြုပြင်နိုင်သည်ထက် ကျော်လွန်၍ ပျက်စီးမှုဖြစ်ပေါ်ပါက လျော်ကြေးငွေ ပေးဆောင်စေခြင်း ပြုလုပ်မည်ဆို၏။ **ရိုက်တာ**



## လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် အမေရိကန်နှင့် တောင်ကိုရီးယား ပြန်လည်ညှိနှိုင်းမည်

**ဆိုးလ် ဒီဇင်ဘာ ၁၈**
အမေရိကန် ပြည်ထောင်စုနှင့် ရရှိခဲ့သော ၂၀၁၂ ခုနှစ် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် (အက်ဖ်တီအေ)ကို ပြန်လည်ညှိနှိုင်းဆွေးနွေးနိုင်မည့် လုပ်ငန်းစဉ်တစ်ရပ်နှင့်ပတ်သက်၍ တောင်ကိုရီးယား ကုန်သွယ်ရေးဝန်ကြီးဌာနက ပါလီမန်သို့ တင်သွင်းလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်ကို ပြန်လည်ပြင်ဆင်ပြောင်းလဲခြင်းမရှိပါက ယင်းသဘောတူညီချက်မှ မိမိ၏ နိုင်ငံနုတ်ထွက်မည်ဟု အမေရိကန် သမ္မတဒေါ်နယ်ထရန့်က ယခုနှစ် အစောပိုင်းတွင် ခြိမ်းခြောက်ပြောဆိုခဲ့ပြီးနောက် သဘောတူညီချက်ပါ စည်းမျဉ်းများ ပြင်ဆင်ပြောင်းလဲနိုင်ရန် တောင်ကိုရီးယားနိုင်ငံက ဦးတည်ဆောင်ရွက်လျက်ရှိသည်။

တောင်ကိုရီးယားနှင့် အမေရိကန်တို့၏ လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်အတွက် ညှိနှိုင်းဆွေးနွေးမှုများ ပြန်လည် ပြုလုပ်နိုင်ရန် ဆွေးနွေးရေး လုပ်ငန်းစဉ်တစ်ရပ်ကို ပါလီမန်သို့ တင်ပြလိုက်ပြီဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

နှစ်နိုင်ငံ ကုန်သွယ်ရေးဆိုင်ရာ ပြန်လည်ညှိနှိုင်းမှုများ ပြုလုပ်သည့်နေ့ရက်အတိအကျကို ဆုံးဖြတ်ရခြင်း မရှိသေးပေ။ တောင်ကိုရီးယားနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့ကဲ့သို့သော အရေးကြီးသည့် လုပ်ငန်းများကို ကာကွယ်ရန် လိုလားကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။ **ရိုက်တာ**

## အိန္ဒိယလေတပ်၏ တိုက်လေယာဉ်များ၌ ဘရာမို့စ် ခရုဇ်ဒုံးကျည်များ တပ်ဆင်မည်

**နယူးဒေလီ ဒီဇင်ဘာ ၁၈**
အိန္ဒိယလေတပ်မှ ဆူခွိုင်းအမျိုးအစားတိုက်လေယာဉ်အစင်း ၄၀ တွင် အသံထက်မြန်သည့် ဘရာမို့စ် ခရုဇ်ဒုံးကျည်များ တပ်ဆင်မှုကို အိန္ဒိယစစ်ဘက်က စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း နိုင်ငံပိုင် အောလ်အင်ဒီးယားအသံလွှင့်ဌာန(အေအိုင်အာရ်)က ဒီဇင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။


ဆူခွိုင်းတိုက်လေယာဉ်အစင်းရေ ၄၀ ပါ လေယာဉ်အုပ်စု တစ်စုရှိ လေယာဉ်များတွင် ဘရာမို့စ် ခရုဇ်ဒုံးကျည်များ တပ်ဆင်နိုင်ရေးအတွက် လေယာဉ်ကိုယ်ထည်ပိုင်းဆိုင်ရာ မွမ်းမံပြင်ဆင်မှုများကို နိုင်ငံပိုင် ဟိန္ဒူစတန် လေကြောင်းအာကာသ လီမိတက်က လုပ်ဆောင်သွားမည်ဖြစ်သည်။

ဆူခွိုင်းလေယာဉ်များအား ဘရာမို့စ်ဒုံးကျည် ပေါင်းစပ်တပ်ဆင်ရေး လုပ်ငန်းစီမံချက်သည် ၂၀၂၀ ခုနှစ်အရောက်တွင် အပြည့်အဝ ပြီးစီးမည်ဖြစ်ပြီး အိန္ဒိယလေတပ်၏ စွမ်းပကားမြှင့်တင်နိုင်ရန် ရည်ရွယ်သည်။ လွန်ခဲ့သည့်လအတွင်းက အိန္ဒိယလေတပ်မှ ဂျက်တိုက်လေယာဉ်တစ်စင်းသည် ဘရာမို့စ် ခရုဇ်ဒုံးကျည်တစ်စင်းကို ပထမဆုံးအကြိမ် စမ်းသပ်ပစ်ခတ်ခဲ့သည်။ **ဆင်ဟွာ**

## စိန့်ပီတာစဘတ်မြို့၌ ဗုံးခွဲတိုက်ခိုက်မည့် အကြံအစည် အမေရိကန် ထောက်လှမ်းရေးအကူအညီဖြင့် ရုရှားဖြိုခွင်းနိုင်ခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၁၈**
ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ လူအသေအပျောက်များပြားစေနိုင်သည့် ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြီးတစ်ခု ဖြစ်ပေါ်လာဖွယ် ရှိမှုမှ တားဆီးကာကွယ်နိုင်ရန် အမေရိကန် ပြည်ထောင်စုက ယင်းနိုင်ငံသို့ ထောက်လှမ်းရေး သတင်းအချက်အလက်များကို ထောက်ပံ့ပေးခဲ့ကြောင်း၊ ရုရှားနှင့်အမေရိကန်တို့အကြား ဆက်ဆံရေး တင်းမာမှုရှိနေလင့်ကစား အများပြည်သူလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းမှာ ကြံ့တောင့်ကြံ့ခဲ ဖြစ်ရပ်တစ်ခုဟု ဆိုနိုင်ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

စိန့်ပီတာစဘတ်မြို့၌ ဖြစ်ပွားလာဖွယ်ရှိသော အကြမ်းဖက် တိုက်ခိုက်မှုမှ တားဆီးကာကွယ်နိုင်ရေးအတွက် အမေရိကန်က ရုရှားနိုင်ငံသို့ ထောက်လှမ်းရေးအရ ကြိုတင်သတင်းပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ သမ္မတ ဗလာဒီမာပူတင်က သမ္မတဒေါ်နယ်ထရန့်ထံ ဒီဇင်ဘာ ၁၇ ရက်တွင် တယ်လီဖုန်း ဆက်သွယ်ကာ ပြောကြားခဲ့သည်။



ရုရှားနိုင်ငံရှိ မြို့ကြီးတစ်မြို့ဖြစ်သော စိန့်ပီတာစဘတ်မြို့ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကြီးတစ်ကျောင်းနှင့် အခြားသောနေရာများတွင် စစ်သွေးကြွတို့က ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ ပြုလုပ်ရန် ကြံစည်ထားသည်ဆို၏။

စိန့်ပီတာစဘတ်မြို့၌ အကြမ်းဖက်သမားများက မည်သို့မည်ပုံ တိုက်ခိုက်ရန် ကြံစည်လျက်ရှိသည်ကို အိမ်ဖြူတော်က အသေးစိတ်ဖွင့်ဟ ပြောဆိုခြင်းမရှိပေ။

အမေရိကန် စီအိုင်အေ ထောက်လှမ်းရေး သတင်းအရ ရုရှားတရားဥပဒေစိုးမိုးရေးဌာနများက စစ်သွေးကြွများအဖြစ် သင်္ကာမကင်းဖြစ်ရသူများကို ဖမ်းဆီးနိုင်ခဲ့သည်။

ယူကရိန်းနှင့်ဆီးရီးယားနိုင်ငံတို့၌ ဖြစ်ပွားနေသော စစ်ပွဲများနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြားသဘောထားအမြင်များ ကွဲလွဲမှုနှင့်အတူ ဆက်ဆံရေး တင်းမာမှုများ ရှိနေသော်လည်း အမေရိကန်နှင့်ရုရှားအကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တစ်ရပ်ကို လူသိထင်ရှား ဖော်ပြနိုင်ခြင်း ဖြစ်ကြောင်း ရိုက်တာက ရေးသားသည်။ **ရိုက်တာ**

# တောင်အာဖရိကတွင် လစ်စတာရီးယားဆစ်ရောဂါ ကူးစက်ပြန့်ပွား၊ သေဆုံးသူ ၆၁ ဦးအထိ မြင့်တက်

**ကိပ်တောင်း ဒီဇင်ဘာ ၁၈**
တောင်အာဖရိကနိုင်ငံတွင် အိမ်မွေးနို့တိုက်သတ္တဝါနှင့် တောရိုင်းငှက်များမှ တစ်ဆင့် ကူးစက်ပြန့်ပွားသည့် လစ်စတာရီးဆစ် ဗက်တီးရီးယား ရောဂါတစ်မျိုးကြောင့် သေဆုံးသူဦးရေမှာ ၆၁ ဦးအထိ မြင့်တက်လာကြောင်း ကျန်းမာရေးဌာနတာဝန်ရှိသူများက ဒီဇင်ဘာ ၁၈ ရက်တွင် ပြောကြားကြသည်။

### သေဆုံး

မိုးခေါင်မှုဒဏ်ခံနေရသည့် ကိပ်ပြည်နယ်အနောက်ပိုင်းတွင် မကြာသေးမီက လစ်စတာရီးဆစ် ဗက်တီးရီးယားကူးစက်ရောဂါကြောင့် နောက်ထပ်လူငါးဦးသေဆုံးခဲ့ရကြောင်း အမျိုးသားကူးစက်ရောဂါ ဆိုင်ရာဌာန (အန်စီအိုင်ဒီ)က ပြောကြားသည်။

သေဆုံးသူများထဲတွင် အရွယ်ရောက်ပြီးသူ သုံးဦးနှင့် မွေးကင်းစကလေးငယ်နှစ်ဦး ပါဝင်ကြောင်း အဆိုပါဌာနက ပြောကြားသည်။

တောင်အာဖရိကနိုင်ငံတွင် အဆိုပါရောဂါကူးစက်မှုမှာ နှစ်စဉ် ၆၀ မှ ၈၀ အထိ ရှိကြောင်း ကျန်းမာရေး မှတ်တမ်းများအရ သိရသည်။

ယခုနှစ် နိုဝင်ဘာလအထိ ကိပ်ပြည်နယ်အနောက်ပိုင်းတစ်ခုတည်းမှာပင် ရောဂါပိုးကူးစက်ခံရသူ ၇၁ ဦးအထိ ရှိကြောင်း အမျိုးသားကူးစက် ရောဂါဆိုင်ရာဌာန(အင်န်စီအိုင်ဒီ)က ပြောကြားသည်။

မိုးခေါင်မှုဒဏ် အပြင်းအထန်ဖြစ်ပွားနေသည့် ကိပ်ပြည်နယ်အနောက်ပိုင်းတွင် အစားအစာမှတစ်ဆင့် သယ်ဆောင်နိုင်သော ယင်းရောဂါကို တိုက်ဖျက်လျက်ရှိသည်။

တောင်အာဖရိကနိုင်ငံရှိ အခြားပြည်နယ်ရှစ်ခုတွင်လည်း လစ်စတာရီးဆစ်ရောဂါ ကူးစက်ပြန့်ပွားလျက်ရှိသည်။ လစ်စတာရီးဆစ်ရောဂါသည် အန္တရာယ်ကြီးမားသော်လည်း ကုသကာကွယ်၍ ရနိုင်သော ရောဂါ အမျိုးအစား ဖြစ်သည်။ ယင်းရောဂါသည် လစ်စတာရီးယား မိုနိုဆိုင်တိုဂျင်းဟု အမည်ပေးထားသော ဗက်တီးရီးယားပိုးမှတစ်ဆင့် ကူးစက်နိုင်သည်။ ယင်းဗက်တီးရီးယားပိုးကို မြေဆီလွှာ၊ ရေ၊ ဟင်းသီးဟင်းရွက်များ၊ တိရစ္ဆာန်ထွက်ကုန်များနှင့် လတ်ဆတ်သော သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များတွင် တွေ့ရှိနိုင်သည်ဆို၏။

### လက္ခဏာများ

ယင်းရောဂါ၏လက္ခဏာများမှာ ဝမ်းလျှောခြင်း၊ ဖျားခြင်း၊ ကိုယ်ခန္ဓာအစိတ်အပိုင်းနာကျင်ခြင်း၊ အော့အန်ခြင်းနှင့် အားနည်းခြင်းတို့ဖြစ်သည်။ **ဆင်ဟွာ**



# မြန်မာစာအဖွဲ့ဝင်ဆရာကြီးများနှင့် ဘာသာစကားပညာရှင်ကြီးများ၏ ပညာဗဟုသုတအမွေ လက်ဆင့်ကမ်းမျှဝေခြင်းနှင့် မြန်မာစာမြှင့်တင်ရေး ညှိနှိုင်းဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၁၈**

မြန်မာစာအဖွဲ့ဝင် ဆရာကြီးများနှင့် ဘာသာစကားပညာရှင်ကြီးများ၏ တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံ ပညာဗဟုသုတ အမွေများကို လက်ဆင့်ကမ်း မျှဝေပေးရာတွင် ယူတတ်ရင်ရတယ်ဆိုသည့် စကားနှင့်အညီ ရအောင်ယူရန်နှင့် ရရှိသော ပညာဗဟုသုတအမွေများကို မိမိတပည့် အနာဂတ်မျိုးဆက်သစ် ကျောင်းသားလူငယ်များကို သင်ကြားရာတွင် ပြန်လည်အသုံးချသွားကြရန် ယနေ့ညနေ ၃ နာရီက တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသည့် "မြန်မာစာအဖွဲ့ဝင် ဆရာကြီးများနှင့် ဘာသာစကား ပညာရှင်ကြီးများ၏ ပညာဗဟုသုတအမွေ လက်ဆင့်ကမ်း မျှဝေခြင်းနှင့် မြန်မာစာ မြှင့်တင်ရေးညှိနှိုင်းဆွေးနွေးပွဲ" တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက မြန်မာစာ ဆရာ ဆရာမများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာစာပေနှင့် မြန်မာဘာသာစကား ခက်ခဲနက်နဲမှုများကို ရှင်းလင်းဖြေရှင်းပေးမည့် မြန်မာစာပညာရှင်ဆရာကြီးများ၏ အဆိုအမိန့်များကို လိုက်နာမှတ်သားပြီး ပညာအမွေရယူခြင်းဖြင့် စာပေနှင့်လူမျိုး၏ အကျိုးစီးပွားကိုဖော်ဆောင်ရန်၊ စာပေမြင့်မှ လူမျိုးတင့်မည်၊ စာပေပျောက်လျှင် လူမျိုးပျောက်မည် ဆိုသည့်စကားနှင့်အညီ နိုင်ငံချစ်စိတ်ဖြင့် နိုင်ငံတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားလူမျိုးများ ကမ္ဘာတည်သရွေ့ တည်ရှိနိုင်ရေးအတွက် မြန်မာစာပေနှင့် တိုင်းရင်းသားစာပေကို မြတ်နိုးစွာ ထိန်းသိမ်းမြှင့်တင်ကြစေလိုကြောင်း၊ Language Teaching and Language Testing ပညာရပ်သည်လည်း မြန်မာစာ၊ အင်္ဂလိပ်စာ အစရှိသည့် ဘာသာစကားသင် ဆရာ ဆရာမများ၏ သင်ကြားရေးနှင့် စစ်ဆေးအကဲဖြတ်ရေး အရည်အသွေးများကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည့်အတွက် အလေးအနက်ထား လေ့လာမှတ်သားပြီး လက်တွေ့သင်ကြားရေးနယ်ပယ်တွင် အသုံးချသွားကြရန် လိုအပ်ပါကြောင်း၊ စာနယ်ဇင်းနှင့် ရုပ်သံမီဒီယာများမှ တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့တတ်ကျွမ်းသည့် မြန်မာစာ အရည်အသွေးကို မြှင့်တင်လျက် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပေးကြစေလိုကြောင်း၊ မြန်မာစာအဖွဲ့အနေဖြင့် မြန်မာ-အင်္ဂလိပ်-မြန်မာအဘိဓာန်ကို ဝေါဟာရစုံလင်စွာဖြင့် ထုတ်ဝေရန် ပြုစုလျက်ရှိကြောင်းနှင့် ခေတ်ပေါ်ဝေါဟာရအဘိဓာန် ပြုစုလျက်ရှိကြောင်း သိရှိရသဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာဝေါဟာရ Lexical Database ကိုလည်း ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်က အခမ်းအနား တက်ရောက်သူစာရင်းနှင့် အခမ်းအနားအစီအစဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

အဆိုပါအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနရှိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ပညာရေးကောလိပ်များမှ မြန်မာစာပါမောက္ခ (ဌာနမှူး)၊ ဆရာ ဆရာမများ၊ သတင်းစာနှင့် စာနယ်ဇင်းမီဒီယာများ၊ ရုပ်မြင်သံကြားနှင့် FM ရေဒီယိုများမှ အယ်ဒီတာချုပ်များ၊ အယ်ဒီတာများ၊ မြန်မာနိုင်ငံ တိုင်းရင်းသား ဘာသာစကားဦးစီးဌာနမှ မြန်မာစာ စာတည်းမှူးချုပ်ဦးစီးသော စာပေဝန်ထမ်းများ၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင်ဆရာကြီး၊ ဆရာမကြီးများ၊ ဘာသာစကားပညာရှင်ဆရာကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားကို အပိုင်းသုံးပိုင်းခွဲ၍ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၉ ရက်နှင့် ၂၀ ရက် နံနက်ပိုင်းတွင် မြန်မာစာအဖွဲ့ဝင် ဆရာကြီးများ၏ ပညာဗဟုသုတအမွေ လက်ဆင့်ကမ်းမျှဝေခြင်း အစီအစဉ်အဖြစ် မြန်မာစာအဖွဲ့ဝင်များဖြစ်သည့် ဒေါက်တာမြင့်ကြည်၊ ဒေါက်တာထွန်းတင့်၊ ဒေါက်တာခင်အေးနှင့် ဒေါက်တာ အောင်မြင့်ဦးတို့က စကားဝိုင်းဆွေးနွေးပွဲကို "စာလုံးပေါင်းသတ်ပုံနှင့် အနက်အဓိပ္ပာယ်"၊ "မြန်မာစာသင်ကြားရေး"၊ "အပြောဘာသာစကား၊ အပြောစကားပြေ၊ အပြောသဒ္ဒါ" ခေါင်းစဉ်များဖြင့် ဆွေးနွေးသွားမည်ဖြစ်သည်။ မွန်းလွဲပိုင်းတွင် မြန်မာ-အင်္ဂလိပ်အဘိဓာန် တည်းဖြတ်ရေး ကော်မတီဥက္ကဋ္ဌ ဆရာကြီးဦးသိဟက Language Teaching and Language Testing ပညာရပ်ကို သင်ကြားဆွေးနွေးသွားမည် ဖြစ်သည်။ ဒီဇင်ဘာ ၂၁ ရက်တွင် မြန်မာစာအဖွဲ့ဝင်များနှင့် ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ မြန်မာစာပါမောက္ခ၊ ဌာနမှူး၊ ဆရာ ဆရာမများ၏ မြန်မာစာမြှင့်တင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်အရှေ့ပိုင်းခရိုင် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ

ပြာသိုလဆန်း ၁ ရက်နေ့တွင် ကျရောက်သော ကရင်တိုင်းရင်းသားတို့၏ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ကရင်ပြည်နယ်တွင်သာမက ကရင်လူမျိုးများနေထိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင်လည်း ကျင်းပကြရာ ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)ပဒိုစောတောထွန်းက "နှစ်သစ်မှာ အားလုံး တက်ညီလက်ညီနဲ့ ကိုယ့်လူမျိုးတွေ တိုးတက်ကြီးပွားဖို့၊ အောင်မြင်ဖို့ ကိုယ့်ဘိုးဘွားတွေ ချမှတ်ခဲ့တဲ့ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့တွေ၊ ထုံးစံတွေကို မမေ့မပျောက်အောင် ဆက်လက်ပြီး ထိန်းသိမ်းစောင့်ရှောက်နေထိုင်ကြဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပတာဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံအတွင်းသို့ ကရင်ဘိုးဘွားမိဘများ နောက်ဆုံးဝင်ရောက်အခြေချနေထိုင်ခဲ့သည့် ဘီစီ ၇၃၉ ခုနှစ်မှ စတင်ရေတွက်ကြည့်လျှင် ယခုဆိုလျှင် မြန်မာနိုင်ငံအတွင်းသို့ ကရင်လူမျိုးများ ရောက်ရှိအခြေချနေထိုင်လာသည်မှာ နှစ်ပေါင်း ၂၇၅၇ နှစ်ရှိခဲ့ပြီဖြစ်သည်။ ယနေ့ကျင်းပသည့် ကရင်နှစ်သစ်ကူးနေ့သည် အကြိမ်(၈၀)မြောက် ကျင်းပသော နှစ်သစ်ကူးနေ့ အခမ်းအနားဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ သိရသည်။

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်ကူးပွဲတော်ကို ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် မှီတင်းနေထိုင်ကြသည့် လူမျိုးအားလုံးသည် မိမိတို့၏ တိုင်းပြည်နှင့် လူမျိုးအလိုက် ယဉ်ကျေးမှု စရိုက်လက္ခဏာများနှင့်အညီ ကျင်းပသည့်နည်းတူ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တောင်ပေါ်မြေပြန့်မကျန် နေထိုင်လျက်ရှိသည့် ကရင်တိုင်းရင်းသားများသည်လည်း ကောက်သစ်စားပွဲ အထိမ်းအမှတ် နှစ်သစ်မင်္ဂလာနေ့မြတ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ ဦးစောချစ်မျိုးက "ကောက်သစ်ပေါ်တဲ့အချိန် ကရင်မိသားစုတွေ ပြန်ဆုံတာ၊ ပြန်ဆုံတဲ့အခါမှာ တစ်ယောက်နဲ့တစ်ယောက် အခက်အခဲတွေကို ဖြေရှင်းရင်းနဲ့ တစ်ယောက်နဲ့တစ်ယောက် ရိုင်းပင်းကူညီတယ်၊ နွေးနွေးထွေးထွေးနဲ့ ဆက်ဆံရေးကို တည်ဆောက်တာလေ၊ နှစ်သစ်ကူးပွဲက ကရင်တိုင်းရင်းသားတွေအတွက် အင်မတန်မှ အဓိပ္ပာယ်ရှိတဲ့ပွဲပါပဲ"ဟု ပြောသည်။

မြန်မာပြည်တွင် နှစ်ပေါင်း ၃၀၀၀ နီးပါး ကရင်လူမျိုးများသည် လူမျိုးတစ်မျိုးအနေဖြင့် ခိုင်မာစွာ ဆက်လက်ရပ်တည် ရှင်သန်နိုင်ခြင်းမှာ မိမိတို့ကိုယ်ပိုင်ပြောဆိုသည့် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများကို ခေတ်အဆက်ဆက် မပျောက်ပျက်ရအောင် အမျိုးကိုစောင့်ရှောက်သည့်စိတ်ဖြင့် အမြတ်တနိုး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားခြင်းကြောင့် ကရင်စကား၊ ကရင်စာပေ၊ ကရင်ယဉ်ကျေးမှု၊ အက၊ တေးသီချင်းများနှင့် ကရင်တူရိယာ၊ ကရင်ပြက္ခဒိန်တို့သည် တည်ရှိနေခြင်းပင်ဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။



ပဒို ဒေါက်တာ စောထွန်းအောင်မြင့်



နော်ပန်းသဥ္ဇာမျိုး



ဦးစောချစ်မျိုး



ပဒိုစောတောထွန်း

ရန်ကုန်တိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(နာယက) ပဒို ဒေါက်တာ စောထွန်းအောင်မြင့်က "လွန်ခဲ့သော နှစ်ပေါင်း ၈၀ က ကရင်ဘိုးဘွားများ၏ စည်းလုံးညီညွတ်စွာနဲ့ လုပ်ဆောင်ခဲ့တဲ့အတွက် ကရင်အမျိုးသားသီချင်း၊ ကရင်အမျိုးသားအလံတော်နဲ့ ကရင်အမျိုးသား နှစ်သစ်ကူးနေ့တွေကို တရားဝင်ကျင်းပခွင့် ရရှိလာခဲ့ခြင်းဖြစ်ပါတယ်၊ နှစ်သစ်ကူးမှာ ပြည်တွင်း၊ ပြည်ပမှာရှိတဲ့ ကရင်တွေရော အခြားတိုင်းရင်းသားတွေအားလုံးပါ လာမယ့်နှစ်မှာ လုပ်နိုင်၊ ကိုင်နိုင်၊ စားနိုင်၊ သောက်နိုင်ပါစေ၊ ဘေးအန္တရာယ်ကင်းရှင်းပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ပြောသည်။

ယနေ့ကျင်းပသည့် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်အခမ်းအနား၌ နံနက်ပိုင်းက ကရင်အမျိုးသား အလံတင်အခမ်းအနားနှင့် တိုင်းရင်းသားကျေးရွာအတွင်းရှိ ကရင်အိမ်တွင် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ပြုလုပ်ခဲ့ပြီး ပြည်ထောင်စုခန်းမတွင် ကျေးဇူးတော်ချီးမွမ်းခြင်း ပြုလုပ်ခဲ့ကြောင်း ရန်ကုန်အရှေ့ပိုင်းခရိုင် ကရင်နှစ်သစ်ကူး ပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကို မင်္ဂလာဖားစည်တီးခတ်ပြီး ကျွဲချို(ပဒိုး)မှုတ်ကာ ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော်အလံနှင့် ကရင်အလံတော်ကို အလေးပြုခြင်း၊ ကရင်အမျိုးသားတေးသီချင်းသီဆိုခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီဝင်၊ ရန်ကုန်တိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီနာယက ပဒို ဒေါက်တာ စောထွန်းအောင်မြင့်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းထံမှ ပေးပို့သည့် သဝဏ်လွှာကို ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပဒိုစောတောထွန်းက ဖတ်ကြားသည်။အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကရင်တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ ဒုံးယိမ်းအကအဖွဲ့များက ကပြဖျော်ဖြေကြပြီး နိုင်ငံကျော်တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ပြည်ထောင်စုခန်းမအတွင်းတွင် ကရင်ရိုးရာ အသုံးအဆောင်ပစ္စည်းများ၊ တူရိယာပစ္စည်းများ၊ သမိုင်းမှတ်တမ်းများကို ပြသထားလျက်ရှိရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

အခမ်းအနားသို့ တက်ရောက်လာသည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္ဇာမျိုးက "တစ်နှစ်ထက်တစ်နှစ် ပိုပြီး စည်ကားလာတယ်၊ အရင်မကျင်းပတဲ့ မြို့နယ်တွေတောင် ဒီနှစ်ကျင်းပတယ်၊ ပိုပြီးတော့ တိုင်းရင်းသားတွေ ပူးပေါင်းပါဝင်မှု ပိုများလာတယ်၊ ပိုပြီးစည်းလုံးလာတယ်၊ ဒါဟာ တကယ်ကို ကောင်းမွန်တဲ့ ရလဒ်ပါ၊ တခြားတိုင်းရင်းသားတွေလည်း နှစ်သစ်ကူးကို အတူပါဝင်ဆင်နွှဲကြတဲ့အခါကျတော့ တိုင်းရင်းသားတွေ တစ်ဦးနဲ့တစ်ဦး ပိုပြီးရင်းနှီးလာပြီး နားလည်မှုတွေ ပိုရလာမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားသည်။

**သတင်း-သီသီမင်း**

**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# လွှတ်တော်များ ဖွဲ့စည်းမှုနှင့် ဥပဒေပြုလုပ်ငန်းများ

## တည်ကြည်မောင်

ကမ္ဘာပေါ်တွင် အထင်ကရ ဒီမိုကရေစီလွှတ်တော်စနစ် (၂)ရပ်ရှိသည်။ အမေရိကန်ကွန်ဂရက်လွှတ်တော်စနစ်နှင့် ဗြိတိသျှပါလီမန်လွှတ်တော်စနစ်တို့ ဖြစ်ကြသည်။ လွှတ်တော်အားလုံး၏ အဓိကလုပ်ငန်းတာဝန်မှာ ဥပဒေပြုလုပ်ငန်းများဆောင်ရွက်ရန်ဖြစ်သော်လည်း လွှတ်တော်စနစ် တစ်ခုချင်းစီ၏ မတူညီသည့် သဘာဝများအပေါ်မူတည်ကာ ဥပဒေပြုလုပ်ငန်းစဉ်များနှင့် တာဝန်ခွဲဝေဆောင်ရွက်မှုပုံစံများ ကွဲပြားသည်ကို တွေ့ရှိရသည်။ မည်သို့ပင် ကွဲပြားခြားနားသည်ဖြစ်စေ ဥပဒေပြုရေးတာဝန်သည် လွှတ်တော်များ၏ တာဝန်သာဖြစ်သည့်အတွက် သူ့နည်း သူ့ဟန်နှင့် ယင်းတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နေကြသည်ကိုတွေ့ရှိရသည်။

အမေရိကန်နိုင်ငံရှိ ကွန်ဂရက်လွှတ်တော်စနစ်တွင် အခြေခံသဘောသဘာဝအရ လွှတ်တော်နှင့် အစိုးရအဖွဲ့သည် သီးခြားလွတ်လပ်သည့် အဖွဲ့များဖြစ်ကြပြီး လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းများအပေါ် အစိုးရအဖွဲ့က ဝင်ရောက်ပါဝင်နိုင်ခွင့်မရှိကြောင်း တွေ့ရှိရသည်။ လွှတ်တော်တွင် အနိုင်ရသည့်ပါတီနှင့် အစိုးရဖွဲ့နိုင်သည့် ပါတီမှာလည်း ထပ်တူကျသည့် အခြေအနေနည်းပါးသည်။ အမေရိကန်လွှတ်တော်များသည် ပင်မတာဝန်ဖြစ်သော ဥပဒေပြုရေးလုပ်ငန်းတွင် လွှတ်တော်သို့ တင်သွင်းမည့် ဥပဒေကြမ်းများရေးဆွဲရန်အတွက် အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည်။ ယင်းအဖွဲ့များကို ဥပဒေပြုအကြံပေးအဖွဲ့၊ အတိုင်ပင်ခံအဖွဲ့ (Legislative Counsel) ဟုခေါ်ပြီး လွှတ်တော်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဖွဲ့စည်းထားကြသည်။ အမေရိကန်ကွန်ဂရက်ရှိ အထက်လွှတ်တော်၊ အောက်လွှတ်တော်တို့နှင့်အတူ ပြည်နယ်လွှတ်တော်များတွင်ပါ Office of the Legislative Counsel ရုံးများ ထည့်သွင်းဖွဲ့စည်းထားသည်။ Legislative Counsel များက ဥပဒေကြမ်းများ ရေးဆွဲကြပြီး ယင်းဥပဒေကြမ်းများကို လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မတီများမှတစ်ဆင့် လွှတ်တော်သို့ တင်သွင်းကြခြင်းဖြစ်သည်။

ဗြိတိသျှပါလီမန်စနစ်ဖြစ်သော Westminster စနစ်ကျင့်သုံးသည့် လွှတ်တော်များတွင် အနိုင်ရပါတီသည် အစိုးရဖွဲ့ခွင့်ရသည့်ပါတီဖြစ်ပါသည်။ ယင်းပါတီ၏ အကြီးအကဲသည် ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခံရသကဲ့သို့ ဝန်ကြီးချုပ်ဦးဆောင်သည့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် လွှတ်တော်ထဲတွင်လည်း ပါဝင်နေသည်။ ထို့အပြင် အနိုင်ရပါတီမှ ဦးဆောင်ကာ လွှတ်တော်အတွင်း ဥပဒေပြုရေးကို ဆောင်ရွက်သကဲ့သို့ အနိုင်ရပါတီအကြီးအကဲဦးဆောင်သည့် အစိုးရအဖွဲ့က ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရပြီး ဆောင်ရွက်ချက်များကိုလည်း အစိုးရအဖွဲ့ တစ်ရပ်လုံးအနေဖြင့် (Collective Responsibility) လွှတ်တော်သို့ တာဝန်ခံရသည်။ ထို့ကြောင့် အစိုးရအဖွဲ့ကပင် ဦးဆောင်ကာ လွှတ်တော်အတွင်းသို့ ဥပဒေကြမ်းများ ရေးဆွဲတင်သွင်းသည့်စနစ်ကို အသုံးပြုဆောင်ရွက်သည်ကို တွေ့ရှိရသည်။

Westminster စနစ်ကျင့်သုံးသည့် နိုင်ငံများတွင်လည်း ဥပဒေကြမ်းများ ရေးဆွဲရန်အတွက် သီးခြားအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ထားလေ့ရှိပြီး ယင်းအဖွဲ့များကို များသောအားဖြင့် လွှတ်တော်၏ အစိတ်အပိုင်းအဖြစ် ဖွဲ့စည်းထားရှိခြင်းထက် အစိုးရအဖွဲ့၏ အစိတ်အပိုင်းအဖြစ် ဖွဲ့စည်းထားလေ့ရှိကြသည်။ သို့တိုင်အောင် အခြားသော အစိုးရဌာနများကဲ့သို့မဟုတ်ဘဲ သီးခြားလွတ်လပ်သည့် အဖွဲ့များအဖြစ် ထားရှိကြသည်ကို တွေ့ရှိရသည်။ ယင်းအဖွဲ့များအား လွှတ်တော်ဆိုင်ရာ အကြံပေးအဖွဲ့၊ လွှတ်တော်ဆိုင်ရာအတိုင်ပင်ခံအဖွဲ့ (Parliamentary Counsel) ဟုခေါ်သည်။ လွှတ်တော်အကြံပေးအဖွဲ့၊ အတိုင်ပင်ခံအဖွဲ့၏ရုံးကို Office of Parliamentary Counsel ဟု ခေါ်ဆိုကြပြီး ဥပဒေကြမ်းရေးဆွဲရေးလုပ်ငန်းများနှင့် ဥပဒေ၏ ဆင့်ပွားဖြစ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်း စသည်တို့အား ရေးဆွဲခြင်း၊ စိစစ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသည်ကို ဗြိတိန်၊ ဩစတြေးလျနှင့် နယူးဇီလန် အစရှိသော Westminster စနစ်ကျင့်သုံးသည့် နိုင်ငံများတွင် တွေ့ရှိရသည်။ ဥပမာအားဖြင့် ဗြိတိသျှလွှတ်တော်၏ Office of Parliamentary Counsel အား ၁၈၆၉ ခုနှစ်မှစတင်ဖွဲ့စည်းထားရှိသည်။ ဗြိတိသျှလွှတ်တော်အပြင် စကော့တလန်လွှတ်တော်၊ မြောက်ပိုင်းအိုင်ယာလန်လွှတ်တော်၊ ဝေလလွှတ်တော်တို့တွင်လည်း သီးခြား Parliamentary Counsel Office များ ဖွဲ့စည်းထားကြသည်ကို လေ့လာတွေ့ရှိရသည်။

ဗြိတိသျှလွှတ်တော်၏ Parliamentary Counsel အား စတင်ဖွဲ့စည်းသည့်အချိန်မှအစပြု၍ ဌာနများစွာ၏ အစိတ်အပိုင်းအဖြစ် ပြောင်းလဲဖွဲ့စည်းလာခဲ့ပြီး လက်ရှိအချိန်တွင် ကက်ဘိနက်ရုံး၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဖွဲ့စည်းထားရှိသည်။ အဓိကဆောင်ရွက်သည့် လုပ်ငန်းတာဝန် (၄)ရပ်ရှိပြီး ၎င်းတို့မှာ -

- (က) လွှတ်တော်သို့ အစိုးရတင်သွင်းသည့် ဥပဒေကြမ်းအားလုံးကိုရေးဆွဲခြင်း၊
- (ခ) လွှတ်တော်၏ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ အစိုးရဌာနများအား အကြံပေးခြင်း၊
- (ဂ) ဥပဒေများ၏ ဆင့်ပွားဖြစ်သော နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာများအား စိစစ်သုံးသပ်ခြင်းနှင့်

> **❝ မြန်မာနိုင်ငံလွှတ်တော်နှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်၏ ဥပဒေပြုအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေ အပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ဤဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေ အပ်နှင်းသည်ဟု ပြဋ္ဌာန်းထားသည် ❞**

- (ဃ) ဥပဒေရေးရာကိစ္စရပ်များ၊ ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာကိစ္စရပ်များ (constitutional issues) နှင့်ပတ်သက်၍ အစိုးရအား ပံ့ပိုးကူညီပေးခြင်းတို့ဖြစ်သည်။

ယင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောင်မြင်စေရန်အတွက် အစိုးရဌာနများအတွင်းရှိ ဥပဒေရေးဆွဲရေးလုပ်ငန်းနှင့် ဆက်စပ်သူများအား သင်တန်းများပေးခြင်းနှင့် ဦးဆောင်မှုပေးခြင်း၊ အစိုးရဌာနများနှင့် အစိုးရဌာနပြင်ပရှိ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ တက္ကသိုလ်များ၊ တရားရေးဌာနများ၊ အခြားသောဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ လွှတ်တော်တွင် ဥပဒေများ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေပြုလုပ်ငန်းစဉ်တစ်လျှောက်လုံး အစိုးရအား ကူညီပေးခြင်းကိုလည်း ဆောင်ရွက်သည်။

ဩစတြေးလျနိုင်ငံတွင်လည်း ဗဟိုဖက်ဒရယ်အဆင့်ရှိ လွှတ်တော်တွင်သာမက ပြည်နယ်များ၊ ဒေသကြီးများရှိ လွှတ်တော်အားလုံးတွင် Parliamentary Counsel များ သီးခြားစီ ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိသည်ကို တွေ့ရှိရသည်။ ဩစတြေးလျလွှတ်တော်၏ Parliamentary Counsel အား Parliamentary Counsel Act ၁၉၇၀ အရ ဖွဲ့စည်း ထားခြင်းဖြစ်ပြီး ဥပဒေတွင် ပြဋ္ဌာန်းထားသည့် အဓိက လုပ်ငန်းတာဝန်များမှာ -

- (က) လွှတ်တော်တစ်ရပ်ရပ်သို့ စတင်တင်သွင်းရန် အဆိုပြုထားသည့် ဥပဒေကြမ်းများ ရေးဆွဲရန်၊
- (ခ) လွှတ်တော်တစ်ရပ်ရပ်မှ ပြင်ဆင်ရန် သုံးသပ်ဆောင်ရွက်နေသည့် ဥပဒေများ၏ ပြင်ဆင်ချက်မူကြမ်းများ ရေးဆွဲရန်နှင့်
- (ဂ) ပိုဒ်ခွဲ (က) နှင့် (ခ) တို့အရ ပေးအပ်ထားသည့် လုပ်ငန်းများနှင့် ဆက်စပ်သည့် လုပ်ငန်းများ ဆောင်ရွက်ရန်တို့ဖြစ်သည်။

အိန္ဒိယနိုင်ငံတွင်မူ Ministry of Law and Justice ဟုအမည်ရသည့် ဝန်ကြီးဌာနတစ်ခုရှိပြီး ယင်းဝန်ကြီးဌာနအောက်တွင် Legislative Department ဟူသော ဌာနတစ်ခုကို ဖွဲ့စည်းထားရှိသည်။ ၎င်းဌာနသည် လွှတ်တော်သို့ တင်သွင်းမည့် ဥပဒေကြမ်းများအားရေးဆွဲရန် တာဝန်ရှိသည့်ဌာနဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ အထက်ပါဝန်ကြီးဌာနမှ Law Commission ဟုခေါ်သည့် ဥပဒေရေးရာကော်မရှင်တစ်ခုကိုလည်း သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ဖွဲ့စည်းထားရှိပြီး တည်ဆဲဥပဒေများအား လေ့လာဆန်းစစ်သုံးသပ်ကာ ဥပဒေပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ပေးထားသည်ကိုလည်း တွေ့ရှိရသည်။

မြန်မာနိုင်ငံလွှတ်တော်နှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က)တွင် နိုင်ငံတော်၏ ဥပဒေပြုအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ဤဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းသည်ဟု ပြဋ္ဌာန်းထားသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၉၇၊ ပုဒ်မခွဲ(က)တွင် ပြည်ထောင်စုလွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ -

- (၁) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။
- (၂) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

ဆက်လက်၍ ပုဒ်မခွဲ(ခ)တွင် ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်ဟု ပြဋ္ဌာန်းထားသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၈ တွင် ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသည်ဟု ပြဋ္ဌာန်းထားသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြမထားသည့် ကိစ္စရပ်များအတွက် ဥပဒေပြုအာဏာ သို့မဟုတ် ကြွင်းကျန်ဥပဒေပြုအာဏာ (Reserved Power)အား ပြည်ထောင်စုလွှတ်တော်ကိုသာ အပ်နှင်းထားသည်ကို တွေ့ရှိနိုင်သည်။

သို့ဖြစ်၍ အထက်ဖော်ပြပါ ပုဒ်မများအရ ပြည်ထောင်စုလွှတ်တော်အနေဖြင့် ရရှိထားသည့် ဥပဒေအာဏာများအား ကိုယ်တိုင်ကျင့်သုံးဆောင်ရွက်နိုင်သကဲ့သို့ တစ်ဆင့်ခံ တာဝန်ပေးအပ်ဆောင်ရွက်နိုင်သည့် အခွင့်အာဏာရှိသည်။ ထို့အပြင် ဥပဒေများသာမက ယင်းဥပဒေများမှ ဆင့်ပွားပေါ်ပေါက်လာသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် မူလဥပဒေနှင့် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လည်းကောင်း ဆန့်ကျင်ခြင်းရှိ မရှိ စိစစ်ရန်နှင့် ဆန့်ကျင်ခြင်းမရှိစေရေးအတွက် ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်တွင် တာဝန်ရှိနေသည်။ ထိုသို့ တာဝန်ရှိသည်နှင့်အညီ ဆင့်ပွားဥပဒေများအား မူလဥပဒေ၊ အခြေခံဥပဒေတို့နှင့် ညီညွတ်ခြင်းရှိ၊ မရှိ စိစစ်ရန် ပြည်ထောင်စုလွှတ်တော်တွင် တာဝန်ရှိသည်ဟု မှတ်ယူနိုင်ပေသည်။

မြန်မာနိုင်ငံ၏ လွှတ်တော်စနစ်တွင်မူ အမေရိကန်နိုင်ငံကဲ့သို့ ဥပဒေပြုလုပ်ငန်းစဉ်များအား အစမှအဆုံးတိုင် လွှတ်တော်က ဆောင်ရွက်နိုင်သည့် အခြေအနေမရှိသကဲ့သို့ ဗြိတိသျှပါလီမန်စနစ်သုံး လွှတ်တော်များကဲ့သို့လည်း Parliamentary Counsel များ ဖွဲ့စည်းထားရှိနိုင်ခြင်းမရှိပေ။ ပထမအကြိမ် လွှတ်တော်သက်တမ်းကာလက ပြည်သူ့လွှတ်တော်၌ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို ဖွဲ့စည်းကာ လွှတ်တော်၏ ဥပဒေပြုလုပ်ငန်းများတွင် အထောက်အကူပြုနိုင်သည့်ကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသည်ဟု သုံးသပ်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ လွှတ်တော်များအနေဖြင့် အမေရိကန်လွှတ်တော်စနစ်နှင့် မတူညီသကဲ့သို့ ဗြိတိသျှလွှတ်တော်နှင့်လည်း အလုံးစုံ တူညီခြင်းမရှိဘဲ ကွဲပြားခြားနားသည့် ပုံစံတစ်ခုဖြစ်နေသည်။ ထို့အတူ အမေရိကန်လွှတ်တော်များကဲ့သို့ ဥပဒေပြုလုပ်ငန်းများအား လွှတ်တော်က ဦးဆောင်ကာ အစမှအဆုံးတိုင် ဆောင်ရွက်နိုင်ခြင်းမရှိသကဲ့သို့ ဗြိတိသျှပါလီမန်စနစ်ကဲ့သို့လည်း လွှတ်တော်ဆိုင်ရာ အကြံပေးအဖွဲ့၊ အတိုင်ပင်ခံအဖွဲ့များ ဖွဲ့စည်းကာ တာဝန်ပေးထားနိုင်ခြင်းလည်း မရှိပေ။ ထို့ကြောင့် လွှတ်တော်၏ ပင်မတာဝန်ဖြစ်သော ဥပဒေပြုရေးလုပ်ငန်းတာဝန်များ အောင်မြင်အဆင်ပြေစေရန်အတွက် ယခင်လွှတ်တော်သက်တမ်းကာလအတွင်းတွင် ပြည်သူ့လွှတ်တော်၌ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် အမျိုးသားလွှတ်တော်၌ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ကဲ့သို့သော အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည်ဟု သုံးသပ်ရသည်။ အလားတူ လက်ရှိလွှတ်တော်သက်တမ်းတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် သီးခြားစီကော်မရှင်များ ဖွဲ့စည်းခြင်းမပြုဘဲ "အထူးကော်မရှင်" ဟု လူသိများသည့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို ဖွဲ့စည်းကာ အထူးကိစ္စရပ်များနှင့်အတူ လွှတ်တော်၏ ဥပဒေပြုလုပ်ငန်းများတွင် သင့်လျော်သည့်ကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားခြင်းဖြစ်သည်ဟု လေ့လာသုံးသပ်ရပေသည်။ ။

---

## လျှောင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ် ၁၈ စက္ကန့်အချိန်တွင် မန္တလေးမြေလျှင်စခန်းမှ အနောက်တောင်ဘက် ၂၀၃ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (အမ်းမြို့၏ အနောက်မြောက်ဘက် ၃၇ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ သုည အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျှင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

ကြေးမုံ

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ပဋိပက္ခများကို ခွဲခြမ်းသုံးသပ်ခြင်းနှင့် ဖြေရှင်းခြင်းနည်းလမ်းများ

ဒေါက်တာခိုင်ခိုင်ဝင်း

**ပဋိပက္ခ ဆိုသည်မှာ**

ကမ္ဘာကြီး၏နေရာအများအပြားတွင် ယနေ့တိုင် ပဋိပက္ခများကို ပုံစံအမျိုးမျိုးဖြင့် တွေ့မြင်နေရပါသည်။ စာရေးဆရာကြီး ရို့စ်ဟောင်းဝက်ဒ်က ဖွင့်ဆိုထားခဲ့သည့် ပဋိပက္ခဆိုသည်မှာ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော သို့မဟုတ် အုပ်စုအဖွဲ့များအကြား မျှဝေခံစားဖို့ရာ မဖြစ်နိုင်ဟု ယုံကြည်ထားပြီး ၎င်းတို့ကိုယ်စီ နှစ်သက်ရာပန်းတိုင်ရယူဖို့ရာ ကြိုးပမ်းလျှောက်လှမ်းနေသည့် အခြေအနေတစ်ခုဟု ဆိုထားပါသည်။ ပဋိပက္ခသည် လူမှုအသိုင်းအဝိုင်း နယ်ပယ်အစုံတွင် ဖြစ်ပွားနိုင်ပါသည်။ သို့သော်လည်း ပဋိပက္ခတိုင်းသည် အကြမ်းဖက်မှုများတော့မဟုတ်ပါ။

**ဆက်နွှယ်မှုများနှင့် ပဋိပက္ခ**

ပြောင်းလဲမှုဖြစ်စဉ်နှင့် ပဋိပက္ခသည် ဆက်စပ်နေပါသည်။ တချို့လူများသည် ပြောင်းလဲမှုကို လက်ခံသော်လည်း တချို့လူများသည် ပြောင်းလဲမှုကို လက်မခံလိုလျှင် ပဋိပက္ခသည် ဖြစ်မြဲဖြစ်သည်။ လက်မခံ သဘောမတူလိုမှုဖြစ်စဉ်များကို စနစ်တကျစီမံခန့်ခွဲနိုင်မည်ဆိုလျှင်ဖြင့် ပြောင်းလဲမှုဖြစ်စဉ်သည် အပေါင်းလက္ခဏာသဘောဆောင်နေမည် ဖြစ်သော်လည်း ပြောင်းပြန်အားဖြင့် စီမံခန့်ခွဲမှုညံ့ဖျင်းမည်ဆိုပါက ပဋိပက္ခသည် အကြမ်းဖက်အသွင်သို့ ကူးပြောင်းသွားမည်ဖြစ်သည်။ ပဋိပက္ခဖြစ်တည်ရခြင်း၏ ဆက်နွှယ်မှုများကိုကြည့်မည်ဆိုလျှင် အရင်းအမြစ်ခွဲဝေသုံးစွဲမှု ညီမျှမှုမရှိခြင်း၊ မတူညီသည့် အုပ်စုအဖွဲ့များအကြား ကောင်းမွန်သောဆက်ဆံရေးမရှိခြင်းနှင့် နားလည်မှုလွဲမှားခြင်းများ၊ မဖြေရှင်းနိုင်သေးသည့် သမိုင်းနောက်ခံ မကျေနပ်မှုများ ဖြစ်တည်နေခြင်း၊ မှန်ကန်ညီမျှမှုမရှိသော အာဏာခွဲဝေခြင်းများ အစရှိသည်တို့သည် ပဋိပက္ခဖြစ်ပွားရခြင်းနှင့် ဆက်နွှယ်ပတ်သက်မှုများ ဖြစ်ပါသည်။

> **“ ပြောင်းလဲမှုဖြစ်စဉ်နှင့် ပဋိပက္ခသည် ဆက်စပ်နေပါသည်။ တချို့လူများသည် ပြောင်းလဲမှုကို လက်ခံသော်လည်း တချို့လူများသည် ပြောင်းလဲမှုကို လက်မခံလိုလျှင် ပဋိပက္ခသည် ဖြစ်မြဲဖြစ်သည်။ လက်မခံ သဘောမတူလိုမှုဖြစ်စဉ်များကို စနစ်တကျ စီမံခန့်ခွဲနိုင်မည်ဆိုလျှင်ဖြင့် ပြောင်းလဲမှုဖြစ်စဉ်သည် အပေါင်းလက္ခဏာသဘောဆောင်နေမည် ဖြစ်သော်လည်း ပြောင်းပြန်အားဖြင့် စီမံခန့်ခွဲမှု ညံ့ဖျင်းမည်ဆိုပါက ပဋိပက္ခသည် အကြမ်းဖက်အသွင်သို့ ကူးပြောင်းသွားမည် ဖြစ်သည် ”**

**ပဋိပက္ခနှင့် ယဉ်ကျေးမှုဆိုင်ရာအကြမ်းဖက်မှုများ**

ပဋိပက္ခများကြောင့် အကြမ်းဖက်မှုများဖြစ်ပွားခြင်းနှင့် အကြမ်းဖက်ခံရခြင်းများသည် မြင်သာလွယ်သော ကိစ္စများဖြစ်ပါသည်။ အကြမ်းဖက်မှုတွင်လည်း အမျိုးမျိုးရှိနိုင်ပါသည်။ ဥပမာဆိုရလျှင် ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှုဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာအကြမ်းဖက်မှုတွင် (၁) အမုန်းစကားပြောဆိုခြင်း၊ မတူညီသောအဖွဲ့များ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် အမုန်းစကားပြောဆိုခြင်းများ၊ (၂) သူစိမ်းတစ်ရံများအား ကြောက်ရွံ့ခြင်း၊ လူအများ သို့မဟုတ် နိုင်ငံတစ်နိုင်ငံသည် အခြားနိုင်ငံများမှ ဖန်တီးထားသည့် မှားယွင်းနားလည်မှုများအပေါ် ကြောက်ရွံ့မုန်းတီးခြင်း၊ (၃) စိတ်ကူးဒဏ္ဍာရီနှင့် ယုံတမ်းစကားများ၊ လူမှုအဖွဲ့အစည်းတစ်ခု၏ နှုတ်ပြောဒဏ္ဍာရီများနှင့် သမိုင်းဆိုင်ရာအမှွမ်းတင်ရေးသားထားချက်များသည် အခြားအဖွဲ့အစည်းတစ်ခုအတွက် မုန်းတီးမှုဖြစ်စေခြင်းများ၊ (၄) ဘာသာရေး၊ ဘာသာမတူသူ အခြားဘာသာဝင်များအပေါ် လွတ်လပ်ခွင့်မပေးခြင်းများ၊ (၅) ကျား/မရေးရာ ခွဲခြားမှုများ၊ လူမှုအသိုင်းအဝိုင်းအတွင်း လက်တွေ့ကျင့်သုံးမှုများနှင့် ဥပဒေရေးရာများသည် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံထားခြင်းများ အစရှိသည့်အချက်များသည် ယဉ်ကျေးမှုဆိုင်ရာအကြမ်းဖက်မှုများနှင့် ပဋိပက္ခများ၊ ဆက်နွှယ်မှုများ ဖြစ်ကြပါသည်။

**ပဋိပက္ခနှင့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အကြမ်းဖက်မှု**

လူမှုအဖွဲ့အစည်းအတွင်း သို့မဟုတ် အုပ်စုများအတွင်း ကျင့်သုံးလျက်ရှိသည့် ဥပဒေများ၊ ထုံးတမ်းစဉ်လာများသည် တစ်ခါတစ်ရံတွင် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အကြမ်းဖက်မှုအသွင် ရှိတတ်ပါသည်။ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အကြမ်းဖက်မှုများတွင် (၁) ပြဋ္ဌာန်းသတ်မှတ်ထားပြီးဖြစ်သည့် လူမျိုးရေးနှင့် လိင်အရခွဲခြားဆက်ဆံခြင်းများ၊ ဥပဒေနှင့် ထုံးတမ်းစဉ်လာများသည် လူမျိုးရေးနှင့် လိင်ကွဲပြားမှုအပေါ် ညီမျှမှုမရှိခြင်းများကို ပြသနေခြင်း၊ (၂) လွန်လွန်ကျူးကျူး အမြတ်ထုတ်ခြင်းများ၊ ယနေ့နိုင်ငံအများတွင် ဖျက်သိမ်းထားပြီးဖြစ်သည့် ကျွန်ပြုခြင်းများ၊ ငယ်ရွယ်သူများနှင့် အမျိုးသမီးများအပေါ် လွန်ကဲစွာအမြတ်ထုတ်ခြင်းများ ဥပမာ အတင်းအဓမ္မခိုင်းစေခြင်းများ၊ (၃) ဆင်းရဲမှု၊ ကမ္ဘာကြီးတွင် ပဋိပက္ခဖြစ်ပွားခြင်းနှင့် အကြမ်းဖက်မှုများဖြစ်ပွားခြင်းကို ဦးဆောင်နေသည့် ဆင်းရဲမွဲတေခြင်း၊ (၄) အဂတိလိုက်စားခြင်းနှင့် ဆွေမျိုးကောင်းစားရေးဝါဒ၊ အစိုးရ၏ဆုံးဖြတ်ချက်များသည် အဂတိလိုက်စားထားပြီး ဆုံးဖြတ်ချက်ချထားခြင်းများ သို့မဟုတ် ဆွေမျိုးတစ်စုကောင်းစားရေးတို့အတွက် ဦးတည်ချမှတ်ထားခြင်းမျိုးဖြစ်ခြင်း၊ (၅) ခွဲခြားသတ်မှတ်မှုများ ဥပဒေနှင့် ဆုံးဖြတ်သတ်မှတ်ခြင်းမျိုးတွင် ကာယကံရှင်များ၏ ဆန္ဒကို ကျော်လွန်၍ အတင်းအကျပ် ဆုံးဖြတ်သတ်မှတ်ခြင်းများ အစရှိသည့်အချက်များသည် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အကြမ်းဖက်မှုများနှင့် ပဋိပက္ခ ဆက်နွှယ်မှုများ ဖြစ်ကြပါသည်။

**ပဋိပက္ခဖြေရှင်းခြင်း နည်းလမ်းများ**

ပဋိပက္ခဖြေရှင်းခြင်းတွင် နည်းလမ်းတစ်ခုထက်မကရှိသည်ကို သိရှိဖို့ရာ အရေးကြီးပါသည်။ ပဋိပက္ခဖြေရှင်းခြင်းနည်းလမ်းများကို အုပ်စုနှစ်အုပ်စုအကြား လိမ္မော်သီးအကြောင်းပြု ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခကို ဥပမာပြု၍ စဉ်းစားဖြေရှင်းကြည့်ပါမည်။ အုပ်စုတစ်ခု၏နယ်မြေပေါ်တွင် လိမ္မော်ပင်ရှိပြီး အဆိုပါလိမ္မော်ပင်ရှိ အကိုင်းတစ်ကိုင်းမှ လိမ္မော်သီးသည် အခြားသောအုပ်စု၏ နယ်မြေပေါ်တွင် ရောက်ရှိနေသည်ဆိုပါစို့။ အဆိုပါပဋိပက္ခဖြေရှင်းရန် စဉ်းစားကြရာတွင် နည်းလမ်းလေးခုဖြင့် စဉ်းစားနိုင်ပါသည်။

**(၁) အုပ်စုတစ်ခုတည်းမှ အနိုင်ယူခြင်းနည်းလမ်း** - အုပ်စုနှစ်ခု အကြမ်းဖက်မှုများနှင့် တိုက်ခိုက်ကြ၍ အားသန်သူအဖွဲ့မှ အနိုင်ယူခြင်းနည်းလမ်း၊ အဆိုပါနည်းလမ်းတွင် ရှုံးနိမ့်သူဘက်မှ ကလဲ့စားချေ ရန်ပြုတိုက်ခိုက်ရန် ကြံစည်နေမည်ဖြစ်သည်။ တရားရေးအရ ဆောင်ရွက်ရာတွင်လည်း အဆုံးအဖြတ်ပေးသူသည် အဂတိလိုက်စား၍ တစ်ဖက်ဖက်သို့ အနိုင်ပေးခြင်း၊ စွန့်လွှတ်ဆုံးရှုံးသူမှ မကျေနပ်မှုများဖြင့် ကလဲ့စားချေရန်ပြုနိုင်ခြင်း၊ နစ်နာကြေးပေးခြင်း၊ တစ်ဖက်ဖက်မှ အနိုင်ရမည်မှန်သော်လည်း စရိတ်ကြီးမြင့်လွန်းခြင်းစသည်တို့သည် အုပ်စုတစ်ခုတည်းမှ အနိုင်ယူခြင်း နည်းလမ်းဖြင့်ဖြေရှင်းခြင်းဖြစ်သည်။

**(၂) လက်လွှတ်ခြင်းနည်းလမ်း** - တစ်ဖက်ဖက် သို့မဟုတ် နှစ်ဖက်လုံးမှ လက်လွှတ်ခံဆုံးရှုံးခြင်း၊ ထိုသို့ပြုလုပ်သော်လည်း ပြဿနာပဋိပက္ခသည် ပြေလည်သွားမည်မဟုတ်ဘဲ နှစ်ဖက်လုံးမှလည်း ကျေနပ်နိုင်မည်မဟုတ်ခြင်း၊ တစ်ဖက်ဖက်မှ အကြမ်းဖက်၍ လိမ္မော်သီးအားဖျက်ဆီးပစ်ခြင်း၊ ထိုသို့ပြုလုပ်သည့်အတွက် နှစ်ဖက်လုံးမှ လိမ္မော်သီးကိုဆုံးရှုံးရခြင်း၊ နှစ်ဖက်အုပ်စုသည် လိမ္မော်သီးကို မည်သို့မှမပြုလုပ်ဘဲ ဒီတိုင်းထားရှိခြင်း၊ သို့အတွက် တန်ဖိုးရှိလှသည့် လိမ္မော်သီးသည် ပုပ်သိုးဆွေးမြည့်၍ နှစ်ဖက်လုံးမှ နစ်နာရခြင်း စသည်တို့သည် လက်လွှတ်ခြင်းနည်းလမ်းဖြင့် ဖြေရှင်းခြင်း ဖြစ်သည်။

**(၃) ပေါင်းစပ်ခြင်းနည်းလမ်း** - လိမ္မော်သီးကို ခွဲခြမ်းဝေငှခြင်း၊ အညီအမျှမဟုတ်သည့်တိုင် အနည်းဆုံးတော့ နှစ်ဖက်လုံးသည် လိမ္မော်သီး၏အစိတ်အပိုင်းများကို ရရှိနိုင်မည်ဖြစ်သည်။ လိမ္မော်သီးမှ လိမ္မော်ရည်အဖြစ်သို့ ပြောင်းလဲခြင်း၊ မူလတန်ဖိုးပျောက်ပြီး အခြားတန်ဖိုးအဖြစ် ပြောင်းသွားမည်ဖြစ်သည်။ လိမ္မော်ရည်အား ခွဲခြမ်းဝေငှခြင်း၊ အညီအမျှမဟုတ်သည့်တိုင် အနည်းဆုံးတော့ နှစ်ဖက်လုံးသည် အကျိုးခံစားခွင့်အဖြစ် လိမ္မော်ရည်ကို ရရှိနိုင်မည်ဖြစ်သည်။

**(၄) ထူးကဲသာလွန်ခြင်းနည်းလမ်း** - လူအများအားဖိတ်ခေါ်၍ လိမ္မော်သီးပြဿနာအား အာရုံစိုက်လာအောင်ပြုလုပ်ခြင်းဖြင့် အုပ်စုတစ်ခုတည်းကသာ လိမ္မော်သီးနှင့်ပတ်သက်သည့် အခွင့်အရေးရှိသည်ဟု မပြောဆိုနိုင်တော့ခြင်းနှင့် အိမ်နီးချင်းမှလည်း လိမ္မော်သီးပြဿနာသည် အုပ်စုနှစ်အုပ်စု ပြဿနာမဟုတ် ၎င်းတို့နှင့်ပါ ပတ်သက်နေသည်ဟု နားလည်လာနိုင်ပြီး ပြဿနာကို အကြမ်းဖက်မှုများဖြင့် မဖြေရှင်းရန် ဆိုလာနိုင်ပါသည်။ အိမ်နီးချင်းအုပ်စုများသည် အခြားသောလိမ္မော်သီးကို ဝယ်ယူနိုင်ရန်နှင့် ပြဿနာကို ညီတူညီမျှ ဖြေရှင်းနိုင်ရန် တစ်စုံတစ်ဦးအား ငွေကြေး အကူအညီ တောင်းခံနိုင်ပါသည်။ နှစ်ဖက်အုပ်စုသည် အိမ်နီးချင်းများ၏ အားပေးဆောင်ရွက်မှုများကြောင့် လိမ္မော်သီးကိတ်မုန့်ဖုတ်ရန် သဘောတူကြပြီး ကိတ်မုန့်ကို ဈေးအတွင်း ရောင်းချပြီး ရရှိလာသောငွေကြေးများကို ညီတူညီမျှခွဲဝေနိုင်ပါသည်။ ထို့ပြင် နှစ်ဖက်အုပ်စုသည် မိမိနယ်မြေများအတွင်း လိမ္မော်ပင်များအား စိုက်ပျိုးပြီး ရရှိလာသော အကျိုးအမြတ်များဖြင့် ကြွယ်ဝချမ်းသာမှုဆီ သွားနိုင်မည်ဖြစ်သည်။

အထက်ဖော်ပြပါ နည်းလမ်းများသည် လိမ္မော်သီးဥပမာပြု ပဋိပက္ခဖြေရှင်းခြင်းနည်းလမ်းများဖြစ်သော်လည်း အဆိုပါနည်းလမ်းများအား ပဋိပက္ခများဖြေရှင်းတိုင်း မဖြစ်မနေသုံးရမည့်နည်းလမ်းများဟု မဆိုလိုပါ။ ပဋိပက္ခ၊ ပြဿနာများသည် အကြောင်းအရာအမျိုးမျိုး၊ သမိုင်းနောက်ခံအမျိုးမျိုးဖြင့် ဖြစ်ကြသည်ဖြစ်သောကြောင့် ဖြေရှင်းခြင်းနည်းလမ်းများသည်လည်း တူညီနိုင်မည်မဟုတ်ပါ။ သို့သော်လည်း အရေးကြီးသည်မှာ ပြဿနာကိုဖြေရှင်းရန် အဖြေရှာစဉ်တွင် အဖွဲ့အစည်းများ၏ အကြံဉာဏ်များအား ရယူသုံးသပ်သင့်ပြီး ပြဿနာကိုဖြေရှင်းရာတွင် နည်းလမ်းတစ်ခုမက စဉ်းစားရှာဖွေဖြေရှင်းသင့်ပါကြောင်းနှင့် နည်းလမ်းများစွာဖြင့် ပြဿနာကိုဖြေရှင်းရန် စဉ်းစားလေလေ အကြမ်းဖက်မှုများ လျော့နည်းလေလေ ဖြစ်သည်ဟု စဉ်းစားသုံးသပ်နိုင်ရန် ဖြစ်ပါသည်။

**သတိထားရမည့်အချက်များ**

အထူးသတိထားရမည့်အချက်မှာ ပဋိပက္ခနှင့် ပြဿနာများ လျော့နည်းအောင် ကြိုးပမ်းနေစဉ်ကာလအတွင်း လူမှုအဖွဲ့အစည်းအတွင်း၊ မတူညီကွဲပြားသောအုပ်စုများအတွင်း အမုန်းတရားပွားများစေမည့် အကြောင်းအရာများကို ရေးသားခြင်း၊ ပြောဆိုခြင်းများကို ရှောင်ရှားရန်ဖြစ်ပါသည်။ လူတစ်ဦးသည် မိမိမကြိုက်မနှစ်သက်သည်ကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိပါသည်။ သို့သော် မိမိ၏အပြုအမူ အပြောအဆို လှုပ်ရှားဆောင်ရွက်ချက်များသည် အကြမ်းဖက်မှုများဖြစ်ပွားစေနိုင်သည့် လှုံ့ဆော်မှုမဖြစ်စေရေး ဂရုပြုရန် ဖြစ်ပါသည်။

**နိဂုံးချုပ်**

ပြဿနာပဋိပက္ခဟူသည် နေရာတိုင်း အချိန်တိုင်းတွင် အကြောင်းအရာအစုံဖြင့် ဖြစ်ပွားနိုင်ပါသည်။ အရေးကြီးသည်မှာ ပဋိပက္ခမဖြစ်ပွားအောင် ကြိုတင်စီမံဆောင်ရွက်ခြင်း၊ ဖြစ်ပွားခဲ့ပါကလည်း အကြမ်းဖက်မှုများ မဖြစ်ပွားစေရေး ကြိုးစားစီမံဆောင်ရွက်ခြင်း၊ ဖြေရှင်းရန်နည်းလမ်းများကိုလည်း ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားသုံးသပ်ဖြေရှင်းဆောင်ရွက်ရန်နှင့် နည်းလမ်းများစွာဖြင့် သုံးသပ်အဖြေရှာဖို့ရာ အရေးကြီးပါကြောင်း စိတ်ရင်းအခြေခံ စေတနာမှန်ဖြင့် ရေးသားလိုက်ရပါသည်။ ။

---

# မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲ ထားဝယ်မြို့တွင် ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြည်သူကိုမျက်နှာမူသည့် အစီအစဉ်ကောင်းများ ထုတ်လုပ်ရာတွင် ဒေသအလိုက် ပြည်သူများ၏ အသံများ ရရှိရေး၊ သောတရှင်ပြည်သူများထံမှ ရင်းနှီးပွင့်လင်းသော ဝေဖန်အကြံပြုချက်များရရှိပြီး လိုအပ်သလိုပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ရေး၊ လေလှိုင်းပေါ်တွင် အသံဖြင့် ကျွမ်းဝင်ပြီးဖြစ်သော အစီအစဉ်တင်ဆက်သူများနှင့် သောတရှင်များ တိုက်ရိုက်တွေ့ဆုံရင်းနှီးခွင့်ရရှိခြင်းဖြင့် မြန်မာ့အသံအပေါ် ချစ်ခင်နွေးထွေးမှုနှင့် ယုံကြည်မှုပိုမိုရှင်သန်ခိုင်မာစေရေး၊ လူမှုကွန်ရက်နှင့် အခြားသတင်းရင်းမြစ်များမှ ရရှိလာသည့် သတင်းအချက်အလက်များ ဟုတ်/မဟုတ်၊ မှန်/မမှန် အတည်ပြုပေးနိုင်ရေးနှင့် မြန်မာ့အသံချစ်သူ အဖွဲ့ဝင်များအား မြန်မာ့အသံ၏ သောတရှင်များအဖြစ်မှ မြန်မာ့အသံ၏ သတင်းထောက်များအဖြစ်သို့ စည်းရုံးဖော်ဆောင်ရေးဟူသော ရည်ရွယ်ချက်များဖြင့် မြန်မာ့အသံချစ်သူများအဖွဲ့(Radio Fan Club)အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါအခမ်းအနားများတွင် မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းတင်ဗီဒီယိုပြသခြင်း၊ မြန်မာ့အသံ အစီအစဉ်တင်ဆက်သူများက မိတ်ဆက်ခြင်းနှင့် တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်းတို့ ပါဝင်မည်ဖြစ်ရာ ထားဝယ်ခရိုင်အတွင်းရှိ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များ အပါအဝင် အခြား နီးစပ်ရာဒေသများမှ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များလည်း အခမ်းအနားသို့ အခမဲ့ တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများအနေဖြင့် ဖုန်း- ၀၆၇-၇၉၂၁၅၊ ၀၉-၄၂၆၉၇၉၆၇ နှင့် ၀၉-၄၂၆၉၇၉၆၈ တို့သို့ဆက်သွယ်၍ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် နောက်ဆုံးထား၍ အခမဲ့ စာရင်းပေးသွင်းကြရမည်ဖြစ်သည်။ မြန်မာ့အသံချစ်သူအဖွဲ့သို့ ဝင်ရောက်လိုသည့် သောတရှင်များလည်း အဆိုပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ အဖွဲ့ဝင်သစ်အဖြစ် အခမဲ့ ဝင်ရောက်နိုင်ပြီး အခမ်းအနားတက်ရောက်ရန် စာရင်းပေးသွင်းနိုင်ကြသည်။

အခမ်းအနားတွင် Co-Sponsor အဖြစ် ပါဝင်ကူညီပံ့ပိုးလိုသည့် လုပ်ငန်းရှင်များအနေဖြင့် ဖုန်း- ၀၆၇-၇၉၃၇၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြသည်။

အလားတူ မြန်မာ့အသံချစ်သူများအဖွဲ့(Radio Fan Club)အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့တွင် ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။ **သတင်းစဉ်**





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်အမျိုးသား နှစ်သစ်ကူးနေ့အခမ်းအနားတွင် နှစ်သစ်ကူးမိန့်ခွန်း ပြောကြားစဉ်။

**ရွှေဖုံးမှ**

ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ KNU ကရင်အမျိုးသားအစည်းအရုံးမှ ကိုယ်စားလှယ်များ၊ ကရင်မျိုးနွယ်စုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကရင်ရိုးရာ ကောက်ပဲသီးနှံများစောင့်ရှောက်သော နတ်ငှက် (ဖိဘီးယော်) ပင့်ဖိတ်၍ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနား သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ဦးစောဗယ်လင်တိုင်း၊ ဦးစောတင်ဝင်း၊ ဦးစောထွန်းမြအောင်နှင့် မန်းထွန်းကြိုင်တို့က ဆောင်ရွက်ကြသည်။

## စည်းလုံးညီညွတ်ခြင်း

ယင်းနောက် အခမ်းအနား သဘာပတိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နှစ်သစ်ကူးမိန့်ခွန်းပြောကြားရာတွင် “ကမ္ဘာပေါ်မှာရှိတဲ့နိုင်ငံအသီးသီးမှာ မှီတင်းနေထိုင်ကြတဲ့ လူမျိုးများဟာ မိမိတို့ရဲ့နိုင်ငံ၊ လူမျိုး၊ ယဉ်ကျေးမှုများနှင့်အညီ နှစ်သစ်ကူးနေ့များကို ကျင်းပကြပါတယ်။ နှစ်သစ်ကူးနေ့ဆိုတာ နှစ်ဟောင်းတစ်နှစ်ကုန်ဆုံးပြီး နှစ်သစ်တစ်နှစ် အစပြုတဲ့နေ့ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ကရင်အမျိုးသားများအနေနဲ့ မျိုးနွယ်စုများစွာရှိပြီး ပြောဆိုသည့်စကား၊ အသုံးပြုသည့်စာပေ၊ ကိုးကွယ်သည့်ဘာသာ၊ နေထိုင်ရာဒေသများ ကွဲပြားကြသော်လည်း စိတ်ဝမ်းကွဲပြားခြင်းမရှိကြဘဲ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးဖြင့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို တစ်နိုင်ငံလုံးမှာ ကျင်းပခဲ့ကြတာ (၇၉)နှစ် ရှိခဲ့ပြီဖြစ်ပါတယ်။ ကျွန်တော်တို့ ကရင်အမျိုးသားများဟာ စိုက်ပျိုးရေးကိုအဓိကထား လုပ်ကိုင်ကြတဲ့လူမျိုးများဖြစ်လို့ မိမိတို့ရဲ့ စိုက်ပျိုးရေးလုပ်ငန်းမှ ကောက်ပဲသီးနှံများ ပေါ်ပေါက်ဖြစ်ထွန်းလာချိန်မှာ မိသားစုများ၊ ဆွေမျိုးသားချင်းများ ပြန်လည်ဆုံစည်းပြီး ကောက်သစ်စားပွဲများ ကျင်းပခဲ့ကြပါတယ်။ အဲဒီလိုကောက်သစ်စားပွဲများ ကျင်းပလေ့ရှိတဲ့ကာလကို ကရင်အမျိုးသားများရဲ့ နှစ်သစ်ကူးနေ့အဖြစ် သတ်မှတ်ခဲ့ကြပါတယ်။ ဒါကြောင့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ဟာ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းတဲ့ အထိမ်းအမှတ်ဖြစ်သလို စည်းလုံးညီညွတ်ခြင်းရဲ့ သင်္ကေတလည်းဖြစ်ပါတယ်။

## ကရင်အမျိုးသားနှစ်သစ်ကူးနေ့

ဒီကနေ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို နေပြည်တော်မှာ ကျင်းပခြင်းဟာ ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ပါတယ်။ နေပြည်တော်မှာ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ကျင်းပနိုင်ဖို့အတွက် ကရင်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး ကျင်းပရန်ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒီလိုကျင်းပနိုင်ဖို့အတွက် ကရင်အမျိုးသားလူငယ် လွှတ်တော်ကိုယ်စားလှယ်များက တက်တက်ကြွကြွဆောင်ရွက်ခဲ့ကြပြီး နေပြည်တော်ရှိ ကရင်အမျိုးသားဝန်ထမ်းများ၊ ပြည်သူလူထုများကို စည်းရုံးခေါ်ယူဆောင်ရွက်ခဲ့ကြပါတယ်။ ကရင်အမျိုးသားများ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်ခဲ့ကြတဲ့အတွက် အခုလို ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို ခမ်းနားစွာကျင်းပနိုင်ခြင်းဖြစ်ပါတယ်။ ဒီလိုကျင်းပနိုင်ဖို့အတွက် ကျွန်တော်တို့ ကရင်အမျိုးသားများသာမက PUMA ENERGY ASIA SUM COMPANY ကလည်း ငွေအားဖြင့် ကူညီပံ့ပိုးခဲ့ပါတယ်။ PUMA ENERGY ASIA SUM COMPANY ဥက္ကဋ္ဌ ရှမ်းအမျိုးသား ကိုဝင်းကျော်ကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒါကြောင့် အခု ကျွန်တော်တို့ကျင်းပတဲ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ဟာ တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုနဲ့ လူငယ်များရဲ့ ကြိုးစားအားထုတ်မှုကို ပေါ်လွင်ထင်ရှားစေပါတယ်။

## နိုင်ငံတော်အကျိုး

ကရင်အမျိုးသားနှစ်သစ်ကူးနေ့များ ကျင်းပနိုင်ခြင်းဟာ ကရင်အမျိုးသားများ ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနဲ့ ကြိုးစားဆောင်ရွက်ကြလို့ ကျင်းပနိုင်ခြင်းဖြစ်သလို ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို တရားဝင်သတ်မှတ်နိုင်ဖို့ ကျွန်တော်တို့ရဲ့ ကရင်အမျိုးသားခေါင်းဆောင်ကြီးများ ဖြစ်ကြတဲ့ ပါလီမန်လွှတ်တော်အမတ်များရဲ့ ညီညီညွတ်ညွတ် ကြိုးပမ်းအားထုတ်မှုကြောင့် သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း ၁ ရက်နေ့ဟာ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အဖြစ် သတ်မှတ်ခံရလို့ ဆောင်ရွက်နိုင်ခြင်းလည်း ဖြစ်ပါတယ်။ အဲဒီလို ကရင်အမျိုးသားနေ့ကို တရားဝင်သတ်မှတ်ပြီးတဲ့နောက် ပထမဆုံး ကရင်အမျိုးသားနှစ်သစ်ကူးမိန့်ခွန်းကို ကရင်သက္ကရာဇ် ၂၆၇၈ သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း ၁ ရက် (၁၉၃၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့) မှာ အသံလွှင့်ခဲ့ပါတယ်။ အဲဒီမိန့်ခွန်းထဲမှာ “ကျွန်ုပ်တို့သည် ကရင်တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို တည်ဆောက်ရင်း ညီညွတ်သော မြန်မာနိုင်ငံအဖြစ်သို့ ပါဝင်ဆောင်ရွက်ကြိုးပမ်းကြမည်။ ကျွန်ုပ်တို့ ကရင်အမျိုးသားခေါင်းဆောင်များအနေဖြင့် ကိုယ်ကျိုးမဖက်၊ မကြောက်မရွံ့ဘဲ လူမျိုးရေးနှင့် ဘာသာရေး အာဃာတအလျှင်းကင်းစင်သော စိတ်ထားဖြင့် တိုင်းပြည်နိုင်ငံတော်အကျိုးစီးပွားကို ဆောင်ရွက်ကြမည်”ဟု ပါရှိပါတယ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မိန့်ခွန်းပြောကြားစဉ်။

## ငြိမ်းချမ်းရေးရရှိရေး

ကျွန်တော်တို့ ဒီကနေ့ ကျင်းပနေတဲ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ တရားဝင် အသိအမှတ်ပြုသတ်မှတ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့ကြတဲ့ ကရင်အမျိုးသားခေါင်းဆောင်ကြီးများအနေနဲ့ အမြော်အမြင်ကြီးစွာဖြင့် စည်းလုံးညီညွတ်တဲ့ မြန်မာနိုင်ငံတော်ကြီးကို ကျွန်တော်တို့ ကရင်အမျိုးသားများ စည်းလုံးညီညွတ်မှုနဲ့ ပါဝင်တည်ဆောက်လိုတဲ့ဆန္ဒ၊ ကိုယ်ကျိုးမဖက်တဲ့စိတ်ထား၊ လူမျိုး၊ ဘာသာမခွဲခြားဘဲ အာဃာတ ကင်းစင်တဲ့စိတ်ဓာတ်တို့နဲ့ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုတဲ့ ဆန္ဒများရှိနေကြောင်းကို ဒီအသံလွှင့်မိန့်ခွန်းက အထင်အရှားဖော်ပြနေပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီနေ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို ကျင်းပခြင်းနှင့်အတူ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို တရားဝင်သတ်မှတ်နိုင်အောင် ဆောင်ရွက်ပေးခဲ့ကြတဲ့ ကရင်အမျိုးသားခေါင်းဆောင်ကြီးများကို ဂုဏ်ပြုတဲ့အနေနဲ့ သူတို့ရဲ့ အမြော်အမြင် ကြီးမားတဲ့ဆန္ဒကို ဖြည့်ဆည်းပေးကြရမှာ ဖြစ်ပါတယ်။ ဒီလို ဖြည့်ဆည်းပေးကြမှသာ ကျွန်တော်တို့ ကျင်းပနေတဲ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ဟာ ပိုမိုဂုဏ်မြောက်တင့်တယ်ဝင့်ကြွားလာမှာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ခေါင်းဆောင်ကြီးများ မျှော်မှန်းထားတဲ့ ဖွံ့ဖြိုးတိုးတက်ပြီး စည်းလုံးညီညွတ်တဲ့ မြန်မာနိုင်ငံတော်ကြီး ပေါ်ပေါက်ဖို့ဆိုရင် ငြိမ်းချမ်းရေးရရှိရေးဟာ မလွဲမသွေ လိုအပ်မှာဖြစ်ပါတယ်။ အခုအချိန်ဟာ ငြိမ်းချမ်းရေးရရှိဖို့အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံကို ဖော်ဆောင် ဆောင်ရွက်နေတဲ့ အချိန်ဖြစ်လို့ ကျွန်တော်တို့ ကရင်အမျိုးသားများအနေနဲ့လည်း ငြိမ်းချမ်းရေးရရှိအောင် တစ်ဖက်တစ်လမ်းက ဆောင်ရွက်ရင်း ကျွန်တော်တို့ ခေါင်းဆောင်ကြီးများရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးရမှာဖြစ်ပါတယ်။

အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံကို အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ ဖြစ်လာအောင် ကြိုးစားဆောင်ရွက်နေချိန်မှာ ဖိနှိပ်မှုအဖုံဖုံ စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် ဒီအချိန်မှာ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားများအားလုံးဟာ လူမျိုးစွဲ၊ ဘာသာစွဲ၊ ဂိုဏ်းဂဏစွဲမထားဘဲ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင်နဲ့ ဖိနှိပ်မှုများ၊ စိန်ခေါ်မှုများကို ပူးပေါင်းရင်ဆိုင်ဖြေရှင်းကြရမယ့် အချိန်ဖြစ်ပါတယ်၊ ဒါမှသာ ဖိနှိပ်စိန်ခေါ်မှုများကို တွန်းလှန်ဖြိုဖျက်နိုင်မှာဖြစ်လို့ ကျွန်တော်တို့ ကရင်အမျိုးသားများအနေနဲ့လည်း အမျိုးသားခေါင်းဆောင်ကြီးများရဲ့ ဆန္ဒအတိုင်း စည်းလုံးညီညွတ်စွာဖြင့် အခြားတိုင်းရင်းသားများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

## ဂုဏ်ပြုကျေးဇူးဆပ်

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ ဒီကနေ့ကျင်းပတဲ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ဟာ (၇၉)နှစ်မြောက်ရှိခဲ့ပြီး ရှေ့ဆက်လည်း ကျင်းပနေကြဦးမှာ ဖြစ်ပါတယ်။ အဲဒီလို ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ကျင်းပတိုင်းမှာလည်း ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဂုဏ်ထည်ဝင့်ကြွားစေဖို့၊ ကျက်သရေမင်္ဂလာနဲ့ပြည့်စုံစေဖို့အတွက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို တရားဝင်အသိအမှတ်ပြုရရှိရေး ဆောင်ရွက်ပေးခဲ့ကြတဲ့ အမျိုးသားခေါင်းဆောင်ကြီးများကို ဂုဏ်ပြုကျေးဇူးဆပ်တဲ့အနေနဲ့ အမျိုးသားခေါင်းဆောင်ကြီးများရဲ့ ဆန္ဒဖြစ်တဲ့ စည်းလုံးညီညွတ်တဲ့ မြန်မာနိုင်ငံတော်ကြီး ပေါ်ပေါက်လာအောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဆောက်ရွက်ပေးကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်”ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှစ်သစ်ကူးမိန့်ခွန်းပြောကြားရာတွင် “ဒီနေ့ကတော့ နှစ်ဟောင်းကုန်ပြီး နှစ်သစ်ကို ကောင်းကျိုးချမ်းသာ ကောင်းခြင်းမင်္ဂလာအပြည့်နဲ့ ပျော်ရွှင်ကြည်နူးစွာ ကျင်းပဆင်နွှဲကြတဲ့ ကရင်နှစ် ၂၇၅၇ ခုနှစ် ပြာသိုလဆန်း ၁ ရက်နေ့ ဖြစ်ပါတယ်။

## အစဉ်အမြဲအောင်မြင်

နှစ်သစ်ကူးကာလ ကောက်သစ်စားပွဲမှာ မိသားစုဝင်တွေ ပြန်လည်တွေ့ဆုံကြတယ်၊ နှစ်သစ်အတွက် ဆုမွန်ကောင်းတွေ တောင်းကြတယ်၊ စားကောင်းသောက်ဖွယ်တွေနဲ့ တည်ခင်းဧည့်ခံကြတယ်၊ ပြောရရင် ပေါင်းစည်းခြင်း၊ ပျော်ရွှင်ခြင်း၊ စည်းလုံးခြင်း၊ အနာဂတ်အတွက် ကောင်းမွန်စွာ မျှော်လင့်ခြင်းတွေနဲ့ ပြည့်စုံနေတဲ့ ကောက်သစ်စားပွဲ နှစ်သစ်ကူးအခါသမယဆိုရင်လည်း မမှားပါဘူး။

ဒီကနေ့ကာလမှာ ကျွန်မတို့ ပြည်ထောင်စုကြီးမှာ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားပြည်သူအားလုံးဟာ ခက်ခဲကြမ်းတမ်းတဲ့ နိုင်ငံရေး၊ စီးပွားရေး အစရှိတဲ့ စိန်ခေါ်မှုတွေကို လက်ချင်းတွဲပြီး ကျော်လွှားအောင်မြင်နိုင်ဖို့ ရင်ဆိုင်နေရတဲ့အချိန်ကာလလည်းဖြစ်ပါတယ်။ ဘယ်လိုအခက်အခဲ၊ ဘယ်လိုစိန်ခေါ်မှုမျိုးကိုမဆို ရင်ဆိုင်ကျော်လွှားရာမှာ ကျွန်မတို့ ပြည်သူတွေ၊ ကျွန်မတို့ တိုင်းရင်းသားတွေရဲ့ အင်အား၊ စည်းလုံးမှုတွေနဲ့ အစဉ်အမြဲအောင်မြင်ရမယ်လို့ ယုံကြည်ခံယူထားပါတယ်။

## ပြည်သူတွေဟာ ဝမ်းသာ

ကျွန်မတို့နိုင်ငံရဲ့ အတိတ်သမိုင်းကြောင်းတစ်လျှောက်လုံး ပြန်ကြည့်လိုက်ရင် ခက်ခဲကြမ်းတမ်းတဲ့ အချိန်တွေကို ကျွန်မတို့ နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားတွေရဲ့ စည်းလုံးညီညွတ်မှုနဲ့ ဖြတ်သန်းကျော်လွှားနိုင်ခဲ့တဲ့ သမိုင်းအစဉ်အလာကောင်းတွေ တွေ့နိုင်ပါတယ်။ ငြိမ်းချမ်းရေးခရီးလမ်းကို ဖြတ်သန်းလျှောက်လှမ်းကြရာမှာလည်း Karen Model (ကရင်မော်ဒယ်) ဆိုပြီးပြောစမှတ်တွင်ရအောင် လက်တွေ့ကျကျ ဦးဆောင်ပြခဲ့တာတွေလည်း အထင်အရှားပဲဖြစ်ပါတယ်။ အခုဆိုရင် ကရင်ပြည်နယ် ဒေါနတောင်တန်းမြေမှာ အောင်ပွဲခံတဲ့ ဖားစည်သံတွေ လွင့်ပျံ့နေခဲ့ပါပြီ။ သေနတ်သံတွေတိတ်ဆိတ်ပြီး ငြိမ်းချမ်းခြင်းရဲ့ မေတ္တာတေးသံတွေ၊ စာသင်ကျောင်းက စာအံသံတွေနဲ့ ခေါင်းလောင်းသံတွေ လွင့်ပျံ့လာခဲ့ပါပြီ။ ကရင်တိုင်းရင်းသားတွေနဲ့ ကရင်မြေမှာ ငြိမ်းချမ်းခြင်းရဲ့ အသီးအပွင့်တွေ တဖြည်းဖြည်းချင်း ဝေဆာလာခဲ့ပါပြီ။ တချို့ မငြိမ်းချမ်းသေးတဲ့ ဒေသတွေဆီက ပြည်သူတွေဟာ ဝမ်းသာအားရအားကျစွာနဲ့ ငေးမျှော်ကြည့်ခြင်းကို ခံယူနေရပါပြီ။

ကရင်ပြည်နယ်နဲ့ ကရင်တိုင်းရင်းသားတွေအတွက်သာမက ကမ္ဘာတစ်ဝန်းကို အကြောင်းအမျိုးမျိုးနဲ့ ရောက်ရှိနေကြတဲ့ **စာမျက်နှာ ၉ ကော်လံ ၁ သို့**

❒ စာမျက်နှာ ၈ မှ

ကရင်တိုင်းရင်းသားတွေအားလုံးအတွက် မျှော်လင့်ချက်တွေဟာလည်း ပိုမိုဝင်းလက် တောက်ပပြီးလှပလာခဲ့ပါပြီ။ ကရင်ပြည်နယ်ဟာ ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ သာယာလှပခြင်းတွေကိုသာမက ကြီးမားတဲ့ မျှော်လင့်ချက် အလင်းရောင်တွေကို ထွန်းလင်းတောက်ပနေခဲ့ပါပြီ။ အခုလိုနှစ်သစ်ကူး၊ အခွင့်အခါထူးတဲ့ အချိန်ကာလမျိုးမှာ အနာဂတ်မျိုးဆက်သစ်တွေအတွက် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာကောင်းလှတဲ့ အနာဂတ်တစ်ခုကို ပုံဖော်တည်ဆောက်နေတဲ့ ကရင်ပြည်နယ်အတွက် အထူးပဲဝမ်းမြောက်ဂုဏ်ယူမိကြောင်း ပြောကြားလိုပါတယ်။

### သားစဉ်မြေးဆက်

ကျွန်မတို့ ကရင်တိုင်းရင်းသားတွေဟာ ရိုးသားတယ်၊ သစ္စာရှိတယ်၊ ရှင်းရှင်းတွေးပြီး ပြတ်ပြတ်သားသား လုပ်ကိုင်တတ်ကြတဲ့ ရှေးကဘိုးဘေးဘီဘင်တွေရဲ့ လက်ဆင့်ကမ်းအမွေကို မပျောက်ပျက်အောင် ထိန်းသိမ်းလာခဲ့တာဟာလည်း ဒီကနေ့ဆိုရင် နှစ် ၂၇၅၇ နှစ် ပြည့်မြောက်ခဲ့ပါပြီ။ ဖြတ်သန်းလာခဲ့တဲ့ သမိုင်းကြောင်း၊ ဂုဏ်ယူဖွယ်ရာယဉ်ကျေးမှုအမွေအနှစ်၊ ကောင်းမွန်တဲ့ ဓလေ့ထုံးစံအစဉ်အလာတွေကို သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းဆောင်ရွက်နိုင်ဖို့ ကြိုးစားသွားကြမယ်ဆိုတာကို သံသယဖြစ်ဖွယ်ရာ မဟုတ်ပါဘူး။

### တွန်းအားတွေဖြစ်

ကရင်တိုင်းရင်းသားများ ကတဲ့အခါမှာ မြူးမြူးကြွကြွ၊ ကမ္ဘာမြေကြီးမှာ ဆွဲအားမရှိတော့သလို ပေါ့ပါးစွာလွင့်နေတဲ့ သဏ္ဌာန်ဆောင်ပါတယ်။ စိတ်ရဲ့ ရွှင်လန်းမှုကို ကိုယ်အမူအရာနဲ့ပြလိုက်တာပါပဲ။ သီဆိုတဲ့ သီချင်းတွေကလည်း ပျော်ရွှင်သံအတိနဲ့။ ကရင် တိုင်းရင်းသားတွေ သီဆိုကခုန်တာကြည့်ရတဲ့အခါမှာ ကျွန်မတို့ ပြည်ထောင်စုသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ပြည့်စုံဖို့ ကြိုးစားနိုင်မယ့် အင်အားတွေနဲ့ ပြည့်လာရပါတယ်။ ပြည်ထောင်စုသားအားလုံး စည်းစည်းလုံးလုံးနဲ့ ဖွံ့ဖြိုးသာယာတဲ့ တိုင်းပြည်ကြီးမှာ အေးချမ်းတည်ငြိမ်စွာ နေထိုင်နိုင်ကြဖို့အတွက် ဖွဲ၊ လုံ့လ၊ ဝီရိယနဲ့ တက်ကြွစွာ ဆောင်ရွက်နိုင်ဖို့ တွန်းအားတွေဖြစ်ရပါမယ်။

### ခိုင်ခိုင်မာမာလက်တွဲ

ယနေ့အချိန်အခါမှာ ကရင်တိုင်းရင်းသားတွေအနေနဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် သတ္တိရှိရှိ၊ ရဲရဲရင့်ရင့်နဲ့ ပူးပေါင်းပါဝင် လျှောက်လှမ်းနေတာကိုလည်း ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ တွေ့မြင်ကြရပါတယ်။ အဲဒီအတွက်လည်း ကရင်ခေါင်းဆောင်များ၊ ကရင်တိုင်းရင်းသားများ၊ ငြိမ်းချမ်းရေးအကျိုးဆောင်များအားလုံးကို ပြည်ထောင်စုကြီးရဲ့ကိုယ်စား ကျေးဇူးဥပကာရ အထူးပင်တင်ရှိပါကြောင်း ဒီကနေ့လို အခွင့်အခါသင့်ခိုက်မှာ လေးလေးနက်နက် ပြောကြားလိုပါတယ်။ ဆက်လက်ပြီးလည်း ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်တဲ့ခရီးလမ်းမှာ ကျွန်မတို့နဲ့အတူ ခိုင်ခိုင်မာမာလက်တွဲပြီး လျှောက်လှမ်းပေးကြဖို့လည်း အလေးအနက် တိုက်တွန်းပြောကြားလိုပါတယ်။

### ဆုတောင်းမေတ္တာ

နိဂုံးချုပ်အနေနဲ့ ဒီကနေ့ ကျရောက်တဲ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့က စပြီး ပြည်ထောင်စုငြိမ်းချမ်းရေးကို စံနမူနာကောင်းများဖြင့် ဆက်လက်ဖော်ဆောင်ပေးနိုင်ကြပါစေ၊ ကရင်တိုင်းရင်းသားတစ်မျိုးသားလုံး မေတ္တာတရား၊ ပေါင်းစည်းညီညွတ်မှုများနဲ့ ကရင်ပြည်နယ်ကြီး အရှိန်အဟုန်နဲ့ ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်ကြပါစေ၊ ကရင်တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံအမွေအနှစ်တွေ၊ မြတ်နိုးဂုဏ်ယူဖွယ်ရာ ဝိသေသလက္ခဏာတွေကို ဆက်လက်ပြီး ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေ။ တက်ရောက်လာကြသူအားလုံး ဘဝရဲ့ကောက်သစ်စားပွဲအားလုံးမှာ ဝဝလင်လင် ကောင်းကောင်းမွန်မွန် စားသုံးနိုင်ကြပါစေကြောင်း၊ ဘေးရန်အပေါင်းကင်းဝေးကြပါစေ၊ ပြည်ထောင်စုသားအားလုံး၊ ကရင်တိုင်းရင်းသားများရဲ့ ချစ်မြတ်နိုးဖွယ်ရာ အကများလို ပေါ့ပါးရွှင်လန်းတဲ့ နှလုံးသားပိုင်ရှင်များ ဖြစ်ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်။

အခုလို ပွဲတော်ကို ကြည့်နေတဲ့အခါမှာ ကျွန်မကို ကရင်တိုင်းရင်းသား တစ်ဦးတစ်ယောက်ကလာပြီးရှင်းပြပါတယ်။ နတ်ငှက်ပေါ့၊ နတ်ငှက်ကို ပသရတဲ့အကြောင်းက ကရင်တိုင်းရင်းသားများဟာ လယ်တွေဘာတွေစိုက်တဲ့ အခါ ငှက်များဟာစပါးသီးတွေကို လာစားတဲ့အခါကျတော့ အန္တရာယ်လည်း ဖြစ်တယ်၊ တစ်ဖက်ကလည်းအန္တရာယ်ဖြစ်တဲ့ခရုတွေကို စားပေးတဲ့အခါကျတော့ ကောင်းကျိုးလည်းပေးတယ်၊ ဒါကြောင့် နှစ်ဖက်နှစ်လမ်းစဉ်းစားရတယ်ဆိုပြီး တော့ပြောပါတယ်။ ငှက်ပျောသီးတွေကို သစ်ပင်တွေပေါ်မှာ ချိတ်ထားတာတို့ ငှက်တွေက စပါးစေ့တွေကိုစားဖို့ ငှက်ပျောသီးတွေကို စားဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့၊ အဲဒီတော့ကျွန်မစိတ်ထဲမှာဖြစ်မိပါတယ်၊ ဘယ်အရာမဆိုကောင်းတဲ့ဘက်နဲ့ ဆိုးတဲ့ဘက် ရှိပါတယ်။ ငှက်များဟာ ခရုတွေကိုစားလို့ အကျိုးပြုသလို စပါးစေ့တွေကိုစားတယ်ဆိုလို့ရှိရင် အကျိုးယုတ်စေပါတယ်။ ဒါပေမယ့် အကျိုးပြုတဲ့ဘက်က ပိုပြီးတော့ အားသန်ပြီး အကျိုးယုတ်တဲ့ဘက်က လျော့သွားအောင်လို့ နည်းအမျိုးမျိုးနဲ့ ကျွန်မတို့ရဲ့ဉာဏ်ပညာသုံးပြီး လုပ်နိုင်ပါတယ်ဆိုတဲ့ သင်ခန်းစာကို ပေးရာလည်း ရောက်ပါတယ်လို့ ကျွန်မစိတ်ထဲမှာ ဖြစ်ပေါ်ရပါတယ်၊ ဒါကြောင့်မို့ ဒီနှစ် ကရင်အမျိုးသားများရဲ့ နှစ်သစ်ကူးနေ့မှာဆိုလို့ရှိရင် သင်ယူစရာ မှတ်သားစရာတွေအများကြီးရှိပါတယ်လို့ ထပ်လောင်းပြောကြားလိုပါတယ်” ဟု ပြောကြားသည်။

### ကရင်ရိုးရာ ဒုံးအက

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် KNU ကရင်အမျိုးသားအစည်းအရုံးမှ ကိုယ်စားလှယ် ဗိုလ်မှူးကြီးကော်ကစာစောနေစိုးက KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး ပေးပို့သည့် သဝဏ်လွှာကိုဖတ်ကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအားကာမိုး(ခ)နော်ခရစ္စထွန်း က ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားဖြစ်ပေါ်လာပုံစာတမ်းကို ဗမာဘာသာဖြင့်လည်းကောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်ဆူဇန်နာလှလှစိုးက စကောကရင်ဘာသာဖြင့်လည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အထိမ်းအမှတ် ကရင်ရိုးရာ ဒုံးအကဖြင့် ကပြဖျော်ဖြေကြပြီး အခမ်းအနားကို ‘အောဟူ့အောဟောင်’ သီချင်းဖြင့် သီဆိုရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

---

✻ ကျောဖုံးမှ

အာဆီယံဒေသအတွင်း ရွှေ့ပြောင်းအလုပ်သမား အရေအတွက် ၆ ဒသမ ၅ သန်းရှိပြီး မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သည် ဒေသတွင်း အဓိကရွှေ့ပြောင်းသွားလာကြသည့် နေရာများဖြစ်ပါကြောင်း၊ ၁၉၉၅ ခုနှစ်မှ ၂၀၁၅ ခုနှစ် ကာလအတွင်း ဒေသတွင်း၌ ရွှေ့ပြောင်း သွားလာခြင်းသည် သိသိသာသာမြင့်မားလာပါကြောင်း၊ အထောက်အထားမဲ့ပြီး ကျွမ်းကျင်မှုနည်းပါးသော အာဆီယံ ရွှေ့ပြောင်းအလုပ်သမားများသည် စီးပွားရေးအခွင့်အလမ်းရှာရန်အတွက် ဆောက်လုပ်ရေး၊ စိုက်ပျိုးရေးနှင့် အိမ်တွင်းအထောက်အကူပြုလုပ်ငန်းများ၌ အများအပြားရွှေ့ပြောင်းသွားလာလုပ်ကိုင်နေသည်ဟု ကမ္ဘာ့ဘဏ်၏ ၂၀၁၇ ခုနှစ် အောက်တိုဘာလထုတ် အစီရင်ခံစာတွင် ဖော်ပြထားပါကြောင်း။

### အလုပ်သမားဈေးကွက်

ထို့ကြောင့် ရွှေ့ပြောင်းအလုပ်သမားများ၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရန် အဓိကလိုအပ်လျက်ရှိပါကြောင်း၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများသာမက ပုဂ္ဂလိကအခန်းကဏ္ဍနှင့် ပြည်သူလူထုကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အထူးအရေးကြီးပါကြောင်း။

အလုပ်သမားများ၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုနှင့်အတူ ၎င်းတို့၏ ကျွမ်းကျင်မှုအပေါ် ပြည်တွင်းသာမက ပြည်ပမှာပါ အသိအမှတ်ပြုအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ကျွမ်းကျင်မှုအသိအမှတ်ပြုရေးနှင့် စပ်လျဉ်းသည့် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ ပေါ်ထွက်လာရန် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ ဖွင့်လှစ်ထားသည့် သင်တန်းကျောင်းများမှ ကျွမ်းကျင်သင်တန်းသားများ မွေးထုတ်ပေးနေသည်ကို ယခုထက်ပိုမိုတိုးမြှင့် ဆောင်ရွက်ပေးသွားရန် လိုအပ်သည့်အပြင် ပြောင်းလဲဖြစ်ပေါ်နေသည့် အလုပ်သမားဈေးကွက်နှင့်အညီဖြစ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

### အလုပ်အကိုင်များ

သို့မှသာ မိမိတို့၏ အလုပ်သမားများသည် ဒေသတွင်းနိုင်ငံများအပါအဝင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားဈေးကွက်သို့ ထိုးဖောက်နိုင်မည်ဖြစ်ပြီး သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်များ ရရှိလာမည်ဖြစ်ပါကြောင်း၊ တစ်ပြိုင်နက်တည်းတွင် ရွှေ့ပြောင်းအလုပ်သမားများအား လူမှုအကာအကွယ်ပေးနိုင်ရန်လည်း ဆောင်ရွက်နေရမည် ဖြစ်ပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏အရေးကိစ္စကို ဦးစားပေး ထည့်သွင်းစဉ်းစားရန် အထူးလိုအပ်ပါကြောင်း၊ ရွှေ့ပြောင်းသွားလာရမှုကြောင့် အထိခိုက်ခံရဆုံးသူများသည် အမျိုးသမီးများနှင့် ကလေးများဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေရေးဆွဲရာတွင်လည်းကောင်း၊ စီမံချက်များ ဆောင်ရွက်ရာတွင်လည်းကောင်း ယခုအချက်ကို အလေးထားဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာပြည်သားများအရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

### နီးကပ်စွာ ပူးပေါင်း

ရွှေ့ပြောင်းအလုပ်သမားများနှင့်စပ်လျဉ်းပြီး ဒေသတွင်းနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ အပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၀၉ ခုနှစ်တွင် စတင်ရေးဆွဲခဲ့သည့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံ သဘောတူညီချက်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်းက ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အာဆီယံဒေသတွင်း ရွှေ့ပြောင်း အလုပ်သမားများ၏ ကိစ္စရပ်များကို အလေးထားပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် မူဘောင်တစ်ရပ် တည်ထောင်ရေး ရည်ရွယ်ပြီး အာဆီယံ သဘောတူညီချက်ကို အတည်ပြုခဲ့ခြင်း ဖြစ်ပါကြောင်း။

ဒေသတွင်း ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် လူမှုရေးကာကွယ်စောင့်ရှောက်မှု၊ တရားမျှတမှု၊ လူသားဆန်မှုနှင့် မျှတစွာဆက်ဆံမှုရရှိနိုင်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ရန်၊ မြန်မာနိုင်ငံ၏ ကတိကဝတ်များ ပိုမိုခိုင်မာအားကောင်းလာရန် ထင်ဟပ်စေသည့် လုပ်ဆောင်မှုဖြစ်ပါကြောင်း။

### ဘေးကင်းလုံခြုံ

ထို့အပြင် ဘေးကင်းလုံခြုံပြီး စနစ်ကျသည့် တရားဝင် ရွှေ့ပြောင်းသွားလာခြင်းနှင့်စပ်လျဉ်းသည့် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်ကို ၂၀၁၈ ခုနှစ်တွင် အတည်ပြုချမှတ်နိုင်ရန်အတွက်လည်း မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘေးကင်းလုံခြုံပြီး တရားဝင်ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းအတွက် အထောက်အပံ့ဖြစ်စေမည့်အကြောင်းအရာ အချက်အလက်များနှင့် အပြုသဘော အကြံပြုချက်များ ပေါ်ထွက်လာစေရန် သဘောတူညီချက်မှာ မြန်မာနိုင်ငံ၏ သဘောထားမှတ်ချက်များ ထည့်သွင်းနိုင်ရန်အတွက် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ပြီးခဲ့သည့် နိုဝင်ဘာလက ကျင်းပခဲ့ပါကြောင်း၊ အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများက ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပြီး ကောင်းမွန်သော အကြံပြုချက်များ ရရှိထားကာ သဘောတူညီချက် အတည်ပြုချမှတ်ရန် ဦးဆောင်ပါဝင် ဆွေးနွေးနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ယင်းအကြံပြုချက်များကို ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

### အားစိုက်ဆောင်ရွက်

ဖွံ့ဖြိုးဆဲနိုင်ငံ အများအပြားမှ ရွှေ့ပြောင်းအလုပ်သမားများ၏ မိသားစုလွှဲပို့ငွေသည် နိုင်ငံ၏ GDP အတွက် အရေးပါသော အရင်းအမြစ်များ ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိသားစုလွှဲပို့ငွေကို လုံခြုံစိတ်ချရသော လမ်းကြောင်းမှ လျင်မြန်ချောမွေ့စွာ လွှဲပြောင်းပေးပို့နိုင်ရန်အတွက် ယခုထက်ပိုပြီး အားစိုက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ရွှေ့ပြောင်းအလုပ်သမားများသည် မူရင်းနိုင်ငံနှင့် လက်ခံနိုင်ငံ နှစ်နိုင်ငံလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသူများ ဖြစ်သည့်အတွက် လုံခြုံစိတ်ချစွာ ရွှေ့ပြောင်းသွားလာရေး၊ ၎င်းတို့၏ အခွင့်အရေးများ အပြည့်အဝခံစားရရှိရေး၊ အကာအကွယ်ပေးရေးနှင့် ပြည့်စုံအောင်မြင်သည့် လူ့ဘောင်တစ်ရပ် တည်ဆောက်နိုင်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

### စနစ်တကျ စေလွှတ်

ထို့နောက် ရွှေ့ပြောင်းလုပ်သားများနှင့် ပတ်သက်သည့် လှုပ်ရှားဆောင်ရွက်နေမှု ဗီဒီယိုဖိုင်အား ပြသသည်။

ယင်းနောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဝန်ကြီးဌာနအနေဖြင့် ပြည်ပတွင် သွားရောက် အလုပ်လုပ်ကိုင်ပြီး ရရှိလာသည့် မြန်မာအလုပ်သမားများ၏ ကျွမ်းကျင်မှု၊ အတတ်ပညာနှင့် အတွေ့အကြုံများကို ထိထိရောက်ရောက် ပြန်လည်အသုံးချနိုင်ရန် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရည်မှန်းချက်များပြည့်မီရန် ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအရ အစိုးရ ပြည်ပ အလုပ်အကိုင် အေဂျင်စီတစ်ခု အပါအဝင် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီ ၂၆၁ ခုမှ တစ်ဆင့် ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အရှေ့အလယ်ပိုင်း နိုင်ငံအချို့နှင့် ပြည်ပနိုင်ငံများသို့ မြန်မာအလုပ်သမားများကို စနစ်တကျ စေလွှတ်ပေးလျက်ရှိပါကြောင်း။

### တရားဝင်လမ်းကြောင်း

ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေကို ခေတ်စနစ်နှင့် လိုက်လျောညီထွေပြီး အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီရန် ပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား အလုပ်သမားများခန့်ထားခြင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ထိုင်းနိုင်ငံအတွင်း တရားမဝင်ရောက်ရှိနေသည့် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်း အလုပ်သမားများကို တရားဝင်ဖြစ်ရန် မည်သူမည်ဝါ ဖြစ်ကြောင်း သက်သေခံလက်မှတ်၊ ယာယီနိုင်ငံကူးလက်မှတ်၊ သာမန်နိုင်ငံကူးလက်မှတ်နှင့် ပြည်ပအလုပ်အကိုင် သက်သေခံကတ်ပြားများ ထုတ်ပေးလျက်ရှိရာ ၂၀၀၉ ခုနှစ်မှ ၂၀၁၇ ခုနှစ် နိုဝင်ဘာလကုန်အထိ ၂ ဒသမ ၄ သန်းကျော်ကို ထုတ်ပေးပြီး ဖြစ်ပါကြောင်း။

နိုင်ငံများအကြား ရွှေ့ပြောင်းအလုပ်သမားများနှင့် စပ်လျဉ်းပြီး ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုပါကြောင်း၊ ရွှေ့ပြောင်းသွားရောက် လုပ်ကိုင်မှုကို ဥပဒေနှင့်အညီ တရားဝင်လမ်းကြောင်းမှ သွားရောက်ရန် လိုအပ်ပြီး အလုပ်အကိုင်အခြေအနေ၊ အလုပ်ရှင်၊ အလုပ်သမား သဘောတူညီချက်စာချုပ်များ၊

စာမျက်နှာ ၁၀ သို့ ○

## ပြည်တွင်းရေးရာ

○ စာမျက်နှာ ၉ မှ

သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ငန်းခွင် လိုအပ်ချက်များကို နားလည်သဘောပေါက်ရန် လိုအပ်ပါကြောင်း၊ ရွှေ့ပြောင်းသွားလာသူများသည် မိမိတို့ သွားရောက်မည့် နိုင်ငံအလိုက် လူမှုအသိုက်အဝန်းနှင့် လိုက်လျောညီထွေစွာ လုပ်ကိုင်ရန်လိုအပ်ပါကြောင်း။

**စွမ်းအားရှိသမျှ**

လုပ်သားဈေးကွက် ကွာဟချက်ရှိနေခြင်း၊ တရားဝင် လမ်းကြောင်းဖြင့် သွားလာမှုနည်းခြင်း၊ တရားမဝင် ဈေးကွက်အတွင်း အလုပ်လုပ်ကိုင်ခွင့်ပေးခြင်း စသည် တို့သည် ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာသူများ အတွက် မက်လုံးများဖြစ်စေပါကြောင်း၊ ထို့ကြောင့် ပုံမှန် မဟုတ်သည့် ရွှေ့ပြောင်းသွားလာခြင်းကို ပပျောက်စေရန် အလုပ်သမားစေလွှတ်သော နိုင်ငံနှင့် အလုပ်သမားလက်ခံ သည့် နိုင်ငံများသာမက နှစ်နိုင်ငံ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါ ကြောင်း၊ မိမိတို့အနေဖြင့် ၂၀၁၂ ခုနှစ်တွင် ချမှတ်ခဲ့သည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒနှင့်အညီ ရွှေ့ပြောင်း အလုပ်သမားရေးရာများကို စွမ်းအားရှိသမျှ ကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရွှေ့ပြောင်းသွားလာခြင်းမှ မိသားစု စားဝတ်နေရေး ပြေလည်စေခြင်း၊ လူနေမှုအဆင့်အတန်း မြင့်မားခြင်း၊ ကလေးများအား ပညာသင်ကြားပေးနိုင်ခြင်း စသည့် ကောင်းကျိုးများ ခံစားရရှိနိုင်သကဲ့သို့ တရားမျှတမှုမရှိသော၊ အန္တရာယ်များသော စသည့် မမျှော်မှန်းနိုင်သော ဆိုးကျိုး များ တွေ့ကြုံနိုင်သည်ကို သတိပြုရမည် ဖြစ်ပါကြောင်း။

**အောင်မြင်မည်**

ထို့ပြင် ရွှေ့ပြောင်းသွားလာသူ အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း နှင့် အလွဲသုံးစားပြုခြင်းတို့ ကြုံတွေ့နိုင်သည့်အတွက် ရွှေ့ပြောင်းအလုပ်သမားသည် လိုအပ်နေသော ကာကွယ် စောင့်ရှောက်မှုနှင့် စာနာမှုများကို သက်ဆိုင်ရာ နိုင်ငံများ ၏ အလုပ်သမားဥပဒေများနှင့်အညီ ခံစားနိုင်ရန် အစိုးရ တစ်ခုတည်းသာ ဆောင်ရွက်၍ မရနိုင်သည့်အတွက် Stakeholder၊ CSO များ အားလုံးပူးပေါင်းပါဝင်မှသာ အောင်မြင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ထောက်ပံ့ငွေပေးအပ်**

ဆက်လက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း၏ ညွှန်ကြားရေးမှူးချုပ်တို့ထံမှ ပေးပို့သည့် သဝဏ်လွှာများကို ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း၏ Chief of Mission ဖြစ်သူ Mr.Akio Nakayama က ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားအရေး၊ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး တို့တွင် ပူးပေါင်းပါဝင်ကူညီပေးသည့် ပညာရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေး ဖောင်ဒေးရှင်း၊ မြန်မာပြည်သားများအရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ ဘန်ကောက်အခြေစိုက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကွန်ရက်နှင့် ရွှေ့ပြောင်းအလုပ်သမား အခွင့်အရေးကွန်ရက်တို့မှ တာဝန်ရှိသူများထံ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ရွှေ့ပြောင်း အလုပ်သမားများ၏ ကလေးများအတွက် ပညာရေး ထောက်ပံ့ငွေများကို ပေးအပ်သည်။

**တိုးတက်များပြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနား သို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ခန်းမအတွင်း ခင်းကျင်း ပြသထားသည့် ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများနှင့် စာအုပ်စာစောင်များကို ကြည့်ရှုကြသည်။

လူ့သမိုင်းတစ်လျှောက် အခက်အခဲများ ကျော်လွှားနိုင် ရန်နှင့် ပိုမိုကောင်းမွန်သည့် ဘဝနေထိုင်မှု ရရှိရန် ရွှေ့ပြောင်းသွားလာခြင်းသည် လူသားတစ်ဦးချင်းစီ၏ စွန့်စားမှုတစ်ရပ်ဖြစ်လာပြီး လက်ရှိအချိန်တွင် ကမ္ဘာလုံး ဆိုင်ရာ ဖြစ်စဉ်များ၊ နိုင်ငံများအကြား ပိုမိုဆက်သွယ် ဆောင်ရွက်လာမှုများ၊ ပို့ဆောင်ဆက်သွယ်ရေး တိုးတက် လာမှုများ၊ လူသားများ၏ ပဋိပက္ခများ၊ ရာသီဥတု ပြောင်းလဲမှုများကြောင့် နေရာတစ်နေရာမှ အခြား တစ်နေရာသို့ ပြောင်းရွှေ့လိုသည့်၊ ပြောင်းရွှေ့နိုင်စွမ်းရှိ သည့် လူဦးရေသည် တိုးတက်များပြားလျက်ရှိသည်။

**သတ်မှတ်ခဲ့**

ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအလုပ် သမားနှင့်ပတ်သက်၍ ၂၀၀၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် (၅၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက ဒီဇင်ဘာလ ၁၈ ရက်နေ့ကို **နိုင်ငံတကာ ရွှေ့ပြောင်း သွားလာသူများနေ့**အဖြစ် သတ်မှတ်ခဲ့ပြီး နိုင်ငံအလိုက် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အထိမ်း အမှတ်အခမ်းအနားများကို ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အနေဖြင့် နိုင်ငံတကာရွှေ့ပြောင်းသွားလာသူများနေ့ အခမ်းအနားကို ကျင်းပခဲ့သည်မှာ ယခုနှစ်သည် ဆဋ္ဌမ အကြိမ်မြောက်ဖြစ်သည်။

**သတင်းစဉ်**

# အိန္ဒိယနိုင်ငံရှိ အပူစွမ်းအင်သုံးစက်ရုံ၊ Coal Offloading Terminal၊ Container Terminal နှင့် HVDC Substation တို့သို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့ဝင်များ သွားရောက်လေ့လာ



**နေပြည်တော် ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့် နိုင်ရေး ဆွေးနွေးမှုများ ပြုလုပ်ရန်နှင့် အိန္ဒိယနိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ လုပ်ငန်းများကို လေ့လာရန်အတွက် အိန္ဒိယနိုင်ငံ Petroleum and Natural Gas ဝန်ကြီး၏ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံတွင် ရောက်ရှိနေသော ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့သည် အိန္ဒိယ နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်သောင်းနှင့်အတူ ယနေ့နံနက်ပိုင်းက အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်ရှိ Adani Power Limited မှ Operator အဖြစ် ဆောင်ရွက်နေသော ၄၆၂၀ မဂ္ဂါဝပ် တပ်ဆင်အင်အားရှိ အပူစွမ်းအင်သုံး Mundra Power Plant သို့ ရောက်ရှိသည်။ စက်ရုံတွင် တာဝန်ရှိသူများက စက်ရုံလည်ပတ်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း လှည့်လည်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှု များ၊ Control Room နှင့် သင်တန်းခန်းမတို့ကို လေ့လာခဲ့ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် AP and SEZ မှ Operator အဖြစ် ဆောင်ရွက်နေသော Coal Offloading Terminal သို့ လည်းကောင်း၊ Container Terminal သို့လည်းကောင်း သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဥတ္တရပရာဒေ့ရှ်ပြည်နယ်ရှိ Power Grid Corporation မှ Operator အဖြစ် ဆောင်ရွက်နေသော Agra HVDC Substation သို့ သွားရောက်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များ ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၁၈**

၂၇၅၇ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူး ပွဲတော် ကျင်းပရေးဗဟိုကော်မတီ (မဟာ ရန်ကုန်)က ကြီးမှူးကျင်းပသည့် ကရင် အမျိုးသား နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဒုတိယနေ့ ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ အင်းစိန် မြို့နယ်ရှိ အင်းစိန် မီးရထားဝင်း ဘောလုံးကွင်း ၌ ကျင်းပရာ ဝါသနာရှင်ပရိသတ်များ တစ်ခဲနက်အားပေးကြသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲတွင် ကြားပွဲစဉ် ကိုးပွဲအပြင် အထူးပွဲ တစ်ပွဲ၊ အထူးစိန်ခေါ်ပွဲ တစ်ပွဲနှင့် အထူးစိန်ခေါ်ပွဲကြီးတစ်ပွဲတို့ ပါဝင် သည်။ ကြားပွဲစဉ် ကိုးပွဲတွင် ဝါသနာရှင် မျိုးဆက်သစ် လူငယ်လေးများ၏ ရေကုန် ရေခန်း လက်ရည်သွေး ယှဉ်ပြိုင်ထိုးသတ်မှု များကြောင့် သတ်မှတ်အချီ မပြည့်မီမှာပင် အနိုင်အရှုံးပြတ်သားစွာ ထွက်ပေါ်ခဲ့သဖြင့် ပရိသတ်များ ကျေနပ်အားရစေခဲ့သည်။

ထို့အပြင် အထူးပွဲအဖြစ် ဇော်ဇော်အောင် (ဇာတိမာန်)နှင့် စောဖွဲ့အောင်(ထော့မဲပါ)တို့ ပွဲစဉ်တွင် စောဖွဲ့အောင်(ထော့မဲပါ)က အလဲ ထိုးဖြင့် အနိုင်ရရှိခဲ့ပြီး သုံးချီ အထူးစိန်ခေါ် ပွဲအဖြစ် ရိုးရာလက်ဝှေ့ ဝါသနာရှင်တစ်ဦး ဖြစ်သူ ယူကရိန်းနိုင်ငံသား ရှောင်(ခ) စောတင်းပုပ်(သတ္တိ)နှင့် ဇော်ဇော်(STL) တို့ ပွဲစဉ်တွင် နှစ်ဦးလုံးက အတွေ့အကြုံ၊ သမ္မာ နှင့် ဝါအရ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အနိုင်/အရှုံး မထွက်ပေါ်ဘဲ ပူးတွဲသရေ ရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ငါးချီ အထူးစိန်ခေါ်ပွဲကြီးအဖြစ် စောအယ်လေး(ထော့မဲပါ)နှင့် ထွန်းနိုင်ဦး (STL) တို့ ယှဉ်ပြိုင်ကြရာတွင် နှစ်ဦးစလုံးက အားပါသော လက်သီးများနှင့် ခြေကန်ချက် များကို ပညာသားပါပါဖြင့် အသုံးပြု ယှဉ်ပြိုင် ခဲ့ကြရာ တတိယအချီ၌ စောအယ်လေး (ထော့မဲပါ)၏ ဘယ်ဘက်ခြေထောက်တွင် ဒဏ်ရာရရှိသွားပြီး ဆက်လက်မထိုးနိုင်တော့ သဖြင့် ထွန်းနိုင်ဦး(STL)က အနိုင်ရရှိခဲ့သည်။

ယနေ့ လက်ဝှေ့ပွဲနှင့် ပတ်သက်၍ လာရောက် ကြည့်ရှုသူ မရမ်းကုန်းမြို့နယ်မှ ဝါသနာရှင် ကိုဇော်မင်းက“ဒီမှာ လုပ်တဲ့ကရင် နှစ်သစ်ကူး လက်ဝှေ့ပွဲကို နှစ်တိုင်းလာကြည့် ဖြစ်ပါတယ်၊ ယှဉ်ပြိုင်သွားတဲ့ ပွဲစဉ် တော်တော်များများ ကောင်းပါတယ်၊ အထူး စိန်ခေါ်ပွဲကြီးမှာ ထိုးသွားတဲ့နှစ်ယောက်က အတွေ့အကြုံရှိသူတွေပါ၊ ပြည်ပမှာ သွားရောက်ယှဉ်ပြိုင်ဖူးတဲ့ အတွေ့အကြုံရှိတဲ့ သူတွေ ဖြစ်တာကြောင့် သူတို့ပွဲစဉ်ကိုတော့ အကြိုက်ဆုံးပါပဲ”ဟု ပြောသည်။

အလားတူ ၂၇၅၇ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ကျင်းပရေး ဗဟိုကော်မတီ (မဟာရန်ကုန်) ဒုတိယဥက္ကဋ္ဌ မန်းသန်းဝင်းဦး က “နှစ်သစ်ကူးပွဲတော်မှာ ရိုးရာလက်ဝှေ့ကို ထည့်သွင်းကျင်းပခဲ့တာ ၁၅ နှစ်လောက်ရှိပါပြီ၊ မျိုးဆက်သစ် ရိုးရာလက်ဝှေ့သမားတွေကို ပြုစုပျိုးထောင်ပေးပြီးတော့ ဒီပွဲတွေကနေ တစ်ဆင့် နိုင်ငံတော်အဆင့်ကို ရောက်ရှိအောင် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်နေတာပါ၊ ဒီပွဲတွေကနေတစ်ဆင့် ပထမတန်းကို ရောက်ရှိ သွားတဲ့ လက်ဝှေ့သမားတွေလည်း လက်ရှိမှာ ရှိပါတယ်၊ ဒီပွဲမှာ မနှစ်က လာရောက်ယှဉ်ပြိုင် သွားခဲ့တဲ့ ဂျပန်နိုင်ငံက လက်ဝှေ့ဝါသနာရှင် ဆိုရင်လည်း လက်ရှိမှာ အောင်မြင်မှုတွေရရှိ နေတာမျိုး တွေ့ရပါတယ်၊ ဒီနှစ်မှာဆိုရင်လည်း ယူကရိန်းနိုင်ငံက ဝါသနာရှင်တစ်ဦး လာရောက်ယှဉ်ပြိုင်ခဲ့ပါတယ်၊ ဒါကြောင့် ဒီပွဲဟာ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ လက်ဝှေ့ ဝါသနာရှင်တွေသာမက ပြည်ပနိုင်ငံတွေ ကလည်း စိတ်ဝင်တစားနဲ့ လာရောက်ယှဉ်ပြိုင် ထိုးသတ်ကြတဲ့ ပွဲတစ်ပွဲဖြစ်ပါတယ်” ဟု ပြောကြားသည်။

အဆိုပါ ကရင်အမျိုးသား နှစ်သစ်ကူး ပွဲတော်ကို ဒီဇင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ အင်းစိန်မြို့နယ်ရှိ မဟာဆေး ဝက်ပါ အာလိန်ငါးဆင့်ကျောင်း၌ စည်ကား သိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယနေ့နံနက် ပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အလံနှင့် ကရင်အမျိုးသား အလံ တော်အား အလေးပြုခြင်း အခမ်းအနားကို ကျင်းပခဲ့သည့်အပြင် ကရင်ရိုးရာပျားဖွပ်ပြိုင်ပွဲ များနှင့် နှစ်သစ်ကူးနေ့ ဟောပြောပွဲများကို ပြုလုပ်ခဲ့သည်။

ထို့အပြင် ညပိုင်းတွင် ကရင်ရိုးရာ ဒုံးယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်ခြင်းများ အပြင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ (Myanmar Convention Center –MCC) ခန်းမ၌ “ကရင်ရိုးရာယဉ်ကျေးမှုနှင့် တေးဂီတ ပဒေသာဖျော်ဖြေရေး”အစီအစဉ်ကို ကျင်းပရာ တိုင်းရင်းသား ညီအစ်ကို မောင်နှမ ပြည်သူ များ တစ်ခဲနက်ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# ရခိုင်ပြည်နယ်သတင်း

## အငူမော်-မောင်တောလမ်းပိုင်းတွင် ယာဉ်ယန္တရားကြီးများဖြင့် လုပ်ငန်း စတင်ဆောင်ရွက်





**မောင်တော ဒီဇင်ဘာ ၁၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မောင်တောဒေသ၌ ဖောက်လုပ်လျက်ရှိသောလမ်းများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အငူမော်အနီး Asia World Foundation က တာဝန်ယူဆောင်ရွက်နေသည့် အငူမော်-မောင်တောလမ်း(၄၉ မိုင် ၆ ဖာလုံ)လမ်းပိုင်း ဖောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိပြီး အငူမော်-မောင်တောလမ်းပိုင်းတွင် ယာဉ်ယန္တရားကြီးများဖြင့် လုပ်ငန်း စတင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ဘူးသီးတောင်-သပိတ်တောင်-ညောင်ချောင်း-အောင်ဇေယျ-အငူမော်လမ်းပိုင်း ဖောက်လုပ်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းလမ်းပိုင်းမှာ မြေသားလမ်းဖြစ်ပြီး အကွာအဝေး ၄၆ မိုင် ၅ ဖာလုံရှိကာ ယင်းကျေးလက်လမ်းကို ဖောက်လုပ်ပေးနိုင်သဖြင့် ရသေ့တောင်မြို့နယ် မေယုတောင်အရှေ့ဘက်ခြမ်းကျေးရွာများ သွားလာမှုလွယ်ကူချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် လမ်းဦးစီးဌာန လမ်းအထူး(၁၇)က တာဝန်ယူဖောက်လုပ်လျက်ရှိသည့် ကျောက်ပန္နာ-အင်းဒင်-စေတီပြင်တောင်ကျော်လမ်းဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လမ်းသည် အရှည် ၁၀ မိုင် ၇ ဖာလုံရှိပြီး ရသေ့တောင်မြို့နယ် စေတီပြင်နှင့် မောင်တောမြို့နယ် ကျောက်ပန္နာတို့အကြား ဆက်သွယ်ထားကာ ယင်းလမ်းသည် မေယုတောင်အရှေ့ဘက်ခြမ်းကျေးရွာများနှင့် အနောက်ဘက်ခြမ်းဒေသ ကျေးရွာများကို အဓိကဆက်စပ်ပေးနိုင်မည့်လမ်းမကြီး ဖြစ်လာမည်ဖြစ်သည်။ **မြင့်မောင်၊ ဇေယျာ**

**ဓာတ်ပုံ-နေဝင်းထွန်း**

## မောင်တောမြို့နယ် အင်းဒင်ကျေးရွာသုသာန်၌ အမည်မသိ ရုပ်အလောင်းများ တွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် အင်းဒင်ကျေးရွာသုသာန်၌ လူများသတ်ဖြတ် မြှုပ်နှံထားကြောင်း အမည်မဖော်လိုသူတစ်ဦး၏ သတင်းပေးပို့တိုင်ကြားမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် စုံစမ်းစစ်ဆေးခဲ့ရာ အဆိုပါ သုသာန်၌ အမည်မသိရုပ်အလောင်းများ ရှာဖွေတွေ့ရှိခဲ့ပြီး ဖြစ်စဉ်မှန် ပေါ်ပေါက်နိုင်ရေးအတွက် အသေးစိတ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ဩဂုတ် ၂၅ ရက်မှစ၍ ဘူးသီးတောင်၊ မောင်တောဒေသ၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့သဖြင့် နယ်မြေဒေသ ပြန်လည်တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ (Rules of Engagement)နှင့်အညီ ဆောင်ရွက်သွားရန်နှင့် ချိုးဖောက်မှုရှိပါက ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အောက်ခြေအဆင့်ထိ အသိပေး ညွှန်ကြားခဲ့ပြီးဖြစ်ကြောင်း။

ရုပ်အလောင်းများ ရှာဖွေတွေ့ရှိခဲ့မှုနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တစ်စုံတစ်ရာ ပါဝင်ပတ်သက်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါက တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**

## ဘူးသီးတောင်မြို့ ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်



**ဘူးသီးတောင်**
**ဒီဇင်ဘာ ၁၈**

ဘူးသီးတောင် မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သူဝင်း ဦးဆောင်၍ တပ်ဖွဲ့ဝင် ၅၃ ဦးတို့သည် ဒီဇင်ဘာ ၁၇ ရက် နံနက် ၇ နာရီခွဲက ဘူးသီးတောင်မြို့ အမှတ်(၄)ရပ်ကွက် မြို့ဦးပရိယတ္တိ စာသင်တိုက်ဝင်းအတွင်းရှိ ချုံနွယ်မြက်များအား ခုတ်ထွင်ရှင်းလင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရေးမြို့နယ် မင်းလှချောင်း ချောင်းနှစ်ခွနေရာ၌ အပန်းဖြေလည်ပတ်သူများပြား

**ရေး ဒီဇင်ဘာ ၁၈**

မွန်ပြည်နယ် ရေးမြို့နယ် ကျောင်းရွာကျေးရွာရှိ ရေးချောင်းနှင့် မင်းလှချောင်းတို့ ဆုံရာရှိ ဘုရားကို လာရောက်ဖူးမြော်ရင်း အပန်းဖြေအနားယူသူများ ပိုမိုလာရောက်လျက်ရှိကြောင်း သိရသည်။

"ဒီနေရာက ဘုရားဖူးခွင့်ရတာရယ် ချောင်းထဲ လှေစီးပြီး သဘာဝရှုခင်းအလှအပကို ခံစားရင်းနဲ့ ရိုးရာစားစရာတွေနဲ့ အပန်းဖြေနိုင်တဲ့အတွက် ပိုပြီးစိတ်ဝင်စားလို့ လာရောက်လည်ပတ်တာဖြစ်ပါတယ်"ဟု ခရီးသွား တစ်ဦးဖြစ်သူ ကိုသန့်ဇင်က ပြောသည်။

"လှေကယ်ရီဆွဲသူတွေက ကျောင်းရွာကနေ ဘုရားရှိတဲ့ မင်းလှချောင်းနှစ်ခွနေရာမှာ ခရီးသွားတွေကို အသက်ကယ်အင်္ကျီနဲ့ စီစဉ်ထားသလို လှေကအဖွဲ့ နှစ်ဖွဲ့မှာ အစင်း ၄၀ နဲ့ ရေမိုင် နှစ်မိုင်ခန့်ကို ၁၅ မိနစ်ခန့်ကြာမြင့်ပြီး လူတစ်ဦးကို ကျပ် ၁၀၀၀ နဲ့ လူဦးရေ ၁၀ ဦးသာ ခွင့်ပြုထားပါတယ်၊ မိသားစုနဲ့ အုပ်စုလိုက် လည်ပတ်သူတွေ များပြားပါတယ်"ဟု ဆက်လက်ပြောကြားသည်။

"ခရီးသွားတွေက တိုင်းရင်းသားရိုးရာ အစားအစာတွေကို ပိုမိုသုံးဆောင်ကြပါတယ်၊ နိုင်ငံခြားသားတွေလည်း အပန်းဖြေအနားယူလာကြတော့ အားလပ်ရက်ဖြစ်တဲ့ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တွေမှာ လူက ၅၀၀ နဲ့ ၁၀၀၀ ကြား ရှိပါတယ်၊ ရောင်းကောင်းတဲ့နေ့ဆိုရင် ကျပ်သုံးသိန်းလောက် ရောင်းရပါတယ်" ဟု ဈေးရောင်းသူ ဦးဘိုမြက ပြောသည်။

"လူစည်ကားလာတာနဲ့အမျှ ခရီးသွားတွေအတွက် လုံခြုံရေးကို ကျေးရွာတာဝန်ရှိသူတွေနဲ့ ပူးပေါင်းပြီး စီမံထားပါတယ်၊ အရေးပေါ် ဖြစ်လာရင် အသင့်အနေအထားနဲ့ ဆောင်ရွက်ထားတယ်" ဟု ကျေးရွာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေးမြို့နယ်မှ ကျောင်းရွာကျေးရွာသို့ ကားလမ်းဖြင့် ခုနစ်မိုင်ခန့်သွားရပြီး လူသိများလာသည်မှာ နှစ်နှစ်ခန့်သာ ရှိသေးကြောင်း သိရသည်။ ခရီးသွားများအနေဖြင့် ပြည်တွင်းဧည့်သည်များအပြင် ပြည်ပနိုင်ငံများမှလည်း လာရောက်ကြကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

**○ မြန်မာ့ကျောက်မျက်မှ**

အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း(၈၇၉)တွဲကို စုစုပေါင်း တန်ဖိုး ယူရိုငွေ ၇၈ ဒသမ ၂၈၃ သန်းဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ဝယ်ယူခဲ့ကြခြင်းဖြစ်သည်။

ယနေ့အထိ ကျောက်မျက်အတွဲစုစုပေါင်း (၁၉၀)တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြသရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲ(၃၂)တွဲကို ယူရိုငွေ သုည ဒသမ ၇၆၇ သန်းဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲ စုစုပေါင်း(၃၄၅၀)တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြသရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲ (၂၆၅၉)တွဲကို ယူရိုငွေ ၁၆၅ ဒသမ ၃၂၃ သန်းဖြင့်လည်းကောင်း ဝယ်ယူခဲ့ကြောင်း သိရသည်။

ယနေ့ပြပွဲသို့ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် စုစုပေါင်း ၄၄၂၀ ဦး တက်ရောက်ကြပြီး ကျောက်စိမ်း၊ ကျောက်မျက်တန်ဖိုးမြင့် အချောထည်ပစ္စည်းများနှင့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်ကြည့်ရှုလေ့လာ ဝယ်ယူခဲ့ကြသည်။

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဒီဇင်ဘာ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၉ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၃၄၅၁)မှ (၄၆၀၀)ထိ လည်းကောင်း၊ ဒီဇင်ဘာ ၂၀ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၄၆၀၁)မှ (၅၇၅၀)ထိ လည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၅၇၅၁)မှ (၆၆၈၅)ထိ လည်းကောင်း ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။ **သတင်းစဉ်**

**ဥတုရာသီ တောက်ပိုမှီ၏**



## အမြန်လမ်းတွင် ယာဉ်တစ်စီး နောက်ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲထိုးကျ တိမ်းမှောက်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ သီးကုန်းအမြန်လမ်းအပိုင်း မိုင်တိုင်(၂၈၃/၄)နှင့်(၂၈၃/၅)အကြား နေပြည်တော်ဘက်သို့ ထွန်းဦးမောင်းနှင်လာသော StarX မော်တော်ယာဉ်မှာ ယနေ့မွန်းတည့် ၁၂ နာရီက ဝဲဘက်နောက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကျော်တက်ကာ ချောက်ထဲထိုးကျ တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ အမျိုးသားသုံးဦး၊ အမျိုးသမီးရှစ်ဦး ပေါင်း ၁၁ ဦးအနက် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးရှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် မိတ္ထီလာဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ ယာဉ်မောင်းအား သက်ဆိုင်ရာက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းမြတ်ဦး(နေပြည်တော်)၊ ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့**

## မသင်္ကာသူကို စစ်ဆေးရာ လွန်ခဲ့သည့်သုံးလခန့်က ဖုန်းအလုံး ၆၀ ကျော် ခိုးယူသူဖြစ်နေ

**မုံရွာ ဒီဇင်ဘာ ၁၈**



မုံရွာမြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင်နှင့်အဖွဲ့သည် မုံရွာမြို့တွင်း လှည့်ကင်းဆောင်ရွက်စဉ် မသင်္ကာသူကိုစစ်ဆေးရာမှ လွန်ခဲ့သည့် သုံးလခန့်က ကျောက်ကာလမ်း မိုဘိုင်းဝမ်းဖုန်းဆိုင်မှ ဖုန်းအလုံး ၆၀ ခိုးယူသူဖြစ်နေသောကြောင့် ခိုးယူသူကိုအရေးယူဆောင်ရွက်လျက်ရှိကြောင်း မုံရွာမြို့မြို့မရဲစခန်းမှူး ဒုရဲမှူးကျင်စိန်ထံမှ သိရသည်။

"ဒီဇင်ဘာ ၁၁ ရက် နံနက် ၄ နာရီခန့်က နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် စိုးမင်းထွန်းနဲ့အဖွဲ့က အောင်မင်္ဂလာရပ်ကွက် အုပ်ချုပ်ရေးမှူး၊ အလယ်ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့နဲ့အတူ မုံရွာမြို့ပေါ်ရပ်ကွက်တွေမှာ လှည့်ကင်းလှည့်နေတုန်း အလယ်ရပ်ကွက် ကျောက်ကာလမ်းမှာ ကျောပိုးအိတ်နဲ့ မသင်္ကာတဲ့သူတစ်ဦးတွေ့ခဲ့ပါတယ်၊ မေးတဲ့အခါ အက်တောရွာက မိုးမင်းဖြစ်တယ်လို့သိရပါတယ်၊ သူ့အိတ်ထဲကြည့်လိုက်တော့ သံတူရွင်းနဲ့တူ၊ သော့အစုံအတွဲလိုက်ကို တွေ့ရပါတယ်၊ ဒါ့အပြင် လက်ကိုင်ဖုန်းတစ်လုံးနဲ့ ဆက်စပ်ပစ္စည်းအမျိုးပေါင်း ၂၃ မျိုးကို သိမ်းဆည်းရမိတယ်၊ သူ့ကို ကျွန်တော်ကိုယ်တိုင်စစ်ဆေးပြီး သူ့အိမ်သွားရှာတာ ဖုန်းခြောက်လုံး ထပ်ရပါတယ်၊ အဲဒါနဲ့ပတ်သက်ပြီး မေးမြန်းတဲ့အခါ လွန်ခဲ့တဲ့သုံးလလောက်က ကျောက်ကာလမ်း မိုဘိုင်းဝမ်းက ခိုးခဲ့တယ်လို့ သူက ဆိုပါတယ်၊ အဲဒါနဲ့နယ်မြေစခန်းကို ဆက်သွယ်မေးတဲ့အခါ မုံရွာနယ်မြေရဲစခန်းက ဖုန်း ၆၁ လုံး ပျောက်ကြောင်း အမှုဖွင့်ထားတယ်လို့ သိရပါတယ်၊ အဲဒါနဲ့ပတ်သက်ပြီး နယ်မြေစခန်းကို လွှဲပြောင်းစစ်ဆေးစေခဲ့ပါတယ်၊ စစ်ဆေးစေတဲ့အခါမှာ အခုဒီဇင်ဘာ ၁၈ ရက်ထိ ဖုန်းစုစုပေါင်း ၅၈ လုံးနဲ့ ငွေသုံးသိန်းကို သိမ်းဆည်းရမိပြီလို့ သိရပါတယ်"ဟု ဒုရဲမှူးကျင်စိန်က ပြောသည်။

ဒီဇင်ဘာ ၁၁ ရက် ညကဖမ်းဆီးရမိသော မိုးမင်းအား မုံရွာမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားပြီး ၎င်းကို စစ်ဆေးသည့်အခါ ဖမ်းဆီးရမိသည့်ညက ကျောက်ကာလမ်း ဒေါက်တာဖုန်းဆိုင်မှ ဖောက်ပြီးယူလာခြင်းဖြစ်ကြောင်း သိရှိရသည်ဟု ဒုရဲမှူးကျင်စိန်က ပြောသည်။

"အဲဒီက ဖုန်းတစ်လုံးမှတော့ မရဘူး၊ ဆက်စပ်ပစ္စည်းတွေ အားလုံးပေါင်း မန်မိုရီကတ်တွေ အပါအဝင် ဖုန်းကာဗာတွေကို သိမ်းဆည်းရမိတာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၂၄၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၇ ရက် နံနက် ၄ နာရီခွဲက ပုသိမ်ကြီးမြို့နယ် ၁၆ မိုင်ကျောက်ချော စစ်ဆေးရေးစခန်းတွင် ခရီးသည်တင် မှန်လုံယာဉ်ကို ရှာဖွေရာ ခရီးသည် မနှင်းဝေလှိုင်(ခ)မဂျာဒင်၏ ပီနံအိတ်နှစ်အိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၁၉၈ ခွက် (အလေးချိန် ၂ ဒသမ ၈၇၁ ကီလို)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ တို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ရေယားကျေးရွာအနီးတွင် မောင်လွင်မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်း ၁၀ ထုပ် (အလေးချိန် ၁၄ ကီလို)ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ည ၉ နာရီက ကလောမြို့အထွက် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မှန်လုံယာဉ်ကို ရှာဖွေရာ ခရီးသည်ချစ်မောင်၏လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## တရားမဝင်သစ်များ တင်ဆောင်လာသော စက်လှေလေးစင်းအား သိမ်းဆည်းရမိ

**ဟိုင်းကြီးကျွန်း ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စု ဇီးချိုင်ကျေးရွာအနီးရှိပင်လယ်ပြင်တွင် ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက တရားမဝင်သစ်များတင်ဆောင်လာသော စက်လှေလေးစင်းအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သိမ်းဆည်းရမိစက်လှေများမှာ ဖောင်တိုးကျေးရွာနေ ဦးသိန်းလွင်၊ ဦးအုန်းကျင်လေး၊ ဦးမြင့်အေးတို့၏ စက်လှေနှင့် သမွန်ကျေးရွာမှ ဦးအောင်အောင်တို့၏ စက်လှေများဖြစ်ကြောင်း၊ စက်လှေပေါ်လိုက်ပါလာသည့် လုပ်သား စုစုပေါင်း ၂၀ ရှိကြောင်း၊ ဖောင်တိုးကျေးရွာမှ စက်လှေများမှာ နံနက် ၁၀ နာရီခန့်က သစ်များတင်ဆောင်၍ စတင်ထွက်ခွာလာကြရာ ဇီးချိုင်ကျေးရွာအနီး ပင်လယ်ပြင်တွင် စစ်ရေယာဉ်က ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်းနှင့် စက်လှေတစ်စင်းပေါ်တွင် အနည်းဆုံးသစ် ခြောက်တန်ခန့်တင်ဆောင်လာကြောင်း ဖောင်တိုးကျေးရွာဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ယခုအချိန်တွင် ဖမ်းဆီးရမိသစ်များအား သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး စက်လှေပေါ်ပါ လုပ်သား ၂၀ ကို ဟိုင်းကြီးကျွန်း နယ်မြေရဲစခန်း၌ စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း ကနဦးသတင်းများအရ သိရသည်။ **ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၈၆၀၊ သွင်းကုန် ၉၅၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၅၀၊ သွင်းကုန် ၁၅၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇ ဒသမ ၁၀၅ သန်းခန့်) မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆ ဒသမ ၈၀၂ သန်းခန့်) စုစုပေါင်းတားဆီးမှု ၂၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃ ဒသမ ၉၀၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၁၆ ရက်တွင် မူဆယ်သို့သွားရောက်မည့် Mini Cooper ယာဉ်တစ်စီး၊ Toyota Crown ယာဉ်တစ်စီးတို့အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ယာဉ်မောင်းထိုင်ခုံ၏နောက်ရှိ Sound Box အောက်တွင်အံ့ဝှက်ပြုလုပ်၍လည်းကောင်း၊ ခရီးသည်ထိုင်ခုံအောက်နှင့် ယာဉ်၏နောက်ပိုင်းတွင် အံ့ဝှက်ပြုလုပ်၍လည်းကောင်း သို့ဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်အပိုင်းအစအရွယ်စုံ ၁၁၇၃ တုံး(၉၀၇ ကီလိုဂရမ်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂ ဒသမ ၈၅၀ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အမြန်လမ်းတွင် လိုက်ထရပ်ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်၍ တိမ်းမှောက်၊ ကိုးဦးဒဏ်ရာရ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ ဥသျှစ်ကုန်းလမ်းပိုင်း မိုင်တိုင် (၆၄/၀) နှင့်(၆၄/၁)အကြား နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ကျော်ဇင် မောင်းနှင်လာသော လိုက်ထရပ်ယာဉ်မှာ ယနေ့နံနက် ၆ နာရီ မိနစ် ၄၀ တွင် ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင်ယာဉ်မောင်းပါ အမျိုးသားကိုးဦး၊ အမျိုးသမီး ၁၄ ဦး ပေါင်း ၂၃ ဦးအနက် အမျိုးသားနှစ်ဦး၊ အမျိုးသမီး ခုနစ်ဦးတို့ ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူလူနာများအား တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် မြို့ချောင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ယာဉ်မဆင်မခြင် မောင်းနှင်သူ ကျော်ဇင်အား သက်ဆိုင်ရာအပိုင်ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**



# မန်ယူကို ယှဉ်ပြိုင်မည့် အစဉ်အဆက်နည်းပြဖြစ်လာရေး ဂွါဒီယိုလာအား မန်စီးတီးအသင်း စာချုပ်သစ်ချုပ်ဆိုမည်

မန်စီးတီးအသင်းဟာ မန်ယူအသင်းရဲ့အမြဲတမ်းပြိုင်ဘက် အဖြစ်ဆက်ရှိနေစေရေးကို ရည်ရွယ်ကာ အစဉ်အဆက် နည်းပြဖြစ်လာစေရေးအတွက် လက်ရှိနည်းပြ ဂွါဒီယိုလာကို နွေရာသီကာလအတွင်း စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုသွားဖို့ ရှိနေပါတယ်။

မန်ယူအသင်းဟာ ဂန္ထဝင်နည်းပြတစ်ဦးဖြစ်တဲ့ ဆာအဲလက်ဖာဂူဆန် လက်ထက်မှာ ပရီမီယာလိဂ်ဖလားကို ၁၃ နှစ်လုံးအထိ ရယူဆွတ်ခူးနိုင်ခဲ့ကာ ပရီမီယာလိဂ်ပြိုင်ပွဲကို လွှမ်းမိုးထားနိုင်ခဲ့ပါတယ်။ ဒါကြောင့် မန်စီးတီးအသင်းကလည်း အရင်က ပရီမီယာလိဂ်ပြိုင်ပွဲကို လွှမ်းမိုးထားနိုင်ခဲ့တဲ့ မန်ယူအသင်းရဲ့နေရာကို အစားထိုးရယူနိုင်ဖို့အတွက် ဆန္ဒရှိနေခဲ့ပါတယ်။

မန်စီးတီးအသင်းအနေနဲ့ စပါးအသင်းကို ပွဲစဉ် ၁၈ မှာ လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရလိုက်တဲ့အတွက် သူတို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ် ၁၆ ပွဲဆက်တိုက်နိုင်ပွဲရရှိမှု စံချိန်ကိုလည်း ရရှိထားခဲ့ပါတယ်။ လက်ရှိပွဲစဉ် ၁၈ အပြီး အမှတ်ပေးဇယားကို ပြန်ကြည့်မယ်ဆိုရင်လည်း ဒုတိယနေရာက ရပ်တည်နေတဲ့ မန်ယူအသင်းကို ၁၁ မှတ်အထိ မန်စီးတီးအသင်းက ဖြတ်ထားနိုင်ခဲ့တာကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။

လက်ရှိမှာ မန်စီးတီးအသင်းဟာ အသင်းရဲ့ နိုင်ပွဲဆက်စံချိန်ကို ထိန်းထားနိုင်အောင်စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ နည်းပြ ဂွါဒီယိုလာကို စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေတာဖြစ်ပြီး ဂွါဒီယိုလာရဲ့ စာချုပ်သက်တမ်းဟာ ၂၀၁၉ ခုနှစ်မှာ ကုန်ဆုံးမှာလည်းဖြစ်ပါတယ်။ ဂွါဒီယိုလာဟာ ဘာစီလိုနာအသင်း၊ ဘိုင်ယန်မြူးနစ်အသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး ၂၀၁၆ ခုနှစ် နွေရာသီကာလမှာတော့ မန်စီးတီးအသင်းနည်းပြဖြစ်လာခဲ့ပါတယ်။ သူ့ရဲ့မန်စီးတီးအသင်းနဲ့ ပထမရာသီမှာ ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ အဆင့်(၃)နေရာမှာ ရပ်တည်နိုင်ခဲ့ပြီး အက်ဖ်အေဖလားပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်ကနေထွက်ခဲ့ရသလို ချန်ပီယံလိဂ်မှာရော အီးအက်ဖ်အယ်လ်ပြိုင်ပွဲမှာပါ ၁၆ သင်းအဆင့်ကနေ လှည့်ပြန်ခဲ့ရပါတယ်။

အဲဒီရလဒ်တွေကိုကြည့်ပြီး အသင်းဥက္ကဋ္ဌ အယ်လ်မူဘာရက်ခ်က ဂွါဒီယိုလာဟာ စိတ်ပျက်စရာကောင်းတယ်လို့ဆိုခဲ့ပေမယ့် အသင်းကတော့ အကျိုးအမြတ်တစ်စုံတစ်ရာ ရရှိလိမ့်မယ်လို့ ယုံကြည်ထားခဲ့ပါတယ်။ အဲဒီယုံကြည်ချက်ဟာလည်း တကယ်ဖြစ်လာခဲ့ပါပြီ။ ဘာကြောင့်လဲဆိုရင် ပရီမီယာလိဂ်မှာ အမှတ်ပေးဇယားထိပ်မှာ ရပ်တည်နေသလို အင်္ဂါနေ့မှာ အီးအက်ဖ်အယ်လ်ဖလား ကွာတားဖိုင်နယ်ကစားရမှာဖြစ်ပြီး လာမယ့် ဖေဖော်ဝါရီလအတွင်းမှာတော့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပြိုင်ပွဲအဖြစ် ဆွစ်ဇာလန်ကလပ် ဘေဆယ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

ဒါပေမယ့် ဘိုင်ယန်မြူးနစ်နဲ့ ဘာစီလိုနာတို့မှာ ကိုင်တွယ်ခဲ့စဉ်က ချန်ပီယံလိဂ်ဆုဖလားကို ရယူခဲ့တဲ့နည်းပြတစ်ဦးအနေနဲ့ မန်စီးတီးအသင်းအတွက်ရော ချန်ပီယံလိဂ်ဆုဖလားရယူပေးနိုင်မလားဆိုတာကတော့ စောင့်ကြည့်ရဦးမှာပါ။ မန်စီးတီးအသင်းအတွက်ကတော့ ချန်ပီယံလိဂ်သမိုင်းမှာ အကောင်းဆုံးရလဒ်ထွက်ပေါ်ခဲ့တာဆိုလို့ ၂၀၁၆ ခုနှစ်အတွင်း ဆီမီးဖိုင်နယ်ရောက်ခဲ့တာဟာ အမြင့်ဆုံးဖြစ်နေတာမို့ ဂွါဒီယိုလာနဲ့အတူ ချန်ပီယံလိဂ်ဖလား ရယူဆွတ်ခူးနိုင်ဖို့ မန်စီးတီးအသင်းက မျှော်လင့်ထားတာပါ။

ငွေကြယ် - စုစည်းသည်

# ဆွာရတ်ဇ်နှင့် ပေါ်လင်ဟိုတို့၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့သည့် ဘာစီလိုနာ လာလီဂါမှာ ခြောက်မှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့

ဘာစီလိုနာအသင်းသည် လာလီဂါပွဲစဉ် ၁၆ အဖြစ် ဒီပို့တီဗိုအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဆွာရတ်ဇ်နှင့် ပေါ်လင်ဟိုတို့၏ သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယား၏ ဒုတိယနေရာမှ အက်သလက်တီကိုမက်ဒရစ် အသင်းကို ခြောက်မှတ်ဖြတ်ကာ အမှတ်ပေးဇယားကို ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် ဘာစီလိုနာအသင်း၏ အားထားရသည့် တိုက်စစ်မှူး မက်ဆီက ဂိုးဖန်တီးပေးမှုနှစ်ကြိမ်အထိ ပြုလုပ်ပေးနိုင်ခဲ့ပြီး ၎င်းကိုယ်တိုင် သွင်းဂိုးရရှိရေးကိုမူ မစွမ်းဆောင်နိုင်ခဲ့ပေ။

ဘာစီလိုနာအသင်းအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး ဆွာရတ်ဇ်က ပွဲကစားချိန် ၂၉ မိနစ်နှင့် ၄၇ မိနစ်တို့တွင်လည်းကောင်း၊ ကွင်းလယ်ကစားသမား ပေါ်လင်ဟိုက ၄၁ မိနစ်နှင့် ၇၅ မိနစ်တို့တွင် လည်းကောင်း သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။

ပေါ်လင်ဟိုသွင်းယူခဲ့သည့် သွင်းဂိုးနှစ်ဂိုးသည် ဘာစီလိုနာအသင်းသို့ ရောက်ရှိလာခဲ့ပြီးနောက်ပိုင်း ခြောက်ဂိုးမြောက် သွင်းဂိုးဖြစ်ပြီး တရုတ်ကလပ် အဲဗားဂရန်ဒီအသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၃၆ သန်းဖြင့် ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်သည်။

ဘာစီလိုနာအသင်း၏ လာလီဂါထိပ်တန်းပြိုင်ဘက် ရီးယဲလ်မက်ဒရစ် အသင်းမှာမူ ကမ္ဘာ့ကလပ်ဖလားယှဉ်ပြိုင်နေရခြင်းကြောင့် လာလီဂါတွင် တစ်ပွဲလျော့အနေအထားဖြင့် အဆင့်(၄)နေရာတွင် ရပ်တည်လျက်ရှိသည်။ ရမှတ်အနေအထားတွင်မူ ဘာစီလိုနာအသင်းက ရီးယဲလ်မက်ဒရစ်အသင်းကို ၁၁ မှတ်အထိ ဖြတ်ထားနိုင်ခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ကမ္ဘာ့ကလပ်ဖလားပြိုင်ပွဲတွင် ဆုဖလား ရရှိခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်း၏ ကမ္ဘာ့ကလပ်ဖလားရရှိမှုနှင့် တူညီသွားခဲ့ရပြီဖြစ်သည်။



# မန်စီးတီး၏ လက်ရှိအသင်း ခြေစွမ်းမှာ မန်ယူ၏ ၂၀၀၈ ခြေစွမ်းကို မမီသေးဟုဆို

မန်စီးတီး၏ လက်ရှိအသင်းခြေစွမ်းပိုင်းသည် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ကောင်းမွန်လျက်ရှိနေသော်လည်း မန်ယူအသင်း၏ ၂၀၀၈ ခြေစွမ်းကို မမီသေးကြောင်း မန်ယူကစားသမားဟောင်း တိုက်စစ်မှူး ရွန်းနီက ပြောကြားသည်။

မန်ယူအသင်းသည် ၂၀၀၈ ခုနှစ်က ပရီမီယာလိဂ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်ဖလားကိုပါ ရယူနိုင်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်း၏ လက်ရှိခြေစွမ်းနှင့်ပတ်သက်၍ တိုက်စစ်မှူး ရွန်းနီက နှိုင်းယှဉ်ပြောကြားခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် လက်ရှိ ပွဲစဉ် ၁၈ အပြီးတွင် ရမှတ် ၅၂ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်လျက်ရှိပြီး မန်ယူအသင်းမှာမူ ပွဲစဉ် ၁၈ အပြီးတွင် ရမှတ် ၄၁ မှတ်ရရှိထားကာ မန်စီးတီးအသင်းနှင့် ၁၁ မှတ်အကွာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

တိုက်စစ်မှူး ရွန်းနီသည် ၂၀၀၈ ခုနှစ်အတွင်းက မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့၏ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ မန်ယူဂိုးသမား ဗန်ဒါဆားနှင့် မန်စီးတီးဂိုးသမား အီဒါဆန်တို့၏ လက်စွမ်း၊ ခံစစ်ကြောင်းတွင် လက်ရှိမန်စီးတီးအသင်း၏ ကီလီဝေါ်ကာ၊ ဂျွန်စတုန်း၊ ဖေဘီယန်ဒဲလ်၊ အော့တမန်ဒီတို့နှင့် မန်ယူအသင်း၏ ၂၀၀၈ ခုနှစ်က ကစားသမားဖြစ်ကြသည့် ဝက်စ်ဘရောင်း၊ ဖာဒီနန်၊ ဗီဒစ်၊ အီဗရာတို့၏ ခြေစွမ်း၊ ကွင်းလယ်ပိုင်းတွင် ဖာနန်ဒင်ဟို၊ ဒီဘရိုင်း၊ ဆေးလ်ဗားတို့ကို ကာရစ်၊ ပေါစခိုးလ်၊ ရိုင်ယန်ဂစ်တို့နှင့်လည်းကောင်း၊တိုက်စစ်ပိုင်းတွင် စတာလင်၊ အဂူရို၊ ဆာနေးတို့၏ ခြေစွမ်းကို ရွန်းနီ၊ တီဗက်ဇ်၊ စီရိုနယ်လ်ဒိုတို့၏ ခြေစွမ်းများဖြင့် နှိုင်းယှဉ်ကာ ပြောကြားခဲ့ခြင်းဖြစ်သည်။

## အသင်းကြီးတွေ နောက်တစ်ဆင့်တက်ရန် အလားအလာကောင်းမယ့် Carabao Cup ကွာတားဖိုင်နယ်ပွဲစဉ်များ

ခိုင်ဝင်း

**ဒီဇင်ဘာ ၁၉၊ ၂၀ ရက်တို့မှာ ယှဉ်ပြိုင်ကစားမယ့် Carabao Cup ကွာတားဖိုင်နယ်ပွဲစဉ်မှာ အာဆင်နယ်နဲ့ ဝက်စ်ဟမ်း၊ လက်စတာနဲ့ မန်စီးတီး၊ ချယ်လ်ဆီးနဲ့ဘုန်းမောက်၊ မန်ယူနဲ့ ဘရစ္စတိုးစီးတီးတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိပြီး လက်ရှိချန်ပီယံ မန်ယူအပါအဝင် အသင်းကြီးတွေ နောက်တစ်ဆင့်တက်ဖို့ အလားအလာကောင်းနေပါတယ်။**

**အာဆင်နယ်-ဝက်စ်ဟမ်း နံနက် ၂း၁၅ (၂၀-၁၂-၂၀၁၇)**

ဒီနှစ်သင်းဟာ လန်ဒန်ဒါဘီပွဲစဉ်ဖြစ်တာနဲ့အညီ ပြိုင်ဆိုင်မှုပြင်းထန်လာမှာ အသေအချာပဲဖြစ်ပါတယ်။ နှစ်သင်းစလုံးဟာ ကြားပွဲတွေ ကစားထားရတာကြောင့် ပွဲပန်းလာမှုရှိပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ ပရီမီယာလိဂ်မှာတောင် တန်းမဆင်းရဖို့ ရုန်းကန်နေရပါတယ်။ ဒါပေမယ့် စပါးအသင်းကို နိုင်ပြီးတက်လာတာကြောင့် အာဆင်နယ်အသင်းအတွက် အခက်တွေ့စေဦးမှာပါ။ အာဆင်နယ်အသင်း ခက်ခက်ခဲခဲနဲ့ ယှဉ်ပြိုင်ကစားရဖို့ရှိနေပြီး ကပ်ပြီးနိုင်ဖို့ များပါတယ်။

**လက်စတာ-မန်စီးတီး နံနက် ၂း၁၅ (၂၀-၁၂-၂၀၁၇)**

ပရီမီယာလိဂ်ထိပ်ဆုံးမှာ ရောက်နေတဲ့ မန်စီးတီးအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံတာကြောင့် လက်စတာအတွက် နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ချက်မရှိသလောက်ပါပဲ။ နှစ်သင်းစလုံးဟာ ကြားရက်ပွဲစဉ်တွေမှာ ကန်ထားရတာကြောင့် ပွဲပန်းလာမှုရှိပါတယ်။ မန်စီးတီးအသင်းဟာ ဝုဗ်ဘာဟမ်တန်အသင်းကို ခက်ခက်ခဲခဲနဲ့နိုင်ပြီး ပင်နယ်တီအဆုံးအဖြတ်နဲ့ ကွာတားဖိုင်နယ်ကို တက်လှမ်းလာခဲ့တာပါ။ ဒါပေမယ့် လက်စတာအသင်းကတော့ လိဒ်ယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့အနိုင်ရရှိပြီး ဒီအဆင့်ကို တက်လှမ်းလာခဲ့တာဖြစ်ပေမယ့် ဒီရာသီမှာ မန်စီးတီးအသင်းရဲ့ ခြေစွမ်းကောင်းမွန်နေမှုကြောင့် လက်စတာအသင်းနိုင်ဖို့မလွယ်ပါဘူး။

**ချယ်လ်ဆီး-ဘုန်းမောက် နံနက် ၂း၁၅ (၂၁-၁၂-၂၀၁၇)**

ဒီရာသီမှာ ဒီနှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှုမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ချယ်လ်ဆီးအသင်းက အသာစီးရယူခဲ့ဖူးပါတယ်။ ချယ်လ်ဆီးအသင်းဟာ အဲဗာတန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားပြီး ကွာတားဖိုင်နယ်ကို တက်လှမ်းလာခဲ့ပါတယ်။ ဘုန်းမောက်အသင်းကလည်း ဘိုရီအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူပြီး ကွာတားဖိုင်နယ်ကို တက်လှမ်းလာခဲ့လို့ ခြေစွမ်းသိပ်မဆိုးဘူးလို့ ပြောရမှာပါ။ ဘုန်းမောက်အသင်းဟာ ကြားရက်ပွဲစဉ်တွေမှာ မန်ယူ၊ လီဗာပူးတို့လို အသင်းကြီးတွေနဲ့ ယှဉ်ပြိုင်ကစားခဲ့ရလို့ ပိုပြီးပွဲပန်းလာနိုင်ပါတယ်။ ချယ်လ်ဆီးအသင်း နောက်တစ်ဆင့်ကို လွယ်လွယ်ကူကူနဲ့ တက်ရောက်သွားဖို့ များပါတယ်။

**ဘရစ္စတိုးစီးတီး-မန်ယူ နံနက် ၂း၃၀ (၂၁-၁၂-၂၀၁၇)**

ဒီနှစ်သင်းဟာ ထိပ်တိုက်တွေ့ဆုံမှု မရှိတာနဲ့အညီ ပိုပြီးကြည့်ကောင်းမယ့်ပွဲ တစ်ပွဲဖြစ်လာမှာပါ။ ချန်ပီယံရှစ်မှာ ခြေစွမ်းကောင်းနေတဲ့ ဘရစ္စတိုးစီးတီးဟာ ပဲလေ့စ်အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူပြီး ကွာတားဖိုင်နယ်ကို တက်ရောက်လာတာပါ။ မန်ယူအသင်းဟာလည်း ဆွမ်ဆီးအသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့ပြီး ချန်ပီယံဆုကို ကာကွယ်ဖို့ အားစိုက်လာနိုင်ပါတယ်။ လက်ရှိချန်ပီယံ မန်ယူက ကြားရက်ပွဲစဉ်တွေ ကစားထားရတာကြောင့် ပွဲပန်းလာမှုရှိပါတယ်။ ဘရစ္စတိုးစီးတီးအသင်းက ကြားရက်ပွဲစဉ်တွေ မရှိတာကြောင့် အားအင်အပြည့်နဲ့ ပွဲထွက်လာမှာဖြစ်လို့ မန်ယူအနေနဲ့ ခက်ခက်ခဲခဲ ကစားရဖို့ရှိတယ်။

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

**မှတ်ပုံတင်စာရင်းရှိ မှားယွင်းမှုများကို ပြင်ဆင်နိုင်သည့် တရားရုံး၏ အခွင့်အာဏာ**

၁၀၁။(က) အကယ်၍ -

(၁) ဤဥပဒေအရ ကုမ္ပဏီက ထိန်းသိမ်းထားရှိရမည်ဖြစ်သော မှတ်ပုံတင်စာရင်း တစ်ခု၌ ပုဂ္ဂိုလ်တစ်ဦးဦး၏အမည်ကို မှားယွင်း၍ ဖော်ပြခဲ့လျှင် သို့မဟုတ် ပယ်ဖျက်ခဲ့လျှင် သို့မဟုတ်

(၂) ပုဂ္ဂိုလ်တစ်ဦးဦးအား ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲသည့်အချက်အလက်ကို မှတ်ပုံတင်စာရင်းတွင် ရေးသွင်းရန်ပျက်ကွက်ခဲ့လျှင် သို့မဟုတ် မလိုလားအပ်သော နှောင့်နှေးမှုကို ပြုလုပ်ခဲ့လျှင်၊ နစ်နာသည့်ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူ တစ်ဦးဦး သို့မဟုတ် ကုမ္ပဏီသည် မှတ်ပုံတင်စာရင်းတွင် ပါရှိသောမှားယွင်းမှုကို ပြင်ဆင်ပေးနိုင်ရန်အတွက် တရားရုံးသို့ လျှောက်ထား တင်ပြနိုင်သည်။

(ခ) တရားရုံးသည် လျှောက်ထားမှုအားငြင်းပယ်နိုင်သည် သို့မဟုတ် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန်နှင့် နစ်နာသူပုဂ္ဂိုလ်ကြုံတွေ့ ခံစားခဲ့ရသော ထိခိုက်နစ်နာမှုများအတွက် ကုမ္ပဏီမှပေးလျော်စေရန် အမိန့်ချမှတ်နိုင်သည့်အပြင် တရားရုံးက သင့်သည် ထင်မြင်သည့် ကုန်ကျစရိတ်များကိုလည်း ပေးချေစေရန် အမိန့်ချမှတ်နိုင်သည်။

(ဂ) တရားရုံးအနေဖြင့် ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားမှုတစ်ရပ်ရပ်အရ တင်ပြလာသည့်ကိစ္စရပ်သည် လျှောက်ထားမှုတွင် သက်ဆိုင်သူအဖြစ်ပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးကရင်း၏ အမည်အား မှတ်ပုံတင်စာရင်းတွင် ထည့်သွင်းဖော်ပြခြင်း သို့မဟုတ် ချန်လှပ်ထားခြင်းနှင့်စပ်လျဉ်း၍ ရထိုက်ခွင့်ရှိသော အကြောင်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဆုံးဖြတ်နိုင်သည်။ တရားရုံးသည် အများအားဖြင့် မှတ်ပုံတင်စာရင်းရှိ မှားယွင်းမှုများကို ပြင်ဆင်ပေးနိုင်ရန်အတွက် လိုအပ်သောကိစ္စရပ်များ သို့မဟုတ် ဆုံးဖြတ်ပေးရမည်ဖြစ်သော လိုအပ်သော ဆောင်ရွက်မှုများကို ဆုံးဖြတ်နိုင်သည်။ သို့ရာတွင် တရားရုံးသည် ဥပဒေရေးရာ ပြဿနာတစ်ရပ်ရပ် ပါရှိနိုင်သည့် ကိစ္စရပ်တစ်ခုခုကို ဖြေရှင်းစေရန်ညွှန်ကြားနိုင်ပြီး အဆိုပါကိစ္စရပ်အပေါ် ချမှတ်သည့်ဆုံးဖြတ်ချက်တစ်ရပ်ရပ်အား အယူခံတင်ပြခြင်းကို တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၀ တွင် ဖော်ပြထားသည့် အကြောင်းအချက်များအပေါ် အခြေပြုလျက် ယင်းဥပဒေတွင်ဖော်ပြထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

**မှတ်ပုံတင်စာရင်းရှိမှားယွင်းမှုများကိုပြင်ဆင်ခြင်းအား မှတ်ပုံတင်အရာရှိထံ တင်ပြ အကြောင်းကြားရခြင်း**

၁၀၂။တရားရုံးသည် မှတ်ပုံတင်စာရင်းရှိ မှားယွင်းမှုများကိုပြင်ဆင်ရန် အမိန့်တစ်ရပ်ချမှတ်ခဲ့ပါက မှားယွင်းမှုများအား ပြင်ဆင်ခြင်းကို အဆိုပါ အမိန့်အား ချမှတ်သည့်နေ့မှ ၁၄ ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြအကြောင်းကြားရမည်ဟု ယင်းအမိန့်တွင် ထည့်သွင်းဖော်ပြ၍ ညွှန်ကြားရမည်။

**အထောက်အထားဖြစ်စေရမည့် ကုမ္ပဏီတွင်ပါဝင်သူများနှင့် သက်ဆိုင်သော မှတ်ပုံတင်စာရင်း**

၁၀၃။(က) ဤဥပဒေနှင့် အခြားသက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ထိခိုက်စေခြင်းမရှိဘဲ ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းသည် မှတ်ပုံတင်စာရင်းရေးသွင်းထားသော ကုမ္ပဏီတွင်ပါဝင်သူများ၏ အစုရှယ်ယာများ ရပိုင်ခွင့်အပါအဝင် ယင်းမှတ်ပုံတင်စာရင်းတွင် ဤဥပဒေအရ ညွှန်ကြားထားသည့် သို့မဟုတ် ခွင့်ပြုထားသည့်အတိုင်း ထည့်သွင်းဖော်ပြရမည်ဖြစ်သော ကိစ္စရပ်တစ်ခုခုအတွက် မှန်ကန်ကြောင်း ထင်ရှားသော အထောက်အထား ဖြစ်စေရမည်။

(ခ) ကုမ္ပဏီတစ်ခုသည် ယင်း၏မှတ်ပုံတင်စာရင်းတွင် ရေးသွင်းထားသည့် အစုရှယ်ယာ ပိုင်ဆိုင်သူတစ်ဦးအား အောက်ပါတို့ကို လက်ခံဆောင်ရွက်နိုင်ခွင့်ရှိသော ပုဂ္ဂိုလ်တစ်ဦး အနေဖြင့်သာ လျှင် သတ်မှတ်ရမည် -

(၁) အစုရှယ်ယာနှင့်ဆက်စပ်သော ဆန္ဒမဲပေးပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(၂) အကြောင်းကြားချက်များကို လက်ခံရယူခြင်း၊

(၃) အစုရှယ်ယာနှင့်သက်ဆိုင်သည့် အမြတ်ဝေစုခွဲဝေမှုများကို လက်ခံရယူခြင်းနှင့်

(၄) အစုရှယ်ယာနှင့်ဆက်စပ်သော ရပိုင်ခွင့်များနှင့် အခွင့်အာဏာများကို ကျင့်သုံး ဆောင်ရွက်ခြင်း။

**မှတ်ပုံတင်စာရင်းများနှင့်စပ်လျဉ်း၍ ပျက်ကွက်မှုများ**

၁၀၄။ ကုမ္ပဏီဒါရိုက်တာများနှင့် အခြားအရာရှိအားလုံး၏တာဝန်မှာ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ထိန်းသိမ်းထားရှိရန်နှင့် လိုအပ်သည့်အခါ ရရှိနိုင်စေရန်၊ ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သောအရေးယူဆောင်ရွက်မှုများကိုပြုလုပ်ရန်နှင့် ကုမ္ပဏီ၏အခြား တာဝန်များကို ဆောင်ရွက်ရာတွင် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန် လိုအပ်မည့် ဆောင်ရွက်မှုများကို ပြုလုပ်ရမည်။

၁၀၅။ပုဒ်မ ၁၀၄ ပါပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်လျှင် ပျက်ကွက်မှု၌ သိလျက်ဖြင့်ဖြစ်စေ၊ တမင်ဖြစ်စေ ပါဝင်သည့် ကုမ္ပဏီ၊ ကုမ္ပဏီ၏ ဒါရိုက်တာများနှင့် အခြားအရာရှိများတစ်ဦးစီသည် ဒဏ်ကြေးငွေ ကျပ်ငါးသိန်းကို ပေးဆောင်ရမည်။

**အခန်း(၁၄)**

**အမြတ်ဝေစုများ**

**အမြတ်ဝေစုများသတ်မှတ်ခြင်း**

၁၀၆။(က) ပုဒ်မ ၁၀၇ နှင့် ၁၀၉ တို့အရ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့်အညီ ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီမှတစ်ပါး ကုမ္ပဏီ၏ဒါရိုက်တာ အဖွဲ့သည် ၎င်း၏အစုရှယ်ယာရှင်များသို့ အမြတ်ဝေစုခွဲဝေပေးမည်ဟု သတ်မှတ်၍ အမြတ်ဝေစုပမာဏ၊ ပေးချေရမည့်အချိန်နှင့် ပေးချေရမည့် နည်းလမ်းများကို သတ်မှတ်ရမည်။

(ခ) အမြတ်ဝေစုပေးချေရမည့်နည်းလမ်းများတွင် ငွေသားဖြင့်ဖြစ်စေ၊ အစုရှယ်ယာထုတ်ဝေခြင်းဖြင့် ဖြစ်စေ၊ အော့ပ်ရှင် (option)ပြုခြင်း ဖြင့်ဖြစ်စေ၊ ရရန်ပိုင်ခွင့်များကို လွှဲပြောင်းခြင်းဖြင့် ဖြစ်စေ ဆောင်ရွက်ခြင်းများ ပါဝင်နိုင်သည်။

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အမြတ်ဝေစုအား သတ်မှတ်ခြင်းကို ကုမ္ပဏီမှပေးချေရမည့် ကြွေးမြီအဖြစ်မမှတ်ယူရ။ အဆိုပါသတ်မှတ်ချက်ကို အမြတ်ဝေစု ပေးချေခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို ပြန်လည်ရုပ်သိမ်းနိုင်သည်။ ကြွေးမြီ တင်ရှိခြင်းသည် ငွေပေးချေရန် သတ်မှတ်ထားသည့်အချိန်မှသာ ကျရောက်သည်။

**အမြတ်ဝေစုများအတွက် လိုအပ်သည့်အချက်များ**

၁၀၇။(က) အောက်ပါအချက်များနှင့်မကိုက်ညီလျှင် ကုမ္ပဏီသည် အမြတ်ဝေစု ခွဲဝေပေးခြင်းကို ဆောင်ရွက်နိုင်ခြင်းမရှိစေရ -

(၁) ကုမ္ပဏီသည် အမြတ်ဝေစုခွဲဝေပေးပြီးနောက် ချက်ချင်းကြွေးမြီ စစ်ဆေးချက်ကို ကျေနပ်လက်ခံခြင်း၊

(၂) အမြတ်ဝေစုခွဲဝေခြင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ အားလုံးအတွက် မျှတလျော်ကန်မှုရှိခြင်းနှင့်

(၃) အမြတ်ဝေစုပေးချေခြင်းသည် ကုမ္ပဏီက ယင်း၏မြီရှင်များသို့ ငွေပေးချေရမည့် တာဝန်များကို အများစုထိခိုက်မှုမရှိခြင်း။

(ခ) အမြတ်ဝေစုအား ခွဲဝေဆုံးဖြတ်ပြီးနောက် ယင်းအတွက် ငွေပေးချေရခြင်း မပြုသေးမီကာလအတွင်း ဒါရိုက်တာအဖွဲ့သည် ပုဒ်မခွဲ (က) ပါလိုအပ်ချက်များနှင့် ညီညွတ်မှု မရှိကြောင်းတွေ့ရှိလျှင် အမြတ်ဝေစုအား ပေးချေခြင်းမပြုဘဲထားရှိနိုင်သည်။ ကုမ္ပဏီက အဆိုပါအမြတ်ဝေစုအား ပေးချေခဲ့ပြီးဖြစ်ပါကလည်း ထိုသို့ပေးချေခြင်းသည် တရားဝင် ဆောင်ရွက်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရ။

**ပုဒ်မ ၁၀၇ ပါပြဋ္ဌာန်းချက်များအားလိုက်နာရန် ပျက်ကွက်ခြင်း**

၁၀၈။(က) ကုမ္ပဏီသည် ပုဒ်မ ၁၀၇ ပါသတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်ပါက ဒဏ်ကြေး ငွေကျပ်ငါးသိန်းကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်ဖြင့်တမင် ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာနှင့် အခြားအရာရှိတစ်ဦးစီသည် အလားတူပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

(ခ) ပုဒ်မခွဲ (က) အပြင် ကုမ္ပဏီသည် အမြတ်ဝေစုပေးချေပြီးနောက် ယင်းနှင့်စပ်လျဉ်း၍ လူမွဲစာရင်းဝင်ခဲ့လျှင် ပုဒ်မ ၁၀၇ ပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်၍ အမြတ်ဝေစု ပေးချေခြင်းကို သိလျက်ဖြင့်တမင်ခွင့်ပြုခဲ့သောကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးသည်လည်း ကုမ္ပဏီက ပြန်လည်ရရှိနိုင်သော ရရန်ပိုင်ခွင့်များထက် ကျော်လွန်သည့် မြီရှင်များသို့ ပေးရမည့်ကြွေးမြီများရှိခဲ့လျှင် အမြတ်ဝေစုပမာဏနှင့်အညီ ကုမ္ပဏီ၏ မြီရှင်များအပေါ် တာဝန်ရှိစေရမည်ဖြစ်သည်။ မြီရှင်ကသော်လည်းကောင်း၊ မြီရှင်ကိုယ်စားတရားစွဲဆိုသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကသော်လည်းကောင်း အဆိုပါငွေပမာဏကို ဖော်ပြပါဒါရိုက်တာများထံမှ တောင်းခံရယူနိုင်သည်။

**အမြတ်ဝေစုများခွဲဝေပေးချေခြင်းအားထိခိုက်စေမည့် အခြားကိစ္စရပ်များ**

၁၀၉။(က) ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့သည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြတ်ဝေစုအား ခွဲဝေသတ်မှတ်ခြင်းမပြုရ -

(၁) အစုရှယ်ယာအမျိုးအစား တစ်ရပ်တည်းတွင် အစုရှယ်ယာ အချို့နှင့်သာ သက်ဆိုင်ပြီး အစုရှယ်ယာအားလုံးနှင့် သက်ဆိုင်ခြင်းမရှိလျှင် သို့မဟုတ်

(၂) အစုရှယ်ယာအမျိုးအစားတစ်ရပ်တည်းတွင် အစုရှယ်ယာ အချို့မှ အခြားအစုရှယ်ယာများထက် အမြတ်ဝေစုပမာဏ ပိုမိုရရှိခြင်း၊

တစ်စိတ်တစ်ဒေသငွေပေးချေရန် လိုအပ်သည့် အစုရှယ်ယာများနှင့်သက်ဆိုင်လျှင် အဆိုပါအစုရှယ်ယာအတွက် ခွဲဝေပေးမည့် အမြတ်ဝေစုပမာဏသည် ထိုသို့ ပေးချေထားသည့် ငွေပမာဏ အချိုးအစားအတိုင်း အမြတ်ဝေစုများအား ခွဲဝေသတ်မှတ်ရမည်။

(ခ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အောက်ပါ အချက်များနှင့်ညီညွတ်လျှင် ကုမ္ပဏီသည် အဆိုပြုအမြတ်ဝေစုအစား ယင်းအမြတ်ဝေစု၏ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အစုရှယ်ယာများအဖြစ်လက်ခံရန် သဘောတူညီသည့် အစုရှယ်ယာရှင်များကို အစုရှယ်ယာများအား ထုတ်ပေးနိုင်သည်-

(၁) အဆိုပြုထားသော အမြတ်ဝေစုအစား အားလုံးအတွက် ဖြစ်စေ၊ တစ်စိတ်တစ်ဒေသအတွက်ဖြစ်စေ တူညီသည့် စည်းကမ်းချက်များဖြင့် တူညီသည့်အစုရှယ်ယာ အမျိုးအစားကို ပိုင်ဆိုင်သူသို့ ကမ်းလှမ်းရမည်။

(၂) သဘောတူညီထားသည့် အစုရှယ်ယာရှင်များ၏ လက်ခံသောအစုရှယ်ယာများနှင့် ဆက်စပ်သည့် ဆန္ဒမဲပေးခွင့်နှင့် ခွဲဝေဆောင်ရွက်နိုင်ခွင့်ထားရှိရမည်။

(၃) အဆိုပါကမ်းလှမ်းမှုကို လက်ခံနိုင်ရန်အတွက် အနည်းဆုံး ၂၁ ရက် ကာလထားရှိရမည်။

(၄) အစုရှယ်ယာများကို လက်ခံရန်သဘောတူသည့် အမျိုးအစားတူ အစုရှယ်ယာရှင် တစ်ဦးစီသို့ ထုတ်ဝေသည့် အစုရှယ်ယာများမှာ တူညီသော အခွင့်အရေးများ၊ တူညီသော စည်းကမ်းချက်များဖြင့် ထုတ်ဝေခြင်းဖြစ်ရမည်။ ၎င်းအပြင်

(၅) ပုဒ်မ ၆၃ နှင့် ပုဒ်မ ၇၁ တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များကို ယင်းတို့နှင့် သက်ဆိုင်သမျှ လိုက်နာရမည်။

၁၁၀။ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၀၉ ပါသတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ဒဏ်ကြေး ငွေကျပ် ၁၀ သိန်းကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်ဖြင့်တမင် ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးစီသည် အလားတူ ပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

**အကျိုးအမြတ်များကို မတည်ရင်းနှီးမြှုပ်နှံခြင်း**

၁၁၁။ပုဒ်မ ၁၀၉ ပါပြဋ္ဌာန်းချက်များအား ဆန့်ကျင်ခြင်းမရှိစေဘဲ ကုမ္ပဏီတစ်ခုသည် ယင်း၏ အကျိုးအမြတ်များကို ပြန်လည်ရင်းနှီးမြှုပ်နှံနိုင်သည်။ ထိုသို့ ရင်းနှီးမြှုပ်နှံခြင်းသည် အစုရှယ်ယာများ ထုတ်ဝေရန် မလိုပါ။

**အခန်း(၁၅)**

**အစုရှယ်ယာမတည်ငွေရင်းကိုအကျိုးသက်ရောက်စေမည့် ဆောင်ရွက်ချက်များနှင့်အကြောင်းအရာများ**

**အစုရှယ်ယာမတည်ငွေရင်းအား ပြောင်းလဲပြင်ဆင်ခြင်း**

**အစုရှယ်ယာမတည်ငွေရင်းအား ပြောင်းလဲရန်အတွက် အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီ၏အခွင့်အာဏာ**

၁၁၂။(က) အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုသည် ယင်း၏ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့်အညီ ယင်း၏အစုရှယ်ယာ မတည်ငွေရင်း ပြောင်းလဲပြင်ဆင်ခြင်းကို အောက်တွင် ဖော်ပြထားသည့်အတိုင်း ပြုလုပ်နိုင်သည်-

(၁) အခန်း (၁၁) ပါပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီ၏ မတည်ငွေရင်းအား တိုးမြှင့်ခြင်းအတွက် လိုအပ်သည်ဟု ထင်မြင်သည့် အစုရှယ်ယာအသစ်များကို ထုတ်ဝေနိုင်သည်။

(၂) အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် သာမန်ဆုံးဖြတ်ချက်ကို အထောက်အထားပြု၍ ကုမ္ပဏီ၏အစုရှယ်ယာမတည်ငွေရင်းအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ပေါင်းစည်း၍ ပိုမိုများပြားသော အစုရှယ်ယာများအဖြစ် ပိုင်းခြားခြင်း ပြုလုပ်နိုင်သည်၊ လက်ရှိအစုရှယ်ယာများဖြင့် မပေးချေရသေးသော ငွေပမာဏရှိခဲ့လျှင် အဆိုပါ ငွေပမာဏကို အစားဖြည့်စွက်သည့် အစုရှယ်ယာအနက် ညီမျှစွာပိုင်းခြားရမည်။

(၃) အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် သာမန်ဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီ၏ အစုရှယ်ယာများကို သို့မဟုတ် အချို့ကို မူလထုတ်ဝေထားသော ပမာဏထက် နည်းပါးသည့် အစုရှယ်ယာများအဖြစ်သို့ ထပ်မံပိုင်းခြားနိုင်သည်။ သို့ရာတွင် ထိုသို့ထပ်မံပိုင်းခြားသည့်အခါ ပိုင်းခြားခဲ့သော အစုရှယ်ယာအသစ်တစ်ခုတွင် ငွေပေးချေပြီးသည့်ပမာဏနှင့် ငွေပေးချေခြင်းမပြုရသေးသည့် ပမာဏအချိုးအစားသည် မူလအစုရှယ်ယာများကဲ့သို့ပင် တူညီရမည်ဖြစ်သည်။

(၄) အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်ဖြင့် သာမန်အစုရှယ်ယာတစ်ခုကို ဦးစားပေးအစုရှယ်ယာတစ်ခုအဖြစ် ပြောင်းလဲနိုင်သည်။

(၅) အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်ဖြင့် ဦးစားပေးအစုရှယ်ယာတစ်ခုကို သာမန်အစုရှယ်ယာတစ်ခုအဖြစ် ပြောင်းလဲနိုင်သည်။

(၆) ဤအပိုင်း၏ အခန်း (၁၁) ပါပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ရွေးနုတ်ယူနိုင်သော ဦးစားပေးအစုရှယ်ယာ တစ်ရပ်ရပ်ကိုပြန်လည်ရွေးနုတ်နိုင်သည်။

(၇) ကုမ္ပဏီ၏ အစုရှယ်ယာ မတည်ငွေရင်းကို ဤအခန်းတွင် ဖော်ပြပါရှိသော နည်းလမ်းများဖြင့် လျှော့ချနိုင်သည်။

(၈) အစုရှယ်ယာများကို ဤအခန်းတွင်ဖော်ပြပါရှိသော နည်းလမ်းများဖြင့် ပြန်လည်ဝယ်ယူနိုင်သည်။

(၉) ကုမ္ပဏီ၏အစုရှယ်ယာများကို ဝယ်ယူခြင်းနှင့်သက်ဆိုင်သည့် ငွေကြေးအထောက်အပံ့များကို ဤအခန်းတွင် ဖော်ပြပါရှိသော နည်းလမ်းများဖြင့်ဆောင်ရွက်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) သည် ဤဥပဒေအရသော်လည်းကောင်း၊ အခြားသက်ဆိုင်ရာ ဥပဒေ တစ်ရပ်ရပ်ကသော်လည်းကောင်း ခွင့်ပြုနိုင်သော အစုရှယ်ယာမတည်ငွေရင်းကို ပြောင်းလဲပြင်ဆင်နိုင်မည့် အခြားသောအခွင့်အရေးတစ်ရပ်ရပ်ကို ကန့်သတ်ထားခြင်းမရှိသည့်အပြင် ဤဥပဒေ၏ အခြားအခန်းများတွင်ပါရှိသောပြဋ္ဌာန်းချက်များကိုလည်း ထိခိုက်စေခြင်း မရှိစေရ။

**ဆက်လက်ဖော်ပြပါမည်။**

# ဖလူးကျေးရွာအုပ်စုတွင် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိလာတော့မည်

**မြဝတီ ဒီဇင်ဘာ ၁၈**
ကရင်ပြည်နယ် မြဝတီမြို့နယ် ဖလူးကျေးရွာအုပ်စု ရသေ့ဂူကျေးရွာကလေးသည် မြန်မာ-ထိုင်းနယ်စပ် သောင်ရင်းမြစ်ကမ်းနံဘေးတွင်တည်ရှိသော်လည်း တွင်းတိမ်၊ ရေတွင်းများမှ ရေများမှာထုံးခါတ်လွန်ကဲသောကြောင့် ကျေးရွာနေပြည်သူများအနေဖြင့် ရေချိုသောက်သုံးရေအတွက်စိမ့်စမ်းရေအနည်းငယ်နှင့် သောင်ရင်းမြစ်ရေတို့ကိုသာ အဓိက မှီခိုအားထားနေရကြောင်း သိရသည်။

အဆိုပါကျေးရွာတွင်အိမ်ခြေ ၆၂ အိမ်၊ လူဦးရေ ၂၉၉ ဦးမှီတင်းနေထိုင်လျက်ရှိပြီး ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ကျေးလက်ဦးစီးဌာန၏ရေရှည်ရေရရှိရေးလုပ်ငန်းအဖြစ် ယခုအခါ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သန့်ရှင်းသောသောက်သုံးရေရရှိ စေမည့် စက်ရေတွင်း(တွင်းနက်) တစ်တွင်းအား တူးဖော်ပေးခြင်းနှင့်စင်မြင့်ရေကန် တစ်ကန် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ထိုကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့စင်မြင့် ရေကန်တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၇-၂၀၁၈ ဘတ်ဂျက်ငွေကျပ် ၁၁၅ သိန်းဖြင့် နိုဝင်ဘာလအတွင်းစတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ လုပ်ရာင်န်းခွင်သို့ ကော့ကရိတ်ခရိုင် ကျေးလက်ဦးစီးမှူး ဦးစိုးနိုင်ဝင်းနှင့်အဖွဲ့မှ ဒီဇင်ဘာ ၁၄ ရက်က ကွင်းဆင်းကြီးကြပ်ပေးခဲ့ပြီးဆောင်ရွက်လျက်ရှိသော စက်ရေတွင်းအားရေကြည်သည်အထိ စဉ်ဆက်မပြတ်ထိန်းသိမ်းမောင်းနှင်ပေးရန်နှင့် ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်၊ ရေစက်ရုံတို့အား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

"အရင်က ဒီသောင်ရင်းမြစ်ကမ်းနံဘေးမှာရှိတဲ့ ကျေးရွာတွေဟာ သောက်သုံးရေကို သောင်ရင်းမြစ်ထဲက ရေချိုတွေကိုမှီပြီးသုံးစွဲရတယ်၊ မိုးတွင်းပိုင်းဆို ရေစီးကလည်းသန်တယ်၊ ရေကလည်းနောက်တယ်၊ ဒေသခံတွေအနေနဲ့ရေဆင်းခပ်ရတာလည်း အန္တရာယ်ရှိသလို ကျန်းမာရေးအရလည်း သန့်ရှင်းတဲ့ ရေကြည်ရေသန့်မဟုတ်ပြန်ဘူး၊ မြစ်နဲ့ဝေးတဲ့ အိမ်အချို့ကတော့ ထုံးခါတ်ပမာဏများတဲ့ တွင်းတိမ်က ရေတွေကိုပဲသုံးစွဲနေကြရပါတယ်"ဟု မြို့နယ်ကျေးလက်ဦးစီးမှူးဦးငွေစိုးက ပြောသည်။

ထို့ကြောင့် မြဝတီမြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မြဝတီမြို့နယ်အတွင်း နွေရာသီရေရှားပါးပြတ်လပ်နိုင်ပြီး သန့်ရှင်းသောရေမရရှိသော(ထုံးခါတ်လွန်ကဲသောရေ) ထွက်သောကျေးရွာများ၌ စက်ရေတွင်း သုံးတွင်းကို ရန်ပုံငွေ သန်း ၃၀ကျော် ကုန်ကျခံပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင်မြဝတီမြို့နယ်ကျေးလက်ဦးစီးဌာနအနေဖြင့် နိုင်ငံတော်မှထောက်ပံ့ရန်ပုံငွေ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များ၏ ရန်ပုံငွေများဖြင့်စက်ရေတွင်းများ၊ ရေသိုလှောင်ကန်များကိုလှူဒါန်းလို၍ ချိတ်ဆက်လာမှုများကိုလည်း သောက်သုံးရေအမှန်တကယ်လိုအပ်သည့်ကျေးရွာများကို ဦးစားပေးရွေးချယ်ကာ ညှိနှိုင်းပေါင်းစပ်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



## မြောက်ဦးမြို့အား ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်နိုင်ရေး မြို့နယ်လုံးကျွတ်သန့်ရှင်းရေးပြုလုပ်

**မြောက်ဦး ဒီဇင်ဘာ ၁၈**
ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့အား ကမ္ဘာ့ရှေးဟောင်းယာဉ်ကျေးမှုအမွေအနှစ် UNESCO အဖြစ်စာရင်းဝင်နိုင်ရေးအတွက် မြို့နယ်လုံးကျွတ် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၈ နာရီက မြို့တွင်း နေရာအနှံ့အပြားတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြို့နယ်လုံးကျွတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို မြောက်ဦးမြို့ပေါ်အတွင်းရှိ အထင်ကရနေရာများဖြစ်သော သျှစ်သောင်းပုထိုးတော်၊ ထုက္ကံသိမ်ပုထိုးတော်၊ ရတနာပုံစေတီ၊ ဇိနမာရ်အောင်စေတီတော်၊ လက်ဆည်ကန်တံတိုင်း၊ စန္ဒမုနိဘုရား၊ နန်းတော်ရာကုန်း တတိယထပ်တို့ရှိ ချုံနွယ်ပိတ်ပေါင်းများ၊ အမှိုက်သရိုက်များနှင့်ပလတ်စတစ်အိတ်ခွံများအား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ မြို့နယ်လုံးကျွတ်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အမှတ် ၃၁ ရဲတပ်ရင်းမှတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းမှတပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်နေပြည်သူများပါဝင်၍ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြသည်။

ထို့နောက် မြောက်ဦးမြို့ပေါ်ရှိဌာနဆိုင်ရာရုံးများ၊ မြို့ပေါ်ရပ်ကွက်အတွင်းရှိ ရပ်ကွက်နေပြည်သူများကလည်း မိမိတို့အိမ်ရှေ့လမ်းဘေးဝဲယာများ၌ ပေါက်ရောက်နေသော ချုံနွယ်မြက်ပင်များ၊ သာသနိကအဆောက်အအုံများ၊ ဘုရား၊ ပုထိုး၊ စေတီများ၊ တံတိုင်းများ၊ စာသင်ကျောင်းများ၊ မြို့နယ်ပြည်သူ့ဆေးရုံစသည့်နေရာများတွင် မြို့နယ်သန့်ရှင်းသာယာလှပရေးနှင့် မြောက်ဦးမြို့အား ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် မြို့နယ်လုံးကျွတ်စုပေါင်းပါဝင်သန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**
၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲများကို ဒီဇင်ဘာ ၁၇ နံနက် ၉ နာရီက ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ ကျင်းပခဲ့သည်။



အသင်းလိုက်စွမ်းရည်ပြ(၁+၂)၊ (ကျား/မ) ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာတွင် ရှမ်းပြည်နယ်အသင်းက ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ဒုတိယနှင့် မွန်ပြည်နယ်အသင်းက တတိယဖြင့် လည်းကောင်း၊ စွမ်းရည်ပြ(၁+၄)၊ (ကျား) ပြိုင်ပွဲ အဖြစ် ယှဉ်ပြိုင်ကစားကြရာတွင် မန္တလေးတိုင်းဒေသကြီး အသင်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ဒုတိယ၊ ရှမ်းပြည်နယ်အသင်းက တတိယဖြင့် လည်းကောင်း၊ စွမ်းရည်ပြ(၁+၅)၊ (ကျား) အချုပ်အဖြည်ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာတွင် မန္တလေးတိုင်းဒေသကြီး အသင်းက ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တတိယဖြင့် လည်းကောင်း၊ (၆၃)နည်းပညာပြိုင်ပွဲ အဖြစ် ယှဉ်ပြိုင်ကစားကြရာတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက ပထမ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက တတိယဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားသည်။

ဆက်လက်၍ ဓားသိုင်းအတိုက်ပြိုင်ပွဲကို ယှဉ်ပြိုင်ကစားကြရာ (ဓား-၂)လက် အမျိုးသမီး(၅၀-၅၅) ကီလိုတန်းပြိုင်ပွဲတွင် ရိုစီ(ရှမ်း)နှင့် ခင်သစ္စာအောင်(စစ်ကိုင်း)တို့ ယှဉ်ပြိုင်ကစားကြရာ ရိုစီ(ရှမ်း)က လည်းကောင်း၊ (ဓား-၂)လက် အမျိုးသား (၅၅-၆၀) ကီလိုတန်းပြိုင်ပွဲတွင် စိုင်းနောင့်(ရှမ်း)နှင့် မြတ်မင်းသော်(ရန်ကုန်)တို့ ယှဉ်ပြိုင်ကစားကြရာ စိုင်းနောင့်(ရှမ်း)က လည်းကောင်း၊ (ဓား-၁)လက် အမျိုးသား (၅၀-၅၅) ကီလိုတန်းပြိုင်ပွဲတွင် ဇေယျာဝင်း(ရန်ကုန်)နှင့် လွင်မိုးအောင်(ပဲခူး)တို့ ယှဉ်ပြိုင်ကစားကြရာ လွင်မိုးအောင်(ပဲခူး) ကလည်းကောင်း အသီးသီး အနိုင်ရရှိသွားသည်။

ဆက်လက်၍ ပထမနေ့ ဆုပေးပွဲအဖြစ် ဗန်တိုအတိုက်ပြိုင်ပွဲ (ကျား/မ)၊ (ဓား-၁)လက် အတိုက်ပြိုင်ပွဲ(ကျား/မ)၊ (ဓား-၂)လက် အတိုက်ပြိုင်ပွဲ (ကျား/မ) ပြိုင်ပွဲများတွင် ဆုရရှိသူများအား မြန်မာနိုင်ငံ မြန်မာ့သိုင်းအဖွဲ့ချုပ်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **မောင်မောင်ဇော်**

## မြို့သစ်မြို့အနောက်ကွင်း၌ မိုးစပါးစံကွက်ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းဆောင်ရွက်

**မြို့သစ် ဒီဇင်ဘာ ၁၈**
မကွေးခရိုင် မြို့သစ်မြို့ အနောက်ကွင်းရှိ တောင်သူဒေါ်မာမာမြင့်၏ ဧရာမင်းမိုးစပါးစံပြကွက်ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လယ်ယာမြေစီမံခန့်ခွဲမှုနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက မိုးစပါးစံပြကွက်ရိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လာရောက်ကြည့်ရှုခဲ့ကြသည်။

ထိုသို့ ဧရာမင်းမိုးစပါးစံပြကွက်အား မြို့နယ်စက်မှုလယ်ယာဦးစီးဌာနရှိ စပါးခြွေလှေ့စက်ဖြင့် ရိတ်သိမ်းဆောင်ရွက်ခဲ့ရာ ကွင်းအမှတ်၁၃၀၂(ခ)၂၆၀ ဧဦးပိုင်အမှတ် ၇၂ မြေမျိုးS2မြေဖြစ်ပြီး စပါးမျိုးကွဲဧရာမင်းစပါး၊ ရေသောက်နည်းလမ်းပုလင်းဆည်(DY-3A)ဖြစ်ရာလက်တွေ့ကျကျရိတ်သိမ်း ခြွေလှေ့နေမှုအား လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ လယ်ယာမြေစီမံခန့်ခွဲမှုနှင့်စာရင်းအင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးသက်နိုင်ဦး၊ လယ်ယာမြေစီမံခန့်ခွဲမှုနှင့်စာရင်းအင်းဦးစီးဌာန ဒု-လက်ထောက်ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးဦးစီးဌာနမှူးနှင့် လေ့လာရန်ရောက်ရှိကြသော မကွေးမြို့နယ်၊ တောင်တွင်းကြီး၊ နတ်မောက်၊ရေနံချောင်းချောက်ရှိမြို့နယ် ဦးစီးမှူးများနှင့် ဒုတိုင်းဦးစီးမှူးများက မြို့သစ်မြို့ရှိ အဆိုပါရိတ်သိမ်းခြွေလှေ့သည့်ကွင်းသို့ လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**



# ဂန့်ဂေါမြို့နယ်အတွင်း စပ်မျိုးနေကြာများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာ

**ဂန့်ဂေါ ဒီဇင်ဘာ ၁၈**
ဂန့်ဂေါမြို့နယ်တွင် ဆောင်းရာသီ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့် နေကြာကို စိုက်ပျိုးလျက်ရှိရာ နေကြာကို စိုက်ပျိုးရာတွင် ဆီထွက်နှင့် အထွက်နှုန်းကောင်းမွန်သည့် ရေဆင်းစပ်မျိုး (၁) နေကြာမျိုးများကို ယခင်နှစ်ကထက် စိုက်ပျိုးသူ ပိုမိုများပြားလာကြောင်း သိရသည်။

ယခင်နှစ်က ဆောင်းရာသီတွင် စပ်မျိုးနေကြာ ဧက ၂၉၀ ကျော်သာ စိုက်ပျိုးနိုင်ခဲ့ရာမှ ယခုနှစ် ဆောင်းရာသီ ဒီဇင်ဘာ ၁၆ ရက်ထိ ရေဆင်းစပ်မျိုး(၁) နေကြာမျိုး ဧက ၃၀၀ ကျော်ကို စိုက်ပျိုးကြကြောင်းနှင့် အဆိုပါ စပ်မျိုးနေကြာသီးနှံမျိုးစေ့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

ဂန့်ဂေါမြို့နယ်အတွင်း ဆီထွက်သီးနှံ နေကြာကို သီးသန့်အဖြစ်လည်းကောင်း၊ ပဲတစ်မျိုးမျိုးသို့မဟုတ် မြေပဲတို့နှင့် သီးညှပ်အဖြစ်လည်းကောင်း စိုက်ပျိုးလျက်ရှိရာ ဘာပဲစိုက်စိုက် နေကြာညှပ်စိုက်ဆိုသည့် ဆောင်ပုဒ်မှာ ဂန့်ဂေါဒေသတွင် ရေပန်းစားလျက်ရှိနေသည့်အပြင် မိုးစပါးရိတ်ပြီးချိန် လယ်မြေတွင် သီးထပ်အဖြစ်လည်း စိုက်ပျိုးကြသည်ကို တွေ့ရသည်။

ဂန့်ဂေါမြို့နယ်အတွင်း ရေဆင်းစပ်မျိုး (၁) နေကြာကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးလာစေရေး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများကလည်း ကျေးရွာများသို့ ကွင်းဆင်းပညာပေးလျက်ရှိကြောင်းနှင့် ဂန့်ဂေါမြို့နယ်၌ ယခုလအတွင်း အချိန်အခါမဲ့ရွာသွန်းခဲ့သောမိုးကြောင့် စပါးရိတ်ပြီးသောလယ်များတွင် ဆောင်းနေကြာများ စိုက်ပျိုးရန် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **၄၆၅**

## ဘီးလင်းမြို့နယ်၌ ကရင်နှစ်သစ်ကူးပွဲတော် စည်ကားစွာကျင်းပ

**ဘီးလင်း ဒီဇင်ဘာ ၁၈**
ဘီးလင်းမြို့နယ်တွင် နှစ်စဉ်ကျင်းပလျက်ရှိသောကရင်နှစ်သစ်ကူးပွဲတော်ကို မဲလံဆံတော်ရှင်တောင်ခြေ၌စည်ကားစွာ ကျင်းပလျက်ရှိကြောင်းသိရသည်။

ကရင်နှစ်သစ်ကူးပွဲတော်ကို ဘီးလင်းမြို့နယ်တွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားစွာကျင်းပလျက်ရှိပြီး ယခုနှစ်တွင်လည်း မဲလံဆံတော်တောင်ခြေ၌ ကျင်းပသဖြင့် ဒေသခံပြည်သူများနှင့် ဘုရားဖူးလာသူများ များပြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကရင်နှစ်သစ်ကူးပွဲတော်ကို ဘီးလင်းမြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက ကရင်နှစ်သစ်ကူးပွဲတော်သို့ တက်ရောက်အားပေးခဲ့ပြီး ပွဲတော်အတွင်း ကရင်ရိုးရာပြခန်း၊ ကရင်ဝတ်စုံအရောင်းဆိုင်များ၊ မှုခင်းပြခန်းယာဉ်များကို လှည့်လည်ကြည့်ရှုခဲ့ပြီး ကရင်ရိုးရာ အကပြိုင်ပွဲသီဆိုဖျော်ဖြေမှုကိုကြည့်ရှုခဲ့သည်။ ထို့နောက် ကရင်ရိုးရာ ဒုံးအကပြိုင်ပွဲတွင် ဆုရရှိကြသော ဒုံးအဖွဲ့များအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်းသိရသည်။ **ထူးနောင်(ဘီးလင်း)**

# ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ပထမဆုံးအကြိမ် တိဘက်ယဉ်ကျေးမှုဓာတ်ပုံပြပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရွှေတိဂုံစေတီတော်မြတ်ကြီး မြောက်ဘက်မုခ်အနီးရှိ ချမ်းသာကြီးတန်ဆောင်းတွင် ပထမဆုံးအကြိမ် တိဘက်ယဉ်ကျေးမှု ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီက အဆိုပါပြပွဲနေရာ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်




တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် တာဝန်ရှိသူများ၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

"ရွှေတိဂုံဘုရားပေါ်မှာ တိဘက်ရိုးရာယဉ်ကျေးမှုဓာတ်ပုံပြပွဲ လာရောက်ကျင်းပရတဲ့ရည်ရွယ်ချက်ကတော့ တရုတ်နဲ့မြန်မာက အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့အတွက် နှစ်နိုင်ငံရှည်လျားတဲ့ သမိုင်းအဆက်ဆက် ဆက်ဆံမှုတွေရှိနေတယ်၊ တိဘက်ဒေသဟာ တရုတ်ပြည်ရဲ့ ဝေးလံတဲ့နေရာဖြစ်ပြီး မြန်မာပြည်သူတွေ တော်တော်များများ မရောက်ရှိတဲ့အတွက် ဒီပြပွဲလေးကို ပြုလုပ်တာပါ။ တိဘက်မှာရှိနေတဲ့ သဘာဝအလှတရားနဲ့ ယဉ်ကျေးမှုရှေးဟောင်းဓလေ့ထုံးတမ်းအစဉ်အလာတွေကို ဒီဓာတ်ပုံပြပွဲကနေတစ်ဆင့်ပိုပြီး နားလည်လာနိုင်အောင် ဒီပြပွဲကို ကျင်းပခြင်းဖြစ်ပါတယ်"ဟု တိဘက်ယဉ်ရှေးဟောင်းယဉ်ကျေးမှု သုတေသနဌာနမှ ဌာနမှူး Zhang Yun က ပြောသည်။

ယင်းပြပွဲတွင် ဘာသာရေးဆိုင်ရာ၊ သဘာဝအလှဆိုင်ရာ၊ လူသားဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနှင့် တိဘက်ယဉ်ကျေးမှုဆိုင်ရာ ဖော်ကျူးထားသည့် ဓာတ်ပုံ ၁၀၀ ကျော်အား ဒီဇင်ဘာ ၁၇ ရက်မှ ၁၈ရက်ထိ နံနက် ၆ နာရီမှ ည ၁၀ နာရီထိ ပြသခဲ့ကြောင်း သိရသည်။

"တိဘက်ဒေသဟာ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေပါတယ်၊ မြန်မာ-တရုတ် နယ်နိမိတ်က ၂၂၀၀ ကီလိုမီတာလောက် ထိစပ်နေတဲ့အနက်မှာ တိဘက်က ကီလိုမီတာ ၂၀၀ ကျော်လောက် မြန်မာနိုင်ငံနဲ့ ထိစပ်နေပါတယ်၊ မြန်မာနိုင်ငံနဲ့ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်တွေကို ဆောင်ရွက်မယ်ဆိုရင် တိဘက်ဒေသကို ချန်ထားလို့မရပါဘူး၊ ဒါကြောင့်မို့ ဒီပွဲကိုကျင်းပပြီးတော့ တိဘက်ပြည်သူတွေ ဖွံ့ဖြိုးတိုးတက်အောင် ဘာတွေလုပ်ဆောင်နေသလဲဆိုတာကို သိအောင် တင်ပြခြင်း ဖြစ်ပါတယ်"ဟု မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်က ပြောသည်။

တိဘက်ဒေသသည် တရုတ်နိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုများအနက် လူမျိုးစုတစ်စုဖြစ်ပြီး တရုတ်နိုင်ငံ အုပ်ချုပ်မှုစနစ်အရ ပြည်နယ်အစိုးရ ၂၆ ခုရှိကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခုအနက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုဖြစ်ပြီး လူဦးရေ ၂ ဒသမ ၆ သန်းကျော်ရှိကြောင်း သိရသည်။

အဆိုပါပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြန်ကြားရေးရုံး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ မြန်မာတရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၊ တိဘက်သုတေသန စင်တာ၊ မြန်မာ-တရုတ်ဗုဒ္ဓဘာသာယဉ်ကျေးမှုနှီးနှောဖလှယ်ရေးနှင့်မြှင့်တင်ရေးအသင်းတို့က စီစဉ်ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်း-အေးမင်းသူ၊ ဓာတ်ပုံ-ဓာနည်မောင်**

# ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ရွှေကူ ဒီဇင်ဘာ ၁၈**

ကချင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်းသည် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် အမှတ်(၂)ရပ်ကွက်



အတွင်းရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခွင့်ပြုရန်ပုံငွေကျပ် ၈၇ ဒသမ ၃၂ သန်းဖြင့် တာဝန်ယူ တည်ဆောက်သည့် မြို့နယ်ကျေးလက်ဦးစီးရုံးအဆောက်အအုံ RCC နှစ်ထပ် (ပေ၅၀ x ပေ ၄၀ x၂၄ ပေ) ဆောက်လုပ်ခြင်း လုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လွင်ပြေဟိန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် လမ်းကူးကျေးရွာ စိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်း၊ ဂါလန် ၅၀၀၀ ဆံ့ရေကန်တည်ဆောက်ခြင်းကို ဆက်လက်စစ်ဆေးခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# လွတ်လပ်ရေးနေ့အကြို စာပေဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်/ဆက်ဦးစီးဌာန (အင်းစိန်)နှင့်အင်းစိန်မြို့နယ်၊ စာပေဥယျာဉ် (Book Club) အသင်းတို့ပူးပေါင်း၍ ၂၀၁၈ ခုနှစ် နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အကြိုစာပေဟောပြောပွဲပြုလုပ်နိုင်ရန်အတွက် ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီက လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အင်းစိန်မြို့နယ် စာပေဥယျာဉ် (Book Club) အသင်းဥက္ကဋ္ဌ ဦးဘိုကြည်က နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြိုစာပေဟောပြောပွဲကို ဒီဇင်ဘာ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် အင်းစိန်မြို့နယ် ပိန္နဲကုန်း အလက(၆)၌ စာရေးဆရာ သက်လှိုင်မျိုး (စက်မှုတက္ကသိုလ်)၊ ရန်မိုးအောင်(အင်းစိန်)၊ ဗလမင်းထင်နှင့် ဆရာစိန်ညိုမင်း(ထန်းတပင်)တို့က မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးအတွက် လွတ်လပ်ရေးနေ့အကြောင်း သိကောင်းစရာများကို ဟောပြောကြမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် စာပေဟောပြောပွဲဖြစ်မြောက်ရေးအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ အင်းစိန်မြို့နယ်၊ သတင်းစာဆရာအသင်းဥက္ကဋ္ဌ စာပေဥယျာဉ် (Book Club) အသင်းဥက္ကဋ္ဌက အလှူငွေကျပ် ၅၀၀၀၀၊ (UDP) ဦးသက်အောင်က စာပေဟောပြောပွဲဗီနိုင်း နှစ်ချပ်အတွက် ငွေကျပ် ၆၀၀၀၀၊ ရန်နောင် (ပညာရေး)က ငွေကျပ် ၂၀၀၀၀နှင့် သက်လှိုင်မျိုး (စက်မှုတက္ကသိုလ်)၊ ဆရာဦးတင်လှိုင်၊ ဆရာမောင်သာတင့်၊ စိန်ညိုမင်း (ထန်းတပင်)၊ မြို့သစ်မောင် (အင်းစိန်)တို့က ကျပ် ၁၀၀၀၀စီတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **ညဏ်ဟိန်း**



**ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ၁၁ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုနှင့် လူကုန်ကူးမှုပပျောက်ရေးဟောပြောပွဲကို ဒီဇင်ဘာ ၁၃ ရက်က ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနေဝင်းနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းဆွေမြင့်တို့ ပညာပေးဟောပြောဆွေးနွေးစဉ်။** ကြေးမုံ



# ဖြူးမြို့နယ်တွင် လွတ်လပ်ရေးနေ့ ကျင်းပရေး ဆွေးနွေး

**ဖြူး ဒီဇင်ဘာ ၁၈**

ဖြူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးဌာနက ကြီးမှူးကျင်းပသော အသက် ၉၀ ပြည့် ဘိုးဘွားများအား ထောက်ပံ့ကြေး ပေးအပ်ရေး၊ လွတ်လပ်ရေးနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပရေးနှင့် ရပ်ကွက်အုပ်ချုပ်ချုပ်ရေးမှူးများအား ဥပဒေနှင့်အညီ ပြန်လည်ရွေးချယ်ရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်စည်ပင်သာယာခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်၊ တိုင်းဒေသကြီး ၁ လွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးတို့က အမှာစကားပြောကြားခဲ့ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ယခုလာမည့် လွတ်လပ်ရေးပွဲတွင် ကျောင်းသား ကျောင်းသူများ၏ တေးသရုပ်ဖော်ကကွက်များ၊ ကိုယ်ကာယလေ့ကျင့်ခန်းများ၊ ဌာနဆိုင်ရာပြခန်းများ၊ ဖူဆယ်ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်ပြိုင်ပွဲနှင့် မြန်မာ့ရိုးရာအားကစားပြိုင်ပွဲများ၊ ဖြေဖျော်ရေး အစီအစဉ်များ ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **သက်မှူး**

# သက်ငယ်မုဒိမ်းမှု ပပျောက်ရေး မှုခင်းအသိပညာပေး ဆွေးနွေး

**ဒလ ဒီဇင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တပင်ရွှေထီးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်း၌ ဒီဇင်ဘာ ၁၆ ရက် ည ၈နာရီက ရပ်ကွက်အတွင်း မှုခင်းများ လျော့နည်းကျဆင်းစေရေးနှင့် သက်ငယ်မုဒိမ်းမှု ပပျောက်စေရေးအတွက် မှုခင်းအသိပညာပေးခြင်းကို ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်းသိရသည်။

မှုခင်းအသိပညာပေးဆွေးနွေးပွဲတွင် ဒလမြို့မရဲစခန်း စခန်းမှူး ဒုရဲမှူးနိုင်ဝင်းက သက်ငယ်မုဒိမ်းမှုပပျောက်စေရေးအတွက် ရပ်ကွက်နေပြည်သူများအနေဖြင့် ပြစ်မှုကျူးလွန်ခြင်း မခံရစေရန်၊ ပြစ်မှု၊ ပြစ်ဒဏ်များ အကြောင်းအရာများကို လည်းကောင်း၊ အဆိုပါ ပြစ်မှုမျိုး မကျူးလွန်မိစေရန် မိမိကလေးငယ်များကို အထူးကြပ်မတ်စောင့်ရှောက်ပေးစေရန်လိုအပ်ပါကြောင်း၊ ရပ်ကွက်အတွင်း ခိုး၊ ဆိုး၊ လုယက်မှုများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေး တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မှုခင်းအသိပညာများ ရင့်ကျက်လာပါက မှုခင်းများလျော့နည်းပပျောက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရပ်ကွက်နေပြည်သူများ အနေဖြင့် သက်ဆိုင်ရာ မြို့နယ်ရဲစခန်းနှင့် ချိတ်ဆက်၍ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရေးအတွက် သတင်းပေးတိုင်ကြားခြင်းနှင့် လိုအပ်ပါက အကူအညီတောင်းခံနိုင်ကြောင်း အသိပညာပေးဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ရပ်ကွက်နေ ပြည်သူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းခဲ့ရာ စခန်းမှူး ဒုရဲမှူးနိုင်ဝင်းက ပြန်လည်ဖြေကြားခဲ့သည်။ အဆိုပါ မှုခင်းအသိပညာပေးဆွေးနွေးပွဲသို့ ဒေသခံပြည်သူ ၆၀ ကျော်ခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။ **နိုင်လင်းကျော်(ဒလ)**

# အင်တာနက်ကို E-mail ပို့ရုံ၊ Chat လုပ်ရုံပဲလို့သာ သင်ထင်နေသလား

မယမင်းအေး

အင်တာနက်ဆိုတာ အသုံးဝင်မှုအပိုင်းကပြောရင် ကမ္ဘာတစ်ဝန်းက လူသန်းပေါင်း ၁၄၀၀ ကျော်ပါဝင်နေတဲ့ မြို့တော်ကြီး တစ်ခုလို့လည်း ပြောနိုင်ပါတယ်။ ကမ္ဘာပေါ်က လူသန်းပေါင်း ၇၅၀၀ ကျော်ရဲ့ ခြောက်ပုံ တစ်ပုံက ဒီနေ့ခေတ်မှာ အင်တာနက်ပေါ်က တစ်ဆင့် အချင်းချင်းချိတ်ဆက်၊ ရောင်းဝယ်ဖောက်ကားနေကြပါတယ်။ စာမတတ်တဲ့သူ၊ ကိုယ်အင်္ဂါချို့တဲ့သူ၊ နားမျက်စိ အလင်းမရသူများတောင်မှ အင်တာနက်နဲ့ ချိတ်ဆက် အသုံးပြုလာနိုင်ပြီလို့ ဆိုရမှာဖြစ်ပါတယ်။

လူသန်းပေါင်းများစွာ အသုံးပြုတဲ့ အင်တာနက်ရဲ့ အသုံးပြုခကလည်း သာမန်ဆင်းရဲသူများပါ သုံးလာနိုင်အောင် ဈေးနှုန်းသက်သာလာတဲ့အတွက် ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ အင်တာနက်အသုံးပြုမှုဟာလည်း တစ်နေ့တခြားတိုးတက်များပြားလာခဲ့ပါတယ်။ လူကြီးလူငယ်မရွေး အင်တာနက်ကို ပါးစပ်ဖျားက မချ၊ လက်ကကိုင်လာနိုင်တဲ့ အင်တာနက်ရဲ့ တန်ခိုးအရှိန်ဟာ ကြီးမားလာနေပါပြီ။ အင်တာနက်ကို ကမ္ဘာတစ်ဝန်းကချိတ်ဆက် အသုံးပြုနေတဲ့ နှုန်းထားဟာဆိုရင်ဖြင့် တစ်နာရီထက် တစ်နာရီ ပိုပြီး တိုးတက်လျက်ရှိပါတယ်။ အင်တာနက်ဟာ ဘယ်သူ့ကိုပဲဖြစ်ဖြစ် အကြောင်းအရာပေါင်းစုံကို တစ်ထိုင်တည်း၊ တစ်ချက်တည်းနဲ့ ရှာဖွေပေးနိုင်ပြီး လွယ်ကူလျင်မြန်စွာ ကမ္ဘာတစ်ဝန်းနဲ့ ဆက်သွယ်ပေးနိုင်တဲ့ အစွမ်းရှိပါတယ်။ ဒီတော့ အင်တာနက်သုံးတဲ့အခါ ဘာတွေသိထားရမလဲဆိုတာ အောက်မှာ ဖော်ပြပေးလိုက်ပါတယ်။

**အချက်အလက်ရှာဖွေခြင်းနှင့် အချက်အလက်ရှာဖွေပေးသူများ**

အင်တာနက်အသုံးပြုတဲ့အခါ သိထားရမှာက ဘယ်လို အကြောင်းအရာ အချက်အလက်တွေ ဘယ်နေရာကနေ ရှာလို့ရမလဲဆိုတာပါပဲ။ အင်တာနက်ပေါ်ကို အစိုးရတွေက အစပြုလို့ နိုင်ငံတကာ ကော်ပိုရေးရှင်းတွေ၊ ပညာရေးအဖွဲ့အစည်းတွေ၊ လုပ်ငန်းရှင်စီးပွားရေးသမားတွေ၊ အလယ်သာမန်ကျောင်းသားကျောင်းသူများတွေအဆုံး အချိန်နဲ့အမျှ အမျိုးမျိုးသော အကြောင်းအရာတွေကို တင်လေ့ ရှိပါတယ်။ အင်တာနက်အပေါ်ကို သူတို့ရဲ့အကြောင်းအရာတွေ၊ သူတို့သိတဲ့အချက်တွေကို တင်ခြင်းအားဖြင့် အဲဒီအချက်တွေကို အခြားသူတွေသိမယ်၊ သူ့အလုပ်ကို နိုင်ငံတစ်ဝန်းက လူတွေ ပိုသိလာမယ်။ ဒီလိုနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးကို ကမ္ဘာအရပ်ရပ်က သိပြီး ပိုမိုအောင်မြင်လာနိုင်ပါတယ်။ ဒီနည်းအားဖြင့် မိမိသိတဲ့အချက်ဖြစ်စေ၊ မိမိရဲ့ကဗျာဖြစ်စေ၊ မိမိရဲ့ ဆောင်းပါးဖြစ်စေ၊ မိမိရဲ့ အတွေ့အကြုံတွေဖြစ်စေ၊ မိမိရဲ့မှတ်ချက်တွေကိုပဲဖြစ်စေ လူတွေ အဖွဲ့အစည်းတွေဟာ အင်တာနက်ပေါ်မှာ တင်လာကြပါတယ်။ ဒီလိုအချက်တွေ တင်လာကြတဲ့အတွက် အင်တာနက်ပေါ်မှာ အချက်အလက်တွေဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုပြီး များပြားလာပါတယ်။ ဒီလိုနဲ့ပဲ ယနေ့လူတွေဟာ လိုအပ်တဲ့ အချက်မှန်သမျှကို



အင်တာနက်ကနေ ရှာကြတဲ့ ဓလေ့တစ်ခုကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လက်ခံလာရတော့တာပါပဲ။ ခုဆို ကြည့်လိုက်ပါဦး။ နိုင်ငံတော် သမ္မတကြီးကိုယ်တိုင်တောင် ပြည်သူလူထုနဲ့ တိုက်ရိုက်ဆက်သွယ်နိုင်ဖို့ ကိုယ်ပိုင်ဝက်ဘ်ဆိုက်တွေ ဖန်တီးလာခဲ့ပါပြီ။ ဒါ့အပြင် ခုတစ်လော အားလုံးလည်းသိကြတဲ့ ဦးပဥ္စင်းဦးကျော်ဟိန်းရဲ့ "အသိ သတိ"ဆိုတဲ့ ဝက်ဘ်ဆိုက်လည်း လွှင့်တင်လို့လာနေပြီ ဖြစ်ပါတယ်။

ယနေ့ထက်ထိ အင်တာနက်လောက် ကမ္ဘာအရပ်ရပ်က လူသားတွေအတွက် လိုအပ်တဲ့ အချက်တွေကို တစ်ထိုင်တည်း၊ တစ်နေရာတည်းကနေ ရယူနိုင်အောင် စွမ်းဆောင် ပေးနိုင်တဲ့အရာ လူ့သမိုင်းမှာ မပေါ်ဖူးသေးပါဘူး။ တစ်ဖက်က ကြည့်ရင်လည်း အချက်အလက်တွေ စုံလာသလို၊ မလိုအပ်တဲ့ အချက်အလက်တွေလည်း အင်တာနက်ပေါ်မှာ အများကြီးရှိလာပါတယ်။ လူတွေဟာ ကောင်းတာတွေကို တင်ကြသလို၊ မလိုအပ်တာတွေကိုလည်း တင်ချင်တင်မိကြပါတယ်။ ဘယ်သူမဆို ကောင်းတာ ဆိုးတာတွေကိုလည်း တင်လို့ ရလို့ပါပဲ။ တကယ်တော့ အင်တာနက်ပေါ်က အချက်တွေရဲ့ ကောင်းတာ ဆိုးတာဟာ လူတွေရဲ့ ကောင်းတာဆိုးတာနဲ့ပဲ တိုက်ရိုက်သက်ဆိုင်ပါတယ်။ အခုဆိုရင် အင်တာနက်သုံးမယ့်သူတစ်ဦးအတွက် အရေးကြီးတဲ့အချက်ကို ခန့်မှန်းလို့ရပြီလို့ ထင်ပါတယ်။ သန်းနဲ့ချီပြီး တန်ဖိုးရှိတဲ့အချက်တွေလည်းရှိသလို သန်းနဲ့ချီပြီး အသုံးမဝင်တဲ့ အမှိုက်တွေလည်းရှိတဲ့ အင်တာနက်ကို သုံးတဲ့အခါ ကိုယ်လိုတဲ့အချက်ကို ဒက်ထိရှာဖွေနိုင်ဖို့အရေးကြီးသွားပါပြီ။ ဒါဟာ အင်တာနက်နဲ့ ပတ်သက်လို့ လူတိုင်းသိရှိနားလည်ရမယ့် ကိစ္စဖြစ်ပါတယ်။ ပြောရရင် ဒီလိုကိစ္စဟာ အင်တာနက်မှာမှ မဟုတ်ပါဘူး။ ရပ်ကွက်ထဲက ဗီဒီယိုခွေဆိုင်မှာ သွားငှားရင်တောင်မှ ခွေတွေကို ကိုယ့်ဟာကိုယ် ရှာတာထက် ခွေဆိုင်က ငှားပေးတဲ့သူကို မေးလိုက်တာက ပိုပြီးမြန်ဆန်ထိရောက်မှုရှိတာကို တွေ့ရပါတယ်။ ဘာကြောင့်လဲ၊ အဖြေက ရှင်းရှင်းလေးပဲ။ ခွေဆိုင်ကလူက လာသမျှလူတွေရဲ့ ဇာတ်လမ်းအပေါ် အမြင်တွေကို မေးမြန်းမယ် ငှားသူတွေမရှိရင် ဆိုင်ထဲကခွေတွေကို ကြည့်နေ၊ စီနေမယ်။ ကြာတော့ သူ့ဝန်းကျင်မှာ ကျွမ်းကျင်လာပြီပေ့ါ။ ဒီတော့ ခွေငှားတဲ့သူလာတော့ သူ့အနေနဲ့ အလွယ်တကူ ထုတ်ပေးလာနိုင်တာပေ့ါ။ ဒီလိုပဲ အင်တာနက်ထဲမှာ သန်းနဲ့ချီတဲ့ အချက်တွေထဲက ကိုယ် လိုချင်တာကို ကိုယ့်ဟာကိုယ် လိုက်ရှာတဲ့အခါ ဘယ်အကြောင်းအရာက ဘယ် website မှာရှိတယ်ဆိုတာ သိဖို့ရာ မလွယ်ကူလှပါဘူး။ အသစ်အသစ်တိုးလာတဲ့ Website တွေကလည်း တစ်နေ့ထက် တစ်နေ့တိုးတက်များပြားလာနေပါတယ်။ ကိုယ်ကတော့ ကိုယ်ရှာချင်တာကို သိနေတယ်။ ဥပမာ အမေရိကန်မှာရှိတဲ့ တက္ကသိုလ်တွေ သိချင်တယ်ဆိုပါတော့။ ဒီအခါ အင်တာနက်ထဲမှာ ရှာပေးတဲ့အဖွဲ့တွေ၊ Website တွေ အများကြီး ရှိတယ်။ သူတို့ကို Search Engine တွေလို့ ခေါ်တယ်။ ယခုလောလောဆယ် Search Engine တွေထဲမှာ နာမည်ရနေတာက Google နဲ့ Yahoo တို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် အင်တာနက် သုံးမယ့်သူတွေဟာ Search Engine တွေဖြစ်တဲ့ www.google.com နဲ့ www.yahoo.com တို့ကို သုံးတတ်ဖို့ လိုပါတယ်။ ဒီတော့ အရင်ဆုံး အင်္ဂလိပ်စာတစ်ခုကိုတော့ အနည်းအကျဉ်း၊ အဓိပ္ပာယ်သိထားရင် အဆင်ပြေပါတယ်။ အာဖရိကတိုက်၊ အာရှတိုက်က အင်တာနက်သုံးတဲ့သူတွေအားလုံး အင်္ဂလိပ်စာ အများကြီး မတတ်ပေမယ့် အင်တာနက်ပေါ်မှာလိုချင်တဲ့ အချက်တွေကို ရှာနေကြတယ်မဟုတ်လား၊ တဖြည်းဖြည်း အင်တာနက်သုံးရင်းနဲ့ပဲ အင်္ဂလိပ်စာကိုလည်း တစ်ဖက်တစ်လမ်းကနေ ပိုတိုးတက်လာဖို့ အခွင့်အလမ်းတွေ ရှိလာနေပါတယ်။ နောက်တစ်ချက်က အီးမေးလ်ဆိုတာ ဘယ်လိုနေရာမှာ အသုံးပြုသလဲဆိုတာလည်း လေ့လာထားဖို့ လိုအပ်လှပါတယ်။

**အင်တာနက် အီးမေးလ်များ**

အီးမေးလ်ဆိုတာ ဘာလဲ၊ စာတိုက်ကို အသုံးပြုပြီး တစ်နေရာက တစ်နေရာကို စာပို့သလိုမျိုး အင်တာနက်ပေါ်မှာ လွယ်ကူလျင်မြန်စွာ စာပို့တဲ့စနစ်ကို ခေါ်ဆိုခြင်းဖြစ်ပါတယ်။ နောက်တစ်နည်းကတော့ အီလက်ထရွန်နစ်မေးလ်(သို့) အီးမေးလ်လို့ သုံးနှုန်းထားခြင်းပဲ ဖြစ်ပါတယ်။

ဒါဆိုရင် အပြင်မေးလ်နဲ့ အီးမေးလ် ဘာကွာခြားသလဲလို့ မေးစရာရှိလာပါပြီ။ အပြင်မေးလ်နဲ့ အီးမေးလ်ကွာတာက အပြင်မေးလ်က တံဆိပ်ခေါင်းကပ်ရမယ်၊ ရက်အတန်ကြာမှ ရောက်မယ်။ လူအများကိုပို့ရင် မိတ္တူအများကြီး ကူးရမယ်။ စာတိုက်ပုံးရှိတဲ့နေရာသွားရမယ်။ စာအိတ်ကုန်မယ်။ စာရွက် ကုန်မယ်။ ကဲ ဒီတော့ အီးမေးလ်ကို ကြည့်ရအောင်။ အင်တာနက် အီးမေးလ်က အင်တာနက်ရှိရင်ရပြီ။ နောက်တစ်ချက် အားသာချက်က အခုပို့ အခုရောက်တယ်။ တံဆိပ်ခေါင်းမလိုဘူး။ လူအများဆီကို တစ်ပြိုင်နက်တည်း ပို့နိုင်တယ်။ ဒါပေမယ့် ကိုယ် အသုံးပြုမယ့် ကွန်ပျူတာနဲ့ အင်တာနက် ရှိဖို့တော့ လိုအပ်ပါတယ်။ ဒီတော့ အင်တာနက်သုံးဖို့အတွက် လူတိုင်း မရှိမဖြစ် ပိုင်ဆိုင်ထားဖို့က အီးမေးလ်တစ်ခုတော့ မဖြစ်မနေ ရှိထားဖို့လိုပါတယ်။ ဒါမှသာ လိုချင်တာတွေ မေးလ်ကနေတစ်ဆင့် ရနိုင်သလို တစ်ဦးနဲ့ တစ်ဦး ချိတ်ဆက်ရ လွယ်ကူမှာ ဖြစ်ပါတယ်။ အင်တာနက်ပေါ်မှာ အခမဲ့ရယူနိုင်တဲ့ အီးမေးလ်တွေ အများကြီး ရှိနေပါတယ်။

အင်တာနက်အီးမေးလ်တွေဟာ ယနေ့ ကျွန်မတို့ရဲ့ ဘဝတွေကိုများစွာ ပြောင်းလဲစေခဲ့ပါတယ်။ ကမ္ဘာသူကမ္ဘာသားတိုင်း အခမဲ့၊ အချိန်မရွေး ဆက်သွယ်နိုင်ခဲ့တဲ့ အကျိုးဆက်ကြောင့် တခြားကမ္ဘာက အကြောင်းအချက်တွေဟာ အခြားတစ်ဖက်ကို ချက်ချင်းလိုပဲ စီးဆင်းနိုင်ခဲ့ပါပြီ။ ကမ္ဘာ့သတင်းနဲ့ ဗဟုသုတ ရေချိန်ဟာ အင်တာနက်အသုံးပြုသူတွေကြားမှာ အကွာအဟနည်းသွားပါ ပြီဆိုတာ ဒီ အီးမေးလ်တွေကြောင့်ဆိုလည်း မမှားပါဘူး။ အခုနောက်ပိုင်း လူအများ စိတ်ဝင်စားနေတဲ့ မိုးလေဝသသတင်းတွေကိုလည်း အချိန်တိုအတွင်းမှာ ဆောင်ရန်၊ ရှောင်ရန်တွေ အချိန်မီ သိရှိလာတဲ့အတွက် ကြိုတင်ပြင်ဆင်မှုများလည်း လုပ်ဆောင်လာနိုင်ပါပြီ။

ကမ္ဘာအနှံ့ ဖြန့်ကြက်ထားတဲ့ ကုမ္ပဏီအဖွဲ့ကြီးကြီးတွေဟာ ကုမ္ပဏီတစ်ခုနဲ့တစ်ခု ရွှေ့နိုင်ပြောင်းနိုင် ဆက်သွယ်နိုင်ကြတာဟာ ဒီအီးမေးလ်တွေကြောင့်ပါပဲ။ ကဲ ဒီတော့ အင်တာနက်ပေါ်မှာ ဘာတွေလိုချင်သလဲ ဘာတွေယူပြီး ဘယ်တွေပယ်ရမလဲဆိုတာ လူတိုင်း ကိုယ်ပိုင်အတွေးအခေါ်ဖြင့် လုပ်ဆောင်နိုင်ကြပါစေလို့ ရည်ရွယ်ရင်း အင်တာနက်ဖြင့် ကမ္ဘာတစ်လွှား ခြေဆန့်နိုင်စေဖို့ ရေးသားတင်ပြလိုက်ရခြင်းပဲ ဖြစ်ပါတော့တယ်။ ။

# Honor 9 ကို အဆင့်မြှင့်ထားသည့် Honor 9 Lite ထွက်ရှိလာတော့မည်




ယခုနှစ်အတွင်း Huawei အမျိုးအစား Honor 7X နှင့် Honor V10 တို့အား နိုင်ငံတကာဈေးကွက်အတွင်းသို့ အောင်မြင်စွာပို့ဆောင်နိုင်ခဲ့ပြီး ယခုအခါ ထပ်မံ၍ ထုတ်လုပ်ရောင်းချလျက်ရှိသည့် Honor 9 အား နည်းပညာနှင့် ဒီဇိုင်းပိုင်းများ အဆင့်မြှင့်တင်ကာ Honor 9 Lite ကို ထပ်မံထုတ်လုပ်ရောင်းချသွားမည်ဟု သိရသည်။ မျက်နှာပြင်ပြည့် စမတ်ဖုန်းတစ်လုံးဖြစ်လာနိုင်ဖွယ်ရှိသော Honor 9 Lite ကို လာမည့်နှစ် အစောပိုင်းတွင် ဈေးကွက်အတွင်း မြင်တွေ့ရဖွယ်ရှိသည်ဟု သုံးသပ်ပြောကြား ချက်များအရ သိရသည်။

ယခင်ထွက်ရှိပြီး Honor 9 အား ဒီဇိုင်းပြောင်းလဲကာ Bezel-Less မျက်နှာပြင်ကို အသုံးပြုသွားဖွယ်ရှိပြီး ၅ ဒသမ ၆ လက်မ မျက်နှာပြင်အကျယ်ရှိကာ 18:9 Ratio ဖြင့် ပေါ်ထွက်လာဖွယ်ရှိသောကြောင့် ဖုန်း၏ဘေးဘောင်များ ယခင်က ထက်ပိုမို သေးငယ်သွားပြီး မျက်နှာပြင်အပြည့်နီးပါးဖြစ်လာနိုင်ဖွယ်ရှိသည်။ Qcta-Core Kirin 659 ပရိုဆက်ဆာနှင့် ဖုန်းအတွင်း လည်ပတ်မှုအတွက် Andriod 8.0 စနစ်ပါဝင်လာပြီး ဂရပ်ဖစ်ပရိုဆက်ဆာလည်း ပိုမိုကောင်းမွန်စွာ ထွက်ပေါ်လာမည်ဟု သိရသည်။

RAM 3GB နှင့် သိုလှောင်သိမ်းဆည်းနိုင်ရန်အတွက် 32GB အမျိုး အစားနှင့် RAM 4GB နှင့် သိုလှောင်သိမ်းဆည်းမှု 64GB ဟူ၍ နှစ်မျိုးထွက်ပေါ်လာမည်ဖြစ်ကာ Micro SD ကိုလည်း ထပ်မံတပ်ဆင် အသုံးပြုနိုင်မည်ဖြစ်သည်။ ထူးခြားချက်မှာ Nova 2i နှင့် Nova 2s တို့ကဲ့သို့ ကင်မရာလေးလုံးပါဝင်လာ နိုင်ပြီး ကျောဘက်ကင်မရာ 13MP+2MP နှင့် အရှေ့ဘက် ကင်မရာနှစ်လုံးပါဝင်လာပြီး ကျောဘက်နှင့် အရှေ့ဘက်အဓိက ကင်မရာများကို အထောက်အပံ့ပေးမည့် ကင်မရာတစ်လုံးစီ အပိုပါဝင်သောကြောင့် ကင်မရာလေးလုံး တပ်ဆင်ပေးသွားမည်ဖြစ်သည်ဟု သိရသည်။

အားပြန်လည်သွင်းယူရ မြန်ဆန်သော ဘက်ထရီစနစ်ပါဝင်သည့် 2900mAh ဘက်ထရီကို အသုံးပြုတပ်ဆင်ပေးသွားမည်ဖြစ်ပြီး သတ္တုစပ်ကိုယ်ထည်နှင့် ကျောဘက်တွင် လက်ဗွေစနစ်ပါဝင်လာမည်ဖြစ်သည်။ အရောင်အားဖြင့် အနက်၊ အပြာ၊ အဖြူ သုံးမျိုးထွက်ပေါ်လာနိုင်ပြီး 3GB နှင့် သိုလှောင်သိမ်းဆည်းမှု 32GB အမျိုးအစားအတွက် ဈေးနှုန်းမှာ ၁၉၆ ဒေါ်လာနှင့် 4GB သိုလှောင် သိမ်းဆည်းမှု 64GB အမျိုးအစားကို ၂၄၁ ဒေါ်လာဖြင့် လာမည့် ဒီဇင်ဘာ ၂၁ ရက် နောက်ပိုင်းတွင် မိတ်ဆက်သွားနိုင်ဖွယ်ရှိသည်ဟု သိရသည်။ ALEX



# ဒုတိယမြောက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ Star Wars: The Last Jedi

ဒါရိုက်တာ ရိန်းဂျွန်ဆင် တာဝန်ယူရိုက်ကူးပေးခဲ့တဲ့ "Star Wars"ဇာတ်လမ်းတွဲ ရုပ်ရှင်တွေရဲ့ နောက်ဆုံးရုပ်ရှင်သစ်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း စတင်ရုံတင်ခဲ့တာဖြစ်ပါတယ်။ "Star Wars: The Last Jedi"ဟာ စတင်ပြသခဲ့တဲ့ အဖွင့်သီတင်းပတ်အတွင်းမှာတော့ မြောက်အမေရိကမှာ အပြိုင်ရုံတင်ခဲ့ကြတဲ့ ရုပ်ရှင်တွေအနက် တစ်ပတ်အတွင်း ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ပြီး လတ်တလော အချိန်အထိ ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ "Star Wars" ရုပ်ရှင်တွေအကြားမှာတော့ အဖွင့်သီတင်းပတ်အတွင်း ဒုတိယမြောက် ဝင်ငွေအကောင်းဆုံးရုပ်ရှင် ဖြစ်လာခဲ့တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ "Star Wars"ကို အမေရိကန်နဲ့ ကနေဒါနိုင်ငံတွေမှာရှိတဲ့ ရုပ်ရှင်ရုံပေါင်း ၄၂၃၂ ရုံမှာ ပြသခဲ့ရာမှာတော့ တစ်ပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၂၀ ရရှိခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် အဆိုပါရုပ်ရှင်ဟာ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း မြောက်အမေရိကားမှာ ရုံတင်ခဲ့ကြတဲ့ ရုပ်ရှင်တွေအနက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ပြီး ထိပ်တန်း ရုပ်ရှင်ဆယ်ကားစာရင်းကို ဦးဆောင်ထားနိုင်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒါ့အပြင် ယင်းရုပ်ရှင်ဟာ ရုံတင်ပြသခဲ့ပြီးသမျှသော "Star Wars:" ရုပ်ရှင်တွေအနက် အဖွင့်သီတင်းပတ်မှာ ဒုတိယမြောက် ဝင်ငွေအကောင်းဆုံး ရရှိခဲ့တဲ့ ရုပ်ရှင်ဖြစ်လာခဲ့ပါတယ်။ သူ့ရဲ့ရှေ့မှာ ဝင်ငွေအကောင်းဆုံးအဖြစ် ရပ်တည်နေတဲ့ ရုပ်ရှင်ကတော့ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် အတွင်း ရုံတင်ပြသခဲ့တဲ့ "Star Wars: The Force Awakens" ဖြစ်ပြီး သူ့ရဲ့အဖွင့်သီတင်းပတ်အတွင်း ရရှိခဲ့တဲ့ ဝင်ငွေကတော့ အမေရိကန်ဒေါ်လာ ၂၄၈ ဒသမ ၈ သန်း ဖြစ်တယ်လို့လည်း သိရပါတယ်။

ဇာတ်ဆောင်တွေအဖြစ် ဒေစီရစ်ဒ်လေနဲ့ အဒမ်ဒရိုက်ဗာတို့ ပါဝင်ထားတဲ့ "Star Wars: The Last Jedi"ဟာ လတ်တလောအချိန်အထိ ရုံတင်ခဲ့တဲ့ ရုပ်ရှင်တွေအနက် အဖွင့်သီတင်းပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်လွန်ရရှိခဲ့တဲ့ စတုတ္ထမြောက် ရုပ်ရှင်လည်း ဖြစ်လာခဲ့ပါတယ်။ သူ့ရဲ့ရှေ့မှာ အဖွင့်သီတင်းပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်ရရှိခဲ့ကြတဲ့ ရုပ်ရှင်တွေကတော့ "Star Wars: The Force Awakens"၊ "The Avengers" ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၀၇ ဒသမ ၄ သန်းနဲ့ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၀၈ ဒသမ ၈ သန်းရရှိခဲ့တဲ့ "Jurassic World"ရုပ်ရှင်တို့ပဲ ဖြစ်ကြပါတယ်။

" Star Wars: The Last Jedi "ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း စတင်ရုံတင်ခဲ့တဲ့ ဖောက်ဇ်ရဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင် "Ferdinand"ရဲ့ ဝင်ငွေထက်လည်း ကျော်လွန်ရရှိခဲ့တာဖြစ်ပါတယ်။ မိသားစု၊ သူငယ်ချင်းတွေနဲ့ အတူကြည့်ဖို့ရာ ကောင်းမွန်တဲ့ရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "Ferdinand"ဟာ ကလေးစာအုပ်တစ်အုပ်ဖြစ်တဲ့ "The Story of Ferdinand "ကို အခြေခံကာ ရိုက်ကူးထားတာဖြစ်ပြီး ယင်းရုပ်ရှင်ရဲ့ အဓိကဇာတ်ကောင်တစ်ဦးဖြစ်တဲ့ ခွေးဘီလူးကြီးနေရာမှာတော့ ဂျွန်စီနာက အသံနဲ့ ပါဝင်သရုပ်ဆောင်ထားတာလည်း ဖြစ်ပါတယ်၊ "Ferdinand"ရဲ့ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဝင်ငွေကတော့ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃ သန်းဖြစ်ပြီး တစ်ပတ်အတွင်း ဒုတိယမြောက် ဝင်ငွေအကောင်းဆုံးရုပ်ရှင်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း တတိယမြောက်ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ ရုပ်ရှင်ကတော့ ယခင်သီတင်းပတ်တွေက ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် သီတင်းပတ် သုံးပတ်ဆက်တိုက် ထိပ်ဆုံးမှာ ရပ်တည်နိုင်ခဲ့တဲ့ ဒစ်စနေနဲ့ ပိုက်ဇာတို့ရဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင် "Coco" ဖြစ်ပါတယ်။ သူ့ရဲ့ဝင်ငွေကတော့ အမေရိကန်ဒေါ်လာ ၁၀ သန်း ဖြစ်တယ်လို့လည်း သိရပါတယ်။

ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်ဆယ်ကားစာရင်းရဲ့ နံပါတ်လေးနေရာကိုတော့ "Wonder"ရုပ်ရှင်က ရယူထားနိုင်ခဲ့တာဖြစ်ပါတယ်။ ဝင်ငွေအကောင်းဆုံးရုပ်ရှင်ငါးကားစာရင်းမှာ နောက်ဆုံးပါဝင်နေတဲ့ ရုပ်ရှင်ကတော့ "Justice League"ဖြစ်ပြီး "Daddy's Home 2"၊ "Thor: Ragnarok"၊ "The Disaster Artist"၊ "Murder on the Orient Express" နဲ့ "Lady Bird" ရုပ်ရှင်တွေဟာ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း မြောက်အမေရိကားရဲ့ ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်ဆယ်ကားစာရင်းမှာ ပါဝင်နေခဲ့တာ ဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့် – စုစည်းသည်



ကမ်းဘရစ်မြို့စားကတော် ကိတ်မစ်ဒယ်လ်တန် လတ်တလော လွယ်ထားရတဲ့ ကိုယ်ဝန်ဟာ အမြွှာလေးတွေဖြစ်နိုင်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။ မင်းသား ဝီလျံနဲ့ ကိတ်မစ်ဒယ်လ်တန်တို့ရဲ့ တတိယမြောက် ရင်သွေးလေးတွေကိုတော့ လာမယ့် ဧပြီလအတွင်း မွေးဖွားမယ်လို့ မျှော်လင့်ရပြီး လတ်တလောကိုယ်ဝန်ဆောင်စဉ်မှာ ကိတ်ဟာ ယခင် ကိုယ်ဝန်ဆောင်စဉ်ကာလနဲ့မတူဘဲ ကိုယ်အလေးချိန် သိသိသာသာတိုးလာတာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် အမြွှာလေးတွေ ဖြစ်ကြောင်းကိုတော့ အတွင်းသိသူတစ်ဦးက မီဒီယာကို ဖောက်သည်ချခဲ့တာလည်းဖြစ်ပါတယ်။ ယခင်က သားတစ်ဦး၊ သမီးလေးတစ်ဦးရရှိခဲ့ပြီးဖြစ်တဲ့ တော်ဝင်စုံတွဲဟာ နောင်နှစ်မှာတော့ သမီးလေးနှစ်ဦး ထပ်မံပိုင်ဆိုင်ခွင့်ရမှာဖြစ်တယ်လို့လည်း သတင်းတွေထွက်နေပါတယ်။

ကမ္ဘာ့တင်းနစ်ချန်ပီယံ ဆရီနာဝီလျံက ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာတော့ သူ့ရဲ့ သမီးလေး အဲလက်ဇစ်အိုလံပီယာ အိုဟန်နီးယမ်းဂျူနီယာ သွားပေါက်တာနဲ့ပတ်သက်ပြီး သူ့အနေနဲ့ စိတ်ထိခိုက်ခံစားနေရကြောင်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ သူ့ရဲ့မိတ်ဆွေ အခြားသောမိခင်တွေကိုလည်း သူ့ကို ကူညီနိုင်ပါက ကူညီလမ်းညွှန်ပေးဖို့ကိုပါ တောင်းဆိုထားတာတွေ့ရပါတယ်။ အကြောင်းကတော့ သမီးလေးဟာ သွားပေါက်နေပြီဖြစ်ကာ သက်သောင့်သက်သာမရှိတာကြောင့် အချိန်တိုင်းငိုနေကြောင်း၊ သက်သာအောင် နည်းအမျိုးမျိုးနဲ့ ကူညီပေးပေမယ့် အိပ်ပျော်သွားသည်အထိ ချီထားရကြောင်း ဆရီနာက ဆိုပါတယ်။ ဒါကြောင့် မိခင်ဖြစ်သူအနေနဲ့ သမီးကိုကြည့်ကာ စိတ်ထိခိုက်ခံစားရကြောင်း ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။



# ပရိသတ်ကို တောင်းပန်ခဲ့တဲ့ စီဝမ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတ အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Super Junior"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ချာစီဝမ်ဟာ လတ်တလောမှာတော့ အဖွဲ့ရဲ့ နယ်လှည့်ဖျော်ဖြေပွဲစင်မြင့်ထက်ကနေ ပရိသတ်တွေကို တောင်းပန်စကားဆိုခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Super Junior "တေးဂီတအဖွဲ့ဟာ လတ်တလောမှာ နယ်လှည့်ဖျော်ဖြေပွဲကို ကျင်းပနေတာဖြစ်ပြီး ယင်းဖျော်ဖြေပွဲဟာ အဆိုပါတေးဂီတအဖွဲ့အတွက်တော့ နှစ်အတော်ကြာမှ ပြန်လည်ပြုလုပ်ဖြစ်တဲ့ နယ်လှည့်ဖျော်ဖြေပွဲလည်း ဖြစ်ပါတယ်။ "Super Show 7"လို့ အမည်ပေးထားတဲ့ ဖျော်ဖြေပွဲမှာ ချာစီဝမ်လည်း ပါဝင်ဖျော်ဖြေခဲ့ပြီး စင်မြင့်ထက်ကနေ သူ့ရဲ့ ပရိသတ်တွေကို တောင်းပန်ခဲ့တာဖြစ်ပါတယ်။ မကြာသေးမီက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကြောင့် ပရိသတ်တွေအနေနဲ့ စိတ်ပူပန်ခဲ့ရပါက တောင်းပန်ကြောင်း စီဝမ်က ဖျော်ဖြေရေးစင်မြင့်ထက်ကနေ ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။

အဆိုပါဖျော်ဖြေပွဲအတွင်း ချာစီဝမ်က သူ့ရဲ့ပရိသတ်တွေကို နှုတ်ခွန်းဆက်စကားဆိုခဲ့ပြီးနောက်မှာတော့ သူက "ကျွန်တော့်အနေနဲ့ ပရိသတ်တွေကို စိတ်ပူစေခဲ့တယ်ဆိုရင် တောင်းပန်ပါတယ်၊ ကျွန်တော် ဒီလိုစင်မြင့်ထက်မှာ ရပ်နိုင်ဖို့အတွက် ခက်ခက်ခဲခဲ ဆုံးဖြတ်ခဲ့ရတာပါ၊ ဒီလိုရလာတဲ့အခွင့်အရေးမှာ ကျွန်တော့်အနေနဲ့ ဘယ်အချိန်မဆို နွေးထွေးတဲ့စကားလုံးတွေနဲ့အတူ ကျွန်တော့်ကို ချစ်ခင်ပေးတဲ့၊ ကျွန်တော့်ကို ယုံကြည်ပေးတဲ့၊ ချစ်ခင်ကြောင်း ပြသပေးကြတဲ့ ပရိသတ်ကြီးကို ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်၊ ရိုးရိုးသားသားပြောပြရရင် တကယ်တော့ ကျွန်တော် ဒီလိုဖျော်ဖြေနိုင်ဖို့အတွက် လေ့ကျင့်မှုတွေပြုလုပ်ခဲ့ရတဲ့အချိန်မှာ အခြားသောအဖွဲ့ဝင်တွေကို ပြောပြဖြစ်ခဲ့တယ်၊ သူတို့က ဘာတွေပဲဖြစ်ဖြစ် ကျွန်တော့်ဘက်ကရပ်တည်ပြီး အတူဖျော်ဖြေသွားလိုကြောင်း ပြောကြားခဲ့ကြတယ်၊ အဲဒီအချိန်မှာ ကျွန်တော် အတော်လေး ဝမ်းနည်းခဲ့ရပြီး အဖွဲ့ဝင်တွေရဲ့စကားကို ကြားလိုက်ရတဲ့အချိန်မှာ ကျွန်တော် ကျေးဇူးလည်း တင်မိတယ်၊ ဒ့ါကြောင့်သာ ကျွန်တော် ဒီအချိန် ဒီနေရာမှာ ရပ်နေနိုင်တာလို့ ကျွန်တော်ထင်ပါတယ်"လို့ ပြောကြားခဲ့တာဖြစ်ပါတယ်။

ဆက်လက်ပြီး ချာစီဝမ်က သူ့ကို ယုံကြည်ကာ လတ်တလောဖျော်ဖြေပွဲမှာ ပရိသတ်ရှေ့ပေါ်ထွက်လာသည်အထိ စိတ်ရှည်စွာ စောင့်ဆိုင်းအားပေးခဲ့ကြတဲ့ ပရိသတ်တွေကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်း ဆိုခဲ့ပါတယ်။

ချာစီဝမ်ဟာ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းမှာ ဝေဖန်မှုတွေနဲ့ ကြုံခဲ့ရတာဖြစ်ပါတယ်။ ချာစီဝမ်ရဲ့ ခွေးဟာ အိမ်နီးနားချင်းတစ်ဦးကို ကိုက်ခဲ့ရာက အကိုက်ခံရသူမှာ သေဆုံးခဲ့ရပါတယ်။ ဒီအဖြစ်အပျက်နဲ့ ပတ်သက်ပြီး ချာစီဝမ်က လူမှုကွန်ရက်မီဒီယာပေါ်မှာ တောင်းပန်ခဲ့ပေမယ့် သူ့ရဲ့ဖခင်ဖြစ်သူ ရေးသားဖော်ပြချက်တွေဟာ စီစီတီဗွီမှတ်တမ်းပေါ်လာချိန်မှာတော့ လွဲမှားမှုတွေရှိနေခဲ့တာကြောင့် ချာစီဝမ်ဟာ ဝေဖန်မှုတွေနဲ့ ကြုံခဲ့ရပါတယ်။ ဒ့ါအပြင် ယခင်ကလည်း ချာစီဝမ်ရဲ့ ခွေးဟာ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ လီတက်ခ်ကိုလည်း ကိုက်ခဲ့ဖူးတာကြောင့် အိမ်မွေးတိရစ္ဆာန်စောင့်ရှောက်ရာမှာ ပေ့ါဆကြောင်း စွပ်စွဲမှုတွေနဲ့လည်း ကြုံခဲ့ရတာဖြစ်ပါတယ်။ ဒီလိုထိုးနှက်ချက်တွေကြောင့် အစပိုင်းမှာ ချာစီဝမ်အနေနဲ့ နယ်လှည့်ဖျော်ဖြေပွဲမှာ ပါဝင်နိုင်မှာမဟုတ်ကြောင်း သတင်းတွေထွက်ခဲ့ပေမယ့် နောက်ပိုင်းမှာတော့ အေဂျင်စီကနေတစ်ဆင့် ပါဝင်ဖျော်ဖြေမှာဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။

ချာစီဝမ်ဟာ ယခုနှစ်နှစ်စပိုင်းမှာ စစ်မှုထမ်းရက်တွေ ကုန်ဆုံးခဲ့တာဖြစ်ပြီး ကေပေ့ါပ်တေးသံရှင်တစ်ဦးအဖြစ်သာမက သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အောင်မြင်နေတဲ့ စီဝမ်က စစ်မှုထမ်းပြီးနောက် ပထမဆုံး ရုပ်သံဇာတ်လမ်းတွဲကို လက်ခံရိုက်ကူးပေးခဲ့ပါတယ်။ ချာစီဝမ်နဲ့ မင်းသမီးကန်ဆိုရာတို့ ခေါင်းဆောင်ပါဝင်ထားတဲ့ ယင်းရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်ဟာ "Revolutionary Love"လို့အမည်ရကာ ကြည့်ရှုသူပရိသတ် များခဲ့တာကြောင့် အောင်မြင်တဲ့ ဇာတ်လမ်းတွဲတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၇ ရက်မှာတော့ "Super Junior"ရဲ့ နယ်လှည့်ဖျော်ဖြေပွဲ " Super Junior World Tour - Super Show 7" ကို ဂျမ်စေးလ်အရီနာမှာ ကျင်းပခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။



# တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်မှုမရှိရေး သက်ဆိုင်ရာဌာနများနှင့်အတူ ပြည်သူများ ပူးပေါင်းပါဝင်ရန်လိုအပ်

**မုံရွာ ဒီဇင်ဘာ ၁၈**

တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်မသွားရန် တရားမဝင်ရောင်းဝယ်ဖောက်ကားနေမှုများ တိုက်ဖျက်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာနများနှင့်အတူ ပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးရန် အလွန်ပင် လိုအပ်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ တောရိုင်းတိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတားဆီးရေးဆိုင်ရာညှိနှိုင်းရေးမှူး ဦးအောင်ကျော်က ပြောသည်။

"ကျွန်တော်တို့သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)အနေနဲ့ သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နဲ့ သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနတို့က တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး၊ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတွေကို ထိရောက်အောင် ဆောင်ရွက်နိုင်ဖို့အတွက် သစ်တောဦးစီးဌာနကိုသင်တန်းတွေ၊ နည်းပညာတွေ ပံ့ပိုးပြီးဆောင်ရွက်တာပါ။ တရားဥပဒေစိုးမိုးရေးအဖွဲ့တွေဖြစ်တဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့၊ တခြားဆက်စပ်ဌာနတွေဖြစ်တဲ့ ကုန်သွယ်ရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနစတဲ့ ဌာနပေါင်းစုံရယ် ပြည်သူလူထုက ဝိုင်းဝန်း ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မယ်ဆိုရင် တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတွေ လျော့နည်းကျဆင်းသွားမှာဖြစ်တဲ့အတွက် တိရစ္ဆာန်တွေ မျိုးသုဉ်းပျောက်ကွယ်မသွားအောင် သက်ဆိုင်ရာဌာနများနဲ့အတူ ပြည်သူတွေက ပူးပေါင်းဆောင်ရွက်ပေးကြဖို့ ပြောကြားလိုပါတယ်"ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ တောရိုင်းတိရစ္ဆာန်များ တရားမဝင် ရောင်းဝယ်ဖောက်ကားမှုတားဆီးရေးဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးအောင်ကျော်က ပြောသည်။

မြန်မာနိုင်ငံအတွင်းရှိ သဘာဝတောတောင်များအတွင်း ကျက်စားနေထိုင်လျက်ရှိသော တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရန်အတွက် သစ်တောဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) တို့ ပူးပေါင်းပြီး တောရိုင်းတိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တားဆီးရေး လုပ်ငန်းများကိုလုပ်ဆောင်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာရေးထိုးခဲ့ပြီး နောက်ပိုင်း ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၇ ခုနှစ် ဇူလိုင်လအထိ တရားမဝင် တောရိုင်းတိရစ္ဆာန်နှင့် အစိတ်အပိုင်းများကုန်သွယ်သည့်အမှုပေါင်း ၂၅၃ မှုအထိ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၂ မှုထိ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**



## တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မယ်စဲ့ ဒီဇင်ဘာ ၁၈**

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် ကယားပြည်နယ် မယ်စဲ့မြို့နယ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လမ်း၊ တံတား၊ အဆောက်အအုံတည်ဆောက်ခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၁၇ ရက်နံနက် ၈ နာရီက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအောင်နိုင်ဦး၊ မြို့နယ်တည်ဆောက်ရေးနှင့်အရည်အသွေးစစ်ဆေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးသန့်နှင့်ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းရွှေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ QC အဖွဲ့များက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

အဆိုပါအဖွဲ့သည် ရုံးဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲ RCနှစ်ထပ်ဆောက်လုပ်ခြင်းကိုလည်းကောင်း၊ စီမံကိန်းရုံး RCတစ်ထပ်ဆောက်လုပ်ခြင်းကိုလည်းကောင်း၊ မြို့ပတ်လမ်းပေါ်ရှိ (30×18×12)ပေသံကူကွန်ကရစ်တံတားအမျိုးအစားတည်ဆောက်နေမှုကိုလည်းကောင်း၊ OSSရုံးအုတ်ညှပ်သွပ်မိုး (50×26×12) ပေ ဆောက်လုပ်ခြင်းကိုလည်းကောင်း၊ အားကစားရုံအုတ်တံတိုင်း (2445×6-6)ပေကာရံခြင်းလုပ်ငန်းကိုလည်းကောင်း၊ အားကစားမှူးရုံးခန်းမနှင့်လေ့ကျင့်ရေးခန်းမအုတ်ညှပ် (72×25)ပေတည်ဆောက်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ RCတစ်ထပ်(90×30)ပေဆောက်လုပ်ခြင်းကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန အပင်ရောဂါပိုးမွှားထိန်းချုပ်ရေးစခန်းဆောက်လုပ်ခြင်းကိုလည်းကောင်း၊ နန့်မန်းကျေးရွာကျေးလက် ကျန်းမာရေးဌာနနှင့်ဝန်ထမ်းအိမ်ရာအုတ်ညှပ်တစ်ထပ်(46×42)ပေဆောက်လုပ်ခြင်းကိုလည်းကောင်း၊ ဟိုစဲ့ကျေးရွာကျေးလက်ကျန်းမာရေးဌာန (40×30)ပေနှင့် ဝန်ထမ်းအိမ်ရာ(38×25)ပေဆောက်လုပ်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ သစ်တောဦးစီးဌာနရုံး အဆောက်အအုံ RCတစ်ထပ်(40×35)ပေဆောက်လုပ်ခြင်း လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှင့် မြို့နယ်တည်ဆောက်ရေးနှင့်အရည်အသွေးစစ်ဆေးရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌတို့က လုပ်ငန်းများအားလုံးသတ်မှတ်ဘဏ္ဍာနှစ်အတွင်း စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးအောင်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်းသိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# မိုးယွန်းကြီး ရေလှောင်ကန်သို့ ဦးစီးမှူး(မြို့ပြ)သင်တန်းသား သင်တန်းသူများ သွားရောက်လေ့လာ

**ပဲခူး ဒီဇင်ဘာ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ (ITC) မှ ပဲခူးမြို့တွင် ဖွင့်လှစ်လျက်ရှိသည့် ဦးစီးမှူး(မြို့ပြ) လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ် ၂၀ မှ သင်တန်းသားသင်တန်းသူများသည် ဒီဇင်ဘာ ၁၆ ရက်က မိုးယွန်းကြီးရေလှောင်ကန်ရေသိုလှောင်ထားရှိမှုအခြေအနေနှင့် ဆည်ရေပေးဝေမှုလုပ်ငန်းများ၊ တာပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် ရေတိမ်ဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား လေ့လာခဲ့ကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်းသိရသည်။

**သူရအောင်(ပြည်)**



# ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေး

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၁၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကိုမောင်ကျေးရွာ အထကကျောင်းနှင့် ထော်ရွဲကျေးရွာ အလက(ခွဲ)ကျောင်းတို့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဒီဇင်ဘာ ၁၆ ရက်က ပြုလုပ်သည်။

လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က အဖွင့်အမှာ စကားပြောကြားပြီး ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးရင်ထွေးက နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် အသုံးဝင်ပုံများအား ရှင်းလင်းပြောကြားသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားတွင် ကိုမောင်ကျေးရွာမှ ကျောင်းသား ကျောင်းသူ ၁၅၄ ဦးနှင့် ဒေသခံပြည်သူ ၁၉ ဦး၊ ထော်ရွဲကျေးရွာမှ ကျောင်းသားကျောင်းသူ ၁၀၀ နှင့် ဒေသခံပြည်သူ ၄၀၀ စုစုပေါင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ၆၇၃ ကတ် ပြုလုပ်ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်ချို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောချစ်ဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ အင်အား ၄၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး ထရန်စဖော်မာအသစ် ပြောင်းလဲတပ်ဆင်

**ကျောက်ဆည် ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ တံတားဦးမြို့နယ်နှင့် အမရပူရမြို့နယ်များအား လျှပ်စစ်ဓာတ်အားပေးဝေဖြန့်ဖြူးပေးနေသည့် 33/11KV, 5MVA ထရန်စဖော်မာအား နှစ်လုံးမှာ ဝန်အားပြည့်ဝလုနီးပါးဖြစ်လာသဖြင့် လျှပ်စစ်ပေးဝေဖြန့်ဖြူးခြင်းအခက်အခဲမရှိစေရေးနှင့် ပြည်သူများဓာတ်အားပိုမိုသုံးစွဲနိုင်ရေးတို့အတွက် ဒီဇင်ဘာ ၁၇ ရက်က 33/11KV, 5MVA အိုးတစ်လုံးအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဌာနခွင့်ပြုရန်ပုံငွေဖြင့် 33/11KV, 10MVA အိုးအသစ်တစ်လုံးတပ်ဆင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ 33/11KV, 10MVA အိုးအသစ်တစ်လုံးတပ်ဆင်ပေးခဲ့မှုကြောင့် အဆိုပါ ဓာတ်အားလိုင်းမှ လျှပ်စစ်အသုံးပြုနေသည့် တံတားဦးမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၊ အမရပူရမြို့နယ်မှ မီးအသုံးပြုသူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို ပိုမိုပြည့်ဝစွာ သုံးစွဲနိုင်တော့မည်ဖြစ်သည့်အပြင် လျှပ်စစ်မီးသွယ်တန်းလိုကြသည့်ကျေးရွာများပါ လျှပ်စစ်ဓာတ်အားပေးဝေနိုင်တော့မည်ဖြစ်ကြောင်း ခရိုင်လျှပ်စစ်မန်နေဂျာ ဦးမင်းမင်းက ပြောကြားခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



# တံတားဦးမြို့တွင် အပျော်တမ်းစက်ဘီးစီးပြိုင်ပွဲ ကျင်းပ

**တံတားဦး ဒီဇင်ဘာ ၁၈**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် အားကစားနှင့်ကာယ ပညာကော်မတီနှင့် အနှိုင်းမဲ့ ပါရမီလူမှုကူညီရေးအသင်းတို့ပူးပေါင်းပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှုအဖြစ် အပျော်တမ်းစက်ဘီးစီးပြိုင်ပွဲကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက တံတားဦးမြို့ အမှတ်(၂)ရပ်ကွက် ဆုံကုန်းရပ် အနှိုင်းမဲ့ပါရမီ လူမှုကူညီရေးအသင်းရုံးရှေ့၌ ကျင်းပကြောင်းသိရသည်။

ပြိုင်ပွဲဝင် စက်ဘီးစီးအားကစားများက အနှိုင်းမဲ့ပါရမီလူမှုကူညီရေးအသင်းရုံးမှ တံတားဦး-မြို့သာကားလမ်း ဂွေးကုန်းကျေးရွာ၊ ထိုမှတစ်ဆင့် တံတားဦးမြို့ အမှတ်(၁)ရပ်ကွက် ဘူတာလမ်း၊ဘူတာလမ်းမှတစ်ဆင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ပန်းဝင်ကြသည်။

အဆိုပါအပျော်တမ်း စက်ဘီးစီးပြိုင်ပွဲတွင် မိုင်ပေါင်း ၂၆ မိုင်အထိယှဉ်ပြိုင်ကြရာ ပြိုင်ပွဲဝင်စုစုပေါင်း ၈၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုပေးပွဲကို မြို့နယ်အားကစားရုံအတွင်း၌ ဆက်လက်ကျင်းပရာ ဆုရရှိသော ပြိုင်ပွဲဝင် အားကစားသမားများအား တံတားဦးမြို့နယ် အားကစားနှင့်ပညာကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်းသိရသည်။

အဆိုပါအပျော်တမ်းစက်ဘီးစီးပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ၊ တံတားဦးမြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ စက်ဘီးဝါသနာရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

# ခေတ်လူငယ်များနှင့် ကိုယ်နှုတ်နှလုံးသုံးပါး

မျိုးသိန်း(ပဲခူး)

လူတို့၏ယဉ်ကျေးမှုဆိုသည်မှာ ကိုယ်နှုတ်နှလုံးသုံးပါးယဉ်ကျေးသိမ်မွေ့ခြင်းကို ဆိုလိုပြီး ငယ်စဉ်အခါကပင်စတင်လို့ မိဘဆရာသမားတို့က ကိုယ်အမူအရာ၊ နှုတ်အမူအရာများယဉ်ကျေးမှုရှိကြစေရန် သွန်သင်ဆုံးမခြင်းများ ပြုကြလေ့ရှိပေသည်။ ယနေ့ခေတ်လူငယ်များမှာ ယခင်ခေတ်လူငယ်များနှင့် အလွန်ပင် ကွဲပြားခြားနားမှုများရှိလာနေကြပြီး ပြောဆိုဆက်ဆံရာတွင် လူကြီးမိဘဆရာသမားတို့အား ခင်ဗျာ၊ ကျွန်တော်၊ ဟုတ်ကဲ့ခင်ဗျာဟူ၍ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုကြရမည်ဖြစ်သလို မဖွယ်မရာဖြင့် ကြမ်းတမ်းရိုင်းစိုင်းပြောဆိုဆက်ဆံခြင်းတို့သည် ယဉ်ကျေးဖွယ်ရာနှုတ်အမူအရာများမဟုတ်ဘဲ ခေတ်၏ရေစီးကြောင်းအပြောင်းအလဲကိုအကြောင်းပြုကာ လိမ္မာယဉ်ကျေးမှု နှုတ်အမူအရာ၊ ကိုယ်အမူအရာများ အဆိုးဘက်သို့ မပြောင်းလဲသွားကြရန် လူငယ်တိုင်း သတိချပ်ဖို့လိုအပ်နေသည်။ ထိုကဲ့သို့ ချိုသာယဉ်ကျေးအောင် ပြောဆိုဆက်ဆံခြင်းတို့သည် နှုတ်အမူအရာ ယဉ်ကျေးပါသည်ဟု ဆိုပေမယ့် သမ္မာဝါစာ မှန်ကန်စွာပြောဆိုဆက်ဆံ၍ ကိုယ်နှုတ်စောင့်စည်းကာ သူတစ်ပါး၏ အကျိုးစီးပွားကို ထိခိုက်ပျက်ပြားစေသော လိမ်လည်လှည့်ပတ် မုသာဝါဒ မမှန်သော စကားပြောဆိုခြင်းမှရှောင်ကြဉ်ပြီး လူယဉ်ကျေးများဖြစ်လာဖို့အတွက်မှန်ကန်သော စကားတို့ဖြင့် သိမ်မွေ့ယဉ်ကျေးသည့်ပြောဆိုဆက်ဆံခြင်းများသုံးနှုန်းရန်လိုအပ်ပါလိမ့်မည်။

ထိုသို့ ပြောဆိုဆက်ဆံရာတွင်လည်း နှုတ်၏ယဉ်ကျေးခြင်းများသာမက ကိုယ်အမူအရာယဉ်ကျေးကြရန်လည်း အထူးလိုအပ်ပြီး မြန်မာတို့၏ ယဉ်ကျေးမှုအရ လူကြီးသူမ၊ ဆရာသမား၊ ရဟန်းသံဃာတို့ရှေ့နေထိုင်မှု၊ ပေးကမ်းဆက်ကပ်မှု ကိစ္စကြီးငယ်ရှိပါက ဖြတ်သန်းသွားလာမှု၊ အပြစ်လွတ်စွာ နေထိုင်သွားလာတတ်ခြင်းတို့သည် မြန်မာမှုဓလေ့ထုံးစံ ယဉ်ကျေးဖွယ်ရာများဖြစ်ကြပြီး ဦးညွတ်၍ လက်နှစ်ဖက်ဖြင့် ယဉ်ကျေးစွာ ပေးကမ်းဆက်ကပ်ကြခြင်း၊ လူကြီးသူမများ ရှေ့ဖြတ်သန်းသွားလာနေထိုင်ကြရာ၌ ခါးကိုကိုင်းညွတ်ကာ သင့်လျော်သောနေရာတွင် ကျိုးနွံသိမ်မွေ့စွာဖြင့် သွားလာနေထိုင်ကြခြင်းတို့အား ယနေ့ခေတ်လူငယ်တိုင်း လိုက်နာကျင့်သုံး ဆောင်ရွက်ဖို့လိုအပ်ပါလိမ့်မည်။

ထိုကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့ကြရုံပင်မက သူတစ်ပါးတို့၏ အသက်ကိုသတ်ဖြတ်ခြင်း၊ ဥစ္စာပစ္စည်းများကို မတရားခိုးယူခြင်း၊ ကာမဂုဏ်မှားယွင်းစွာပြုကျင့်ကြခြင်းတို့သည်လည်း ရိုင်းပျခြင်း၏ သွင်ပြင်လက္ခဏာများပင် ဖြစ်ပါပေသည်။ သတ်မှု၊ ခိုးမှု၊ ကာမဂုဏ်မှားယွင်းမှုတို့အား လူငယ်တိုင်းမကျူးလွန်မိကြရအောင် သတိနှင့်ယှဉ်၍ စောင့်ထိန်းကာ ကိုယ်အမူအရာ၊ နှုတ်အမူအရာယဉ်ကျေးမှုရှိအောင် ကြိုးစားကြသလို စိတ်အမူအရာကိုလည်း ယဉ်ကျေးအောင် ကြိုးစားကြရန်လည်း လိုအပ်ပါလိမ့်မည်။

ကာယကံမှုပြုရာ၊ ဝစီကံမှုပြုရာတို့တွင် စိတ်သည်သာ ဦးဆောင်နေ၍ ထိုစိတ်အားလည်း တည်ငြိမ်လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့လျှင် ကိုယ်၊ နှုတ်အမူအရာလွဲမှားမှုတို့ကို ကြိုတင်ထိန်းနိုင်လိမ့်မည်သာဖြစ်သည့်အတွက် ယနေ့ခေတ် လူငယ်တိုင်းသည်မိမိတို့၏စိတ်အား မယဉ်ကျေးဖွယ်ရာ မကောင်းသော အပြောအဆိုဆက်ဆံကြခြင်းစကားမျိုး၊ ယဉ်ကျေးဖွယ်ရာနှစ်သက်စကားကောင်းပြောဆို ဆက်ဆံကြခြင်းစကားမျိုးတို့ကိုခွဲခြားဆန်းစစ်ပြီး မကောင်းမှုနှင့်ယှဉ်နေသည့်စိတ်ဖြစ်ပေါ်လာနေခဲ့လျှင်ကောင်းမှုဘက်သို့ ပြောင်းအောင်သတိတရားဖြင့် ပြုပြင်ကြကာ မိမိတို့စိတ်ကိုလည်းစိတ်ရိုင်း၊ စိတ်ယဉ် ပြန်လည်သုံးသပ်၍ သူတစ်ပါးပစ္စည်း ကိုယ့်ပစ္စည်းဖြစ်ချင်နေမှု၊ သူတစ်ပါးအား ပျက်စီးစေလိုမှုစသော လွဲမှားသည့်အသိအမြင်အယူဝါဒတို့ကို အဖန်ဖန်စဉ်းစားနိုင်ကြဖို့ ယနေ့ခေတ်လူငယ်များလိုအပ်မည်ဖြစ်ပါသည်။

ထိုကဲ့သို့ကိုယ်နှုတ်နှလုံးသုံးပါးတို့၏လိမ္မာယဉ်ကျေးသိမ်မွေ့ရမည့်မြန်မာအစဉ်အလာဓလေ့တို့သည် ခေတ်ရေစီးကြောင်းနှင့်အညီ ပြောင်းလဲကြရမည်မဟုတ်သလို ယနေ့ခေတ်လူငယ်တိုင်းတို့ကလည်း မြန်မာ့ဓလေ့ထုံးစံဖြစ်သော ကိုယ်နှုတ်နှလုံးသုံးပါးယဉ်ကျေးသိမ်မွေ့ဖွယ်ရာ အလေ့အထတို့အား အစဉ်ထာဝရ လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ဖို့လိုအပ်ပါကြောင်းရေးသားလိုက်ရပါသည်။ ။

# သက်ရှည်ကျန်းမာ နေ့စဉ်လမ်းလျှောက်ပါ

အေးသန်း(စိန်တုံးကြီး)

နှစ်တစ်နှစ်၏ နောက်ဆုံးလဖြစ်သည့် ဒီဇင်ဘာ နံနက်ခင်းမှာ ဆောင်းလေညင်းက နှင်းမှုန်ကြားမှတိုးဝှေ့လို့လာပြန်တော့ ဟိုငယ်စဉ်ဘဝကျောင်းနေအရွယ်ကို ပြန်လည်သတိရနေသလို နံနက်တိုင်း မြန်မာ့အသံက လာနေကျအသံလေးကို ပြန်လည်ကြားယောင်နေမိတယ်။ “စောစောအိပ်လို့ စောစောထလို့ လမ်းလျှောက်ကြပါစို့၊ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းစေဖို့ စိတ်နှလုံးရွှင်လန်းစေဖို့၊ ပျော်ဖို့ရွှင်ဖို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့” ဒီလိုအသံလေးကို ကြားလိုက်ရသည်နှင့် အိပ်ရာထဲမှ လူးလဲထကာ အများနည်းတူ လမ်းပေါ်ထွက်ကာ လမ်းလျှောက်ခဲ့ရသည်က ယနေ့တိုင်မမေ့နိုင်ပါ။

ဩော်-ခုတော့ ငယ်ရွယ်နုပျိုတဲ့အရွယ်မဟုတ်တော့ စိတ်သွားတိုင်းကိုယ်မပါချင် ဖြစ်လာခဲ့ပြီ။ စောစောအိပ်ရာထပြီး လမ်းလျှောက်ရမှာကိုပင် အိပ်ရေးမဝချင်သလိုလို ခံစားရပြီး လမ်းလျှောက်ရမှာကို ပျင်းနေမိသည်။ စာရေးသူ၏ အိမ်သူက နည်းနည်းဝနေတာမို့ ဝိတ်လည်း လျှော့၊ သွေးတိုးလည်း ကျစေရန် လမ်းလျှောက်ဖို့ အကြံပေးကာ စည်းရုံးခဲ့ရသည်။ ယခုအခါတွင် အိမ်သူက နေ့စဉ်မှန်မှန် နံနက် ၅ နာရီရောက်တိုင်း ကန်တော်ကြီးဘက်ကို လမ်းလျှောက်ထွက်နေကျမို့ လမ်းလျှောက်ရတာကို ပျော်နေပေသည်။ မိမိက တစ်နေ့တလေ နားပါဦး ပြောသည်ကို ပင်မရတော့။ လမ်းလျှောက်ရသည်ကို ကျင့်သားရနေပြီမို့ မည်သူမျှအဖော်မလိုက်နိုင်သည့်တိုင် သူတစ်ယောက်တည်း လမ်းလျှောက်ထွက်ရန် စိတ်အားထက်သန်နေသူတစ်ယောက်ဖြစ်နေတော့သည်။

တစ်နေ့ရုံးပိတ်ရက်နှင့်ကြုံနေသဖြင့် စာရေးသူကိုယ်တိုင် အဖော်အဖြစ်လိုက်ပါကာ အိမ်သူနှင့်အတူ ကန်တော်ကြီးဘက်ကို လမ်းလျှောက်ထွက်ခဲ့မိသည်။ ကန်တော်ကြီးအတွင်း ကျွန်းတစ်ကျွန်းနှင့်တစ်ကျွန်း ဆက်သွယ်ဆောက်လုပ်ထားသော တံတားများပေါ်တွင် ကန်တော်ကြီးရေပြင်ပေါ်မှ နှင်းမှုန်များနှင့်အတူ တိုက်ခတ်လာသော ဆောင်းလေနု လေကောင်းလေသန့်များကိုရှူကာ နံနက်ခင်း အရသာကိုခံစားနေကြသူများနှင့် ကန်တော်ကြီးပတ်လည်ရှိ ကျွန်းငယ်လေးများပေါ်တွင် မိသားစုအလိုက်၊ အဖွဲ့အစည်းအလိုက်စုပေါင်းကာ ကျန်းမာရေးကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများနှင့် ယောဂကျင့်စဉ်များကိုလည်း ကက်ဆက်မှထွက်ပေါ်လာသော သံစုံတီးလုံးများနှင့်အတူ အသက်အရွယ်ကြီးငယ်မဟူ ပါဝင်လှုပ်ရှားနေကြပုံကိုလည်း တွေ့မြင်ခံစားလိုက်ရပေသည်။ ဤသို့ကျန်းမာရေးအတွက် ပါဝင်လှုပ်ရှားသူများတွင် မိမိထက်အသက်ကြီးသူများပင်ပါနေသည်ကို တွေ့လိုက်ရသဖြင့် ငါလည်းနံနက်တိုင်း အိပ်ရာထဲအပျင်းထူပြီး မှေးနေလို့မဖြစ်တော့ အိမ်သူကိုလည်း အဖော်ရအောင် တစ်ဖက်တစ်လမ်းက ကျန်းမာရေးကိုလည်းအထောက်အကူပြုရန်အတွက် နံနက်တိုင်းမှန်မှန် လမ်းလျှောက်ရန် သန္နိဋ္ဌာန်ချလိုက်ပါတော့သည်။



နေ့စဉ် မှန်မှန် လမ်းလျှောက်ခြင်းကြောင့် သက်ရှည်ကျန်းမာပြီး ကိုယ်တိုင်စီးပွားရေးများကို ဦးဆောင်ပြုလုပ်နေနိုင်သည်ဖြစ်ကြောင်း အသက် (၇၀) ကျော်အရွယ်ရှိ နှလုံးသွေးကြောအစားထိုးကုသခြင်း (By Pass)ခံယူထားပြီး ယနေ့တိုင်ကျန်းမာသန်စွမ်းစွာဖြင့် အသက်ရှင်နေထိုင်နိုင်သည့် စာရေးသူ၏မိတ်ဆွေ ဦးကျော်ညွန့်ရည် (ကျော်ညွန့်ရည်စာပေ)က သူကိုယ်တိုင်ရရှိခံစားနေရသည့် လမ်းလျှောက်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ပြောပြ၍ သိခဲ့ရပေသည်။

နေ့စဉ်မှန်မှန် လမ်းလျှောက်ခြင်းကြောင့် ဦးနှောက်နှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများသို့ အောက်ဆီဂျင်ပိုမိုရောက်ရှိနိုင်ခြင်း၊ ခန္ဓာကိုယ်မှ ချွေးထွက်လာခြင်းကြောင့် ခန္ဓာကိုယ်ကို သန့်စင်စေပြီး သက်ဝင်လှုပ်ရှားခြင်းနှင့်အတူ ရှင်သန်တက်ကြွမှုကို ခံစားလာနိုင်ခြင်း၊ ညအခါနှစ်ခြိုက်စွာအိပ်ပျော်စေပြီး နံနက်ပိုင်းတွင် လန်းဆန်းတက်ကြွကာ အင်အားပြည့်ဝလာစေခြင်း၊ နှလုံးရောဂါကို ကာကွယ်ရာရောက်သကဲ့သို့ သွေးတိုးကျခြင်း၊ အဆီများချခြင်းများ အလိုအလျောက်ဖြစ်လာနိုင်ပြီး ဆီးချိုရောဂါရှိသူများပင် ဆီးချိုရောဂါလျော့ပါးကျဆင်းလာခြင်းတို့အပြင် နေ့စဉ်မှန်မှန် လမ်းလျှောက်ခြင်းကြောင့် နေ့စဉ်မြင်တွေ့ နေကျသူအချင်းချင်း အသိမိတ်ဆွေ တိုးပွားကာ ချစ်ခင် ရင်းနှီးမှုရရှိလာပြီး တစ်ဦးနှင့်တစ်ဦး အခက်အခဲများကို မျှဝေခံစားကူညီမှုများ ရရှိလာနိုင်သည့် အကျိုးကျေးဇူးများကိုလည်း ရရှိခံစားလာနိုင်ကြမည်ဖြစ်ပါသည်။

သို့ပါ၍ အသက်ကြီးငယ်မရွေး နေ့စဉ်မှန်မှန် လမ်းလျှောက်ခြင်းဖြင့် သက်ရှည်ကျန်းမာပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့ကို သက်ဆုံးတိုင် ကြံ့ကြံ့ခိုင်ကာ ဆောင်ရွက်နိုင်မည်ဖြစ်၍ “သက်ရှည်ကျန်းမာ နေ့စဉ်လမ်းလျှောက်ပါ”ရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ Dr. မင်းယုအောင်-ဒေါ်အေးအေးထိုက်တို့၏ တစ်ဦးတည်းသောသား

## Dr. မင်းထင်အောင်

**M.B.,B.S(Ygn)**
**Dip.Med.Sc Family Medicine**
**Master of Business Administration (MBA)**
**Dip. English, Dip. Business Law, Dip. International Law, Dip. Marketing Human Resource Manager (Bahosi Hospital)**
**Director (Myanmar Medi-Care Co.,Ltd.)**

နှင့်

ရန်ကုန်မြို့နေ Capt. လှမော်ထွန်း- ဒေါ်မိုးမင်းခိုင်တို့၏ သမီး
မောင်ဝသန်မော်ထွန်း၏ မမ

## မမိုးဦးမော်ထွန်း

**B.A (English for Professional Purposes)**
**Dip in International Relations and Comparative Politics**
**ICOE by Johns Hoplins University**
**B.E.E English Language School**

တို့သည် ၇-၁၂-၂၀၁၇ (ကြာသပတေးနေ့) မရမ်းကုန်းမြို့နယ် နေအိမ်၌ပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအခမ်းအနား၌ လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးအောင်နိုင်အားလည်းကောင်း၊ မင်္ဂလာအသိသက်သေအဖြစ် ဆောင်ရွက်ပေးပါသော ဒေါက်တာကျော်စိုးမြင့်၊ ဒေါက်တာလှလှငြိမ်းနှင့် ဘိုးလေးဦးတင်အေး၊ ဘွားလေးဒေါ်သန်းငွေတို့အားလည်းကောင်း၊ မေတ္တာဖြင့် ပန်းအလှဆင်ပေးပါသော အန်တီနွယ်နီအားလည်းကောင်း၊ (၈)မိုင်၊ မစိုးရိမ်ရွှေကျောင်းတိုက်သစ်၌ ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲအခမ်းအနားသို့ တက်ရောက်လာသူများအားလုံးအားလည်းကောင်း၊ ၁၀-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) Novotel Yangon Max Hotel (Yangon Ballroom)၌ ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် စုလျားရစ်ပတ်ထိမ်းမြားပေးပါသော ဖေဖေဒေါက်တာ မင်းယုအောင်၊ မေမေ ဒေါ်အေးအေးထိုက်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်တို့ကို ဆင်မြန်းပေးပါသော Daddy Captain လှမော်ထွန်း၊ မေမေ ဒေါ်မိုးမင်းခိုင်တို့အားလည်းကောင်း၊ အခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး တစ်ခိုင်လုံးရွှေအေးအေးမြင့်၊ မင်္ဂလာပန်းကြဲပေးသော မောင်အောင်ခန့်ပိုင်ထွန်းဦးနှင့် မသန့်သီရိစိုး၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မောင်ဟိဏ်းမြတ်ထူး၊ မင်္ဂလာအောင်စံပယ်ဗန်းကိုင်ဆောင်ပေးသော မသည်းသီရိဇော်၊ မင်္ဂလာအရံအဖြစ် ဆောင်ရွက်ပေးသော မောင်ဉာဏ်လင်းမောင်၊ မောင်မိုးထွဋ်အောင်၊ မအေးမြတ်သူနှင့် ဒေါက်တာအိမွန်ထွတ်ဆွေတို့အားလည်းကောင်း၊ မိတ်ကပ်မေဦးမောင်(တော်ဝင်သူ)နှင့် မင်္ဂလာပွဲကြီးဆောင်ရွက်ပေးသော ကိုသန်းနိုင်နှင့် မစန္ဒာ(My Dream) အဖွဲ့သားများအားလုံး၊ ပြည်တွင်းပြည်ပမှ ချစ်ခင်စွာ တက်ရောက်လာသူများအားလုံးအားလည်းကောင်း၊ ၁၀-၁၂-၂၀၁၇ ည အင်းယားလမ်း၊ Sailing Club ၌ ကျင်းပသော ညစာစားပွဲနှင့် ၁၁-၁၂-၂၀၁၇ ည Western Park Rubby ၌ ကျင်းပသော ညစာစားပွဲ၌ မေတ္တာဖြင့် အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးကြသော မခိုင်သက်စိုး၊ ကိုဖြိုးမင်းစိုး၊ ကိုဖြိုးမင်းသန့်တို့အားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးကြသော နှစ်ဖက်မိဘဆွေမျိုးများ၊ မိတ်ဆွေသူငယ်ချင်းများအားလုံးနှင့် Sailing Club dinner ၌ စားသောက်ဖွယ်ရာများကို လိုလေသေးမရှိအောင် စီစဉ်ဆောင်ရွက်ပေးသော ချစ်အန်တီခင်ခင်လှ(Happy Family)အား ကျေးဇူးအထူးတင်ရှိပါကြောင်း။

(မင်္ဂလာပွဲကြီးနေ့၌ အဆင်မပြေမှုများဖြစ်ခဲ့ပါက မေတ္တာရှေ့ထား၍ ခွင့်လွှတ်ပေးပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။)

**နှစ်ဖက်မိဘများနှင့်**
**Dr.မင်းထင်အောင်-မမိုးဦးမော်ထွန်း**

PUN HLAING SILOAM HOSPITALS

အားနည်းသူကို ဖေးမကူ လူထုအကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှု

Only JCIA Hospital in Myanmar



သားဖွား၊ မီးယပ်ဆိုင်ရာ ရောဂါများနှင့်
အထွေထွေခွဲစိတ်ကုသမှုများအတွက်

အပြီးအစီး ကုန်ကျစရိတ်
(၈) သောင်း မှ
(၆) သိန်းခွဲကျပ် အတွင်းသာ

တစ်နေ့ ၁၅,၀၀၀ ကျပ်

Pun Hlaing Siloam Hospital(Yangon) : Pun Hlaing Estate Avenue, Hlaing Tharyar Township, Yangon, Myanmar. Tel: +95 1 368 4320, 368 4323, 368 4336, +95 9 421 042 679

STARFISH Education

KAPLAN Certified Education Provider

World Class Training for IELTS®, TOEFL®, SAT®, GMAT®, GRE®

IELTS® , TOEFL®, SAT® အမှတ်ကောင်းရလိုသူများအတွက်
Intake တိုင်းတွင် ထူးချွန်ကျောင်းသား/သူများ
မွေးထုတ်ပေးနေသော STARFISH Education ကို
ရွေးချယ်လိုက်ပါ။

လစဉ်တန်းခွဲသစ်များရှိသည်

January Intake အတွက် Placement Test များ လာရောက်ဖြေဆိုနိုင်ပါပြီ။

No. (3-B), Power Condo, Insein Road, Hledan, Kamaryut Township, Yangon.

Enroll Now 09 777264230~31




Super Cool

Air Con ရေခဲသေတ္တာ၊ အဝတ်လျှော်စက် တပ်ဆင်၊
ပြုပြင်၊ ရောင်းဝယ်၊ လဲလှယ်ခြင်းလုပ်ငန်း (အနီးဆုံးဆိုင်ခွဲသို့)

(၁) မ/ဒဂုံမြို့နယ် -01-706356, 09-49594626
(၂) ရန်ကင်းမြို့နယ် -09-73187375, 09-400407575
(၃) သာကေတမြို့နယ် -09-420305462, 09-254179565
(၄) ကြည့်မြင်တိုင်မြို့နယ် -09-256155553, 09-33338211
(၅) မ/ဥက္ကလာမြို့နယ် -09-450013581, 09-765418836
(၆) မန္တလေး -09-49252181, 09444042912
(၇) လှိုင်မြို့နယ်၊ အင်းစိန်လမ်းမ- 09-256223396, 09-47054581

AIRCON အဟောင်းနှင့် အပျက်များကို
အသစ်နှင့်လဲလှယ်ပေးပါသည်။
တပ်ဆင်ပြီး 1.0 Hp 259000, 1.5 Hp 319000

Air-Con 1.0Hp တပ်ဆင်အပြီးအစီး 309000 ကျပ်
Air-Con 1.5Hp တပ်ဆင်အပြီးအစီး 359000 ကျပ်

STAR ACADEMY

Courses We Offer!

MBA
MBA in Hospitality Management
Diploma
Hospitality Management
Certificate-II
- Front Office Management
- Food & Beverage Management
- Housekeeping Management
- Tourism Management
- Human Resources Management
- Sales & Marrketing Management
- International Culinary Course
- International Bakery & Pastry Course
- Special Beverage Course
- Food & Beverage Operation Course
- Front Office Operation Course
- Housekeeping Course
- Hospitality English Course

ဖွံ့ဖြိုးတိုးတက်နေသော ဟိုတယ်နှင့်ခရီးသွား ဝန်ဆောင်မှု လုပ်ငန်းများတွင် Professional တစ်ယောက်အဖြစ်ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် Star Academy တွင် မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီး ဌာနမှ အသိအမှတ်ပြု Diploma in Hospitality & Tourism Management ကို နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ ဆရာမ များနှင့် စနစ်တကျ လေ့ကျင့်သင်ကြားပေးနေပါသည်။

ခရစ္စမတ်နှင့် နှစ်သစ်ကူး အထူး အစီအစဉ် အနေနှင့် ကျွန်တော်တို့ STAR ACADEMY ၏ သင်တန်းများ ကို စိတ်ပါဝင်စား ပြီး တက်ရောက်လိုသူများအတွက်

Special Discount-10%

Promotion Period : 19.12.2017 to 5.1.2018

***အချိန်ကန့်သတ်ထားပါသောကြောင့်အမြန်ဆုံးစာရင်းပေးသွင်းလိုက်ပါ။***



Education, Financial & Career Advisor ဖြင့် သိရှိလိုသည်များကို **အခမဲ့** လာရောက်ဆွေးနွေးရန်အတွက် ဖိတ်ခေါ်အပ်ပါသည်။

CONTANT US - (95-1) 523 623, 230 4020, 09 79 700 4988-89

(STAR RESOURCES CO., LTD). No. 267, Room - 202, Pyay Road, Sanchaung Township, Yangon, Myanmar. E-mail: info@staresources.com

GZ Real Estate Company

လူကြီးမင်းတို့၏ ကွန်ဒိုတိုက်ခန်း၊ လုံးချင်းအိမ်ရာနှင့် မြေကွက် ရောင်း၊ဝယ်၊ငှားရမ်းခြင်းများကို အချိန်တိုအတွင်းထိရောက်အောင်မြင် စေရန်ကျွန်ုပ်တို့၏ GZ Real Estate Company (Japan Branch) မှ တာဝန်ယူပေးပါရစေ။

လူကြီးမင်းတို့ပိုင်ဆိုင်သောရန်ကုန်ဧရိယာအတွင်းရှိကွန်ဒိုတိုက်ခန်း၊လုံးချင်းမြေကွက်များရောင်းဝယ်ငှားရမ်းလိုပါကအမြန်ဆက်သွယ် အပ်နှံနိုင်ပါသည်။

*ဆက်သွယ်ရန် * 09-458285095, 09-424523234

အမှတ် (253/285) ,အခန်း (004-F) ,၄ လွှာ၊ Great Cairo ကွန်ဒို၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့.

ရုံးချိန် - တနင်္လာ မှ သောကြာ (၉ နာရီ မှ ၅ နာရီ အထိ)

အရောင်းနှင့်အငှား

**၁။ လုံးချင်းအိမ်နှင့်ခြံ အရောင်း** – လှိုင်မြို့နယ်အင်းစိန်လမ်းနှင့် ပါရမီမီးပွိုင့်အနီး၊ ပိုင်ရှင်အမည်ပေါက် ပေ၅၀ x ပေ၇၀ခန့်ပေါ်ရှိ RC ၂ထပ်တိုက်၊ အဲကွန်း၊ ရေချိုးခန်းအိမ်သာပါအိပ်ခန်း၄ခန်း၊ Maid Room ၁ခန်း၊ ကားဂိုဒေါင်၊ အဝီစိတွင်း၊ လိုင်းဖုန်း (သိန်း၈၀၀၀)

**၂။ တိုက်ခန်းအငှား** – လှိုင်မြို့နယ်အင်းစိန်လမ်းနှင့်ပါရမီမီးပွိုင့်အနီး၊ ၁၄.၅ပေ x ၅၅ပေ၊ ၄လွှာရှိတိုက်ခန်း သစ်နှစ်ချပ်ငှားမည်။(တလ ၂သိန်းခွဲကျပ်)


**၃။ တိုက်ခန်းအရောင်း** – အင်းစိန်၊ တောင်သုတုန်း၊ မင်္ဂလာကျောင်းလမ်း၄လွှာ၊ ၁၅ပေ x ၅၀ပေတိုက်ခန်း၊ ပြင်ဆင်ပြီး (သိန်း၃၂၀)

**၄။ မြေအရောင်း** – သန်လျင် ထမလုံဘုရားအနီး ဥယျာဉ်ခြံမြေ ၁ဧက (သိန်း၁၆၀၀)

ဆက်သွယ်ရန် – ဒေါ်ဖိုး ၀၉၅၀၄၅၈၁၃၉၊ ပွဲစားမလို

နေပြည်တော်
ကားမောင်း(အတတ်သင်)သင်တန်း
ပ–(154)၊ မြို့မဈေး ၊ ပွဲရုံတန်း ၊ နေပြည်တော်
Ph:067-421755 ,09-73011078 ,09-73041277
ခေတ်မီကားမျိုးစုံဖြင့်Manual & Auto နှစ်မျိုးစလုံးသင်ကြားပေးပါသည်။

GREAT WALL
HIGH QUALITY
ALUMINIUM COMPOSITE PANEL



IAF | IQC ISO 9001:2000 | Beckers | CE | SGS ISO 9001:2008 QUALITY

ISO(9001:2008) , ISO (14001:2004)

အရည်အသွေးမြင့် COMPOSITE PANEL များကို မြန်မာနိုင်ငံအနှံ့ လက်လီ/လက်ကားဖြန့်ဖြူးရောင်းချပေးနေပါသည်။ နယ်ကိုယ်စားလှယ်ရယူလိုသူများ COMPO KING နှင့်ဆက်သွယ်ပါ။

COMPO KING
CONSTRUCTION AND GENERAL TRADING COMPANY LIMITED
No.83/A, Wai Zan Yan Tar Rd , Ngwe Kyar Yan 5 st, (3) Ward, South Okkalapa Tsp, Yangon.
Ph: 09- 426777100, 09- 426777200 , 09-426777300, 09-426777600, 09- 9643091511

GUSTO COLLEGE

Our Partner

UNIVERSITY OF GLOUCESTERSHIRE

UK မှ တိုက်ရိုက်ချီးမြှင့်မည့် ဘွဲ့ကွန်ပျူတာဘွဲ့

**2018 January Intake** အတွက်လျှောက်လွှာခေါ် ယူခြင်း

- တက္ကသိုလ်ဝင်တန်း စာမေးပွဲ (သို့) IGCSE အောင်မြင်ပြီးသူတိုင်း စတင်လျှောက်ထားနိုင်သည်။
- စာသင်ကာလ ၂နှစ်အတွင်း ဘာသာရပ် ၁၆ခုကို စာတွေ့လက်တွေ့ သင်ယူရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာ တက္ကသိုလ်များ ဆက်လက်တက်ရောက်ရာတွင် အဆင်သင့်ဖြစ်စေရန် English (4 skills) ကိုပါ သင်ယူရမည်ဖြစ်သည်။
- လက်တွေ့လုပ်ကိုင်တတ်စေရန် Assignment များတင်သွင်းရမည်ဖြစ်ပြီး အောင်မြင်ပါက UK ၏ အကြီးဆုံးပညာရေးအဖွဲ့အစည်းဖြစ်သော Pearson မှ ချီးမြှင့်သည့် Level 5 အဆင့်ရှိ Higher National Diploma ကိုရရှိမည်ဖြစ်သည်။
- HND Diploma ရရှိပြီးပါက GUSTO ၏ Partner University ဖြစ်သော University of Gloucestershire (UK) မှတိုက်ရိုက်ချီးမြှင့်မည့် BSc (Hons) Computing ဘွဲ့ကို ပြည်တွင်းရှိ GUSTO ၌ပင် နောက်ဆုံးနှစ် (၁)နှစ် တက်ရောက်ပြီး ရယူနိုင်ပါသည်။
- ပြည်ပသို့ သွားရောက် သင်ယူလိုသူများအတွက်လည်း UK, Singapore စသော နိုင်ငံတကာ တက္ကသိုလ်ကြီးများတွင် နောက်ဆုံးနှစ်ကို တက်ရောက်ပြီး BSc (Hons) Computing ဘွဲ့ကို ရယူနိုင်ပါသည်။
- ၂၀၁၈ ဇန်နဝါရီတန်းခွဲသစ် တက်ရောက်ရန် ဝင်ခွင့်လျှောက်လွှာနှင့်အတူ ဓါတ်ပုံ (၃)ပုံ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့နှင့်တကွ ယနေ့မှစ၍ လာရောက်လျှောက်ထားနိုင်ပါသည်။

*နယ်မှ ကျောင်းသူ/ သားများအတွက် အဆောင်စီစဉ်ပေးသည်။ ကျောင်းကားစီစဉ်ပေးပါသည်။*

Call Us : (09) 789 888 222, 09 429 991 009

အမှတ် (၂၈၉/အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတံတားအနီး၊ ရန်ကုန်မြို့။





မြတ်စွာဘုရားပထမဆုံးကျောင်းအလှူခံရာ ဝေဠုဝန်ကျောင်းတော်ရာအနီး ရာဇဂြိုဟ်မြို့၌ ကျောင်း ဒကာ / ဒကာမအဖြစ်ခံယူနိုင်ပါပြီ

အိန္ဒိယနိုင်ငံ၊ မဂဓတိုင်း၊ ရာဇဂြိုဟ်မြို့ ၌
ဆရာတော်ဒေါက်တာအရှင်ဣန္ဒဝံသ ( LL.B, M.A, Ph.D ) ဦးစီး
တည်ဆောက်လျက်ရှိသော အောင်မြေရာဇဂြိုဟ်မြန်မာကျောင်းတော်ကြီး
(Holly Land Rajagha Dhamma Centre) ၌ အမြတ်ဆုံးဒါနဖြစ်သည့်
သာသနာ့မြေနှင့်ကျောင်းအလှူများ လှူဒါန်း၍ ကျောင်း ဒကာ/ဒကာမများအဖြစ်
ခံယူနိုင်ပါကြောင်း နိဗ္ဗာန်လိုလားသောစိတ်ဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အောက်ဖော်ပြပါသာသနိကပစ္စည်းများအပြင် နည်း/များမဆိုမိမိတို့သဒ္ဓါတရားအလျောက် ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါသည်။

၁။ သာသနာ့မြေ (၁)ပေပတ်လည် - တစ်သောင်းကျပ်
သာသနာ့မြေ (၄၀)ပေပတ်လည် ကျပ်သိန်း (၁၆၀)
၂။ ကျောင်းဆောင် (၁)ပေပတ်လည် - တစ်သောင်းကျပ်
၃။ ဆွမ်းစားခန်းမ - ကျပ်သိန်း ၃၀၀ (ဒေါ်လာ ၂၂,၂၀၀)
၄။ အိပ်ခန်းတစ်ခန်း(ပရိဘောဂအစုံ) - ဒေါ်လာ ၅,၀၀၀/၆,၀၀၀
၅။ မဟာရံတံတိုင်းတစ်ကွက် - ဒေါ်လာ ၂၀၀

ဆက်သွယ်လှူဒါန်းနိုင်သော နေရာဌာနများ

၁။ ဆရာတော်အရှင်ဣန္ဒဝံသ
ဖုန်း - +၉၁ - ၈၈၀၄၄၁၈၄၅၉
၂။ ဆရာတော်အရှင်ဝဏ္ဏသာရ
ဖုန်း - ၀၉ - ၄၃၀၂၃၀၆၂
၃။ ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
ဖုန်း - ၀၁ - ၆၅၅၅၂၀၊ ၀၉ - ၅၆၀၀၁၂၃
၄။ ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
၀၉ - ၅၁၈၈၃၇၆၊ ၀၉ - ၄၃၂၀၀၆၄၆
၅။ စိုးစံမြင့်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
ဖုန်း - ၀၉ - ၇၇၁၃၉၃၉၈၈



ရန်ကုန်မြို့တွင်း အစားအသောက် ပို့ဆောင်ရေးအတွက် စက်ဘီးနင်း ကျွမ်းကျင်ဝန်ထမ်းများအလိုရှိသည်
လစာ - 150000/- မှ 300000/-
ဆက်သွယ်ရန်-၀၉၇၆၇၉၄၄၂၄၅
(ရုံးချိန်အတွင်းသာ)



**ယာဉ်မောင်းအလိုရှိသည်**

ပြည်တော်ဖိုးကုမ္ပဏီလီမိတက်တွင် ယာဉ်မောင်း (၂) ဦးအလိုရှိသည်၊
လျှောက်ထားသူသည် မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ (၁) ပုံနှင့်အတူ ရုံးချိန်အတွင်းလာရောက်လျှောက်ထားနိုင်ပါသည်။
ဆက်သွယ်ရန် - အမှတ် (၅၁)၊ မိုးကောင်းလမ်း၊ ၁၃ ရပ်ကွက်၊ ရန်ကင်းမြို့နယ်။
ဖုန်း - ၀၉ ၅၁၅၉၄၄၅၊ ၀၉ ၇၉၉၂၀၉၀၂၀၊ ၀၁ ၅၄၃၆၉၆၊ ၀၁ ၅၄၀၂၉၇



ခင်ငွေကောင်းတဲ့ကိုယ်ပိုင်စီးပွားရေး
ခရမ်းလှုပ်ဖို့လွယ်ပါတယ်
**အေးမွှန်ရတနာ**
အမျိုးသမီးစက်ချုပ်သင်တန်း
ဒေါ် ခင်ဝင်းရီ B.A, B.Ed.
နယ်သင်တန်းသူများအတွက် အဆောင်ရှိသည်။
ဆိုင်ဖွင့်လိုသူများအတွက်ဘာသာစုံသင်ပေးသည်။
၃၉(ဂ) အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ် (ကျောက်ကုန်းမီးပွိုင့်အနီး)
ဖုန်း-၀၁-၅၇၉၈၅၂၊ ၅၇၀၉-၅၁၀၄၆၈၇၊ ၀၉-၅၁၉၃၄၉၁၊ ၀၉-၄၂၀၀၀၆၈၀၉



**နိုင်ငံခြားသားများနေထိုင်ရန်**
လူကြီးမင်းတို့ပိုင်ဆိုင်သော အဆင့်မြင့်ပြင်ဆင်ပြီး လုံးချင်းနှင့် CONDO များအမြန်ငှားလိုပါသည်။
Ph: 09-73008848, 01-394053



**လိပ်ခေါင်း၊ ဂရင်ရှိနာ**
09-73121554
မခွဲမစိပ်၊မနာမကျင် အမြစ်ပြတ်ကုသပေးသည်။
(ဇီဝက ဆေးခန်း)၃၄၈၊မြေညီ၊ရွှေဘုံသာအထက်လမ်း၊အေးဆေးခန်းဘေး။
ရန်ကုန်မြို့။09-73038158, 09-43088215


**၁၆.၁၂.၂၀၁၇ ရက်စွဲဖြင့် ထုတ်ဝေသော Unity သတင်းစာဂျာနယ် သတင်းကြေညာချက်နှင့် ပတ်သက်၍ မမှန်မကန် ရေးသားခြင်းအပေါ် ပြန်လည်ရုပ်သိမ်း ပေးပါရန်နှင့် သတ်မှတ်ရက်အတွင်း ပြန်လည်တောင်းပန်ပါရန် အသိပေးသတင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့နယ် ၊ ပြည်သူ့ရင်ပြင်ဝင်းအတွင်းရှိ နဂွတ်တာရာ ပြခန်းရှေ့တွင် တည်ဆောက်ထားသော Traffic Control Center ကို လုပ်ကိုင်ခွင့်ရရှိသော CRCC(China) ကုမ္ပဏီနှင့် မြန်မာရွှေယင်းကုမ္ပဏီတို့သည် ခေတ်မီမီးပွိုင့်စနစ်ဖြင့် ထိန်းချုပ်ကာ ယာဉ်ကြောကြပ်တည်းမှုကို ဖြေလျော့နိုင်ရန် Traffic Control Center တည်ဆောက်မှုလုပ်ငန်းကို အခြေစိုက် လုပ်ကိုင်လျက်ရှိပါသည်။

ထိုသို့လုပ်ဆောင်ရာတွင် ရန်ကုန်မြို့တွင်းရှိ လမ်းအခြေအနေများ ၊ ယာဉ်ကြောအခြေအနေများနှင့် ကိုက်ညီမှုရှိရန် စီစဥ်ဆောင်ရွက်ပြီး အရည်အသွေးမြင့်သည့် နည်းစနစ်ပိုင်းနှင့် ဆောင်ရွက်နေဆဲဖြစ်သည်ကို ကျွန်ုပ်တို့ လုပ်ပိုင်ခွင့်ရသည့် ကုမ္ပဏီနှစ်ခု ထွက်ပြေးပြီဟု မမှန်မကန်ရေးသား ဖော်ပြခြင်းသည် ကုမ္ပဏီ၏ ဂုဏ်သိက္ခာနှင့် အကျိုးအား ထိခိုက်နစ်နာသည့်အပြင် အများပြည်သူ ထင်ယောင်ထင်မှား ဖြစ်စေရန် ဒီဇင်ဘာလ ၁၆ ရက် ၂၀၁၇ နေ့ ထုတ် Unity ဂျာနယ်မှ ရေးသားဖော်ပြခြင်းဖြစ်ပြီး ၎င်းသတင်းနှင့်ပတ်သက်၍ Unityဂျာနယ်မှ အမြန်ဆုံးပြန်လည်ရုပ်သိမ်းရန်နှင့် ယခုသတင်းစာပါသည့်ရက်မှ (၇)ရက်အတွင်း ပြန်လည်တောင်းပန်ခြင်းမရှိပါက တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးအကြောင်း ကြားအပ်ပါသည်။

China Railway 21st Bureau Group Co., Ltd (CRCC China) ကုမ္ပဏီနှင့် မြန်မာရွှေယင်း ကုမ္ပဏီ

ပူးတွဲသတင်းကြေညာချက်


စွမ်းအားအီလက်ထရောနစ် S.A.E.W

**Year-End Promotion**

မီးအားမြှင့်စက်တစ်လုံးလျှင်
30000 ကျပ်မှ 100000 ကျပ်အထိ
စျေးသက်သာနိုင်မည့် အထူးအခွင့်အရေး

Promotion ကာလ
20.12.2017 မှ 30.12.2017

စွမ်းအား နှင့် Ecopower အမှတ်တံဆိပ်
ကုန်ပစ္စည်းများအားလုံးကို Promotion ကာလအတွင်း
အထူးစျေးနှုန်းများဖြင့် ရောင်းချပေးမည် ဖြစ်ပြီး
ဝယ်ယူမှုများအားလုံးအတွက် လက်ဆောင်ပစ္စည်းများဖြင့်
ကျေးဇူးတုံ့ပြန်သွားပါမည်။

ECOPOWER

အမှတ်၁၆၊ ၇၉လမ်း၊ ၁၇လမ်းနှင့်၁၈လမ်းကြား၊ မန္တလေးမြို့။ ☎ ၀၂-၃၅၀၁၄
၆၂လမ်း၊ စိန်ပန်းလမ်းနှင့်မနော်ဟရီလမ်းကြား၊ မန္တလေးမြို့။ ၀၉-၉၆၄၀၁၅၀၁၄
အမှတ်၈၆၊ အထက်ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။ ☎ ၀၁-၃၉၁၄၅၃
လမ်း၁၀နှင့်ဗိုလ်ဆွန်ပက်လမ်းကြား၊ အနော်ရထာလမ်းပေါ်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁-၃၈၅၀၁၆

## ဦးအရီဒါတ်စ်[၁၂/လမန(နိုင်)၁၁၉၃၆၅]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ တိုက်အမှတ်-၈၃/၈၄၊ အခန်းအမှတ်(၂၀၁)နေ ဦးလှရွှေ(ခ) KARUPPAN[၁၂/လမန(ပြု)၀၀၀၇၆၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၁။ ရန်ကုန်မြို့၊ မြို့မြေစာရင်းတွင် KRအနာမလဲကော်နားနှင့် KAနာရာယာဆာမိကိုနား အမည်ပေါက်လျက်ရှိသော မြေကွက်များမှာ အမွေဆက်ခံပိုင်ခွင့်ရှိသော သားသမီးမြေးမြစ်များ အမွေဆက်ခံပိုင်ခွင့် မရရှိဘဲဆုံးရှုံးလျက်ရှိသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဦးလှရွှေ(ခ)KARUPPAN ပါ(၇)ဦးတို့က သက်ဆိုင်ရာ/ရုံးဌာနအဖွဲ့အစည်းတွင် ဥပဒေလုပ်ထုံးလုပ်နည်းအရ လူအားငွေအားစိုက်ထုတ်ပေးမည့် ဒုတိယတစ်ဖက်နှင့် ၂၄-၉-၂၀၁၅ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ် ၂၅-၃-၂၀၁၆ရက်စွဲပါ(မှတ်ပုံတင်စာချုပ်အမှတ်-၉၅၆၆/၂၀၁၆) နှစ်ဖက်သဘောတူ ကတိစာချုပ်တို့ကို ရေးချုပ်ခဲ့ကြပါသည်။

၂။ အထက်စာပိုဒ်(၁)ပါကဲ့သို့ သဘောတူစာချုပ်များရေးချုပ်ပြီးနောက် အမွေဆက်ခံပိုင်ခွင့်ရှိသူ ဦးလှရွှေ(ခ)KARUPPANပါ (၇)ဦးတို့က နှစ်ဦးစီပူးတွဲ၍ ဦးအရီဒါတ်စ်ကိုလည်းကောင်း၊ ဒုတိယဘက် ဒေါ်ကေခိုင်ရွှေ[၁၂/စခန(နိုင်)၀၀၇၇၅၄]ကိုလည်းကောင်း မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်စာလွှဲအပ်ခဲ့ကြပါသည်။

၃။ ဦးအရီဒါတ်စ်နှင့်ဒုတိယဘက်တို့ ဥပဒေလုပ်ထုံးလုပ်နည်းအရ သက်ဆိုင်ရာရုံးဌာန/အဖွဲ့အစည်းတွင် အမွေဆက်ခံပိုင်ခွင့်ရှိသူများ အမွေဆက်ခံရရှိနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ကာ ပြည်ထဲရေးဝန်ကြီးဌာန၏ ၉-၅-၂၀၁၆ရက်စွဲပါ စာအမှတ်၊ ၃၀၀/၆-၇၂၈(၁၇၆၅)/ဦး ၁ အရ မရွှေ့မပြောင်းနိုင်သော ပစ္စည်း၊ လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ-၆(က)ပါလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရန်ကုန်အနောက်ပိုင်းခရိုင်၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီးရှိ အုတ်ကျင်းဂုံနီစက်ရုံနှင့် အုတ်ကျင်းလျှော်ရွှေးလျှောက်ထုတ်စက်ရုံတို့တည်ရှိရာ မြေဧရိယာ(၁၂၅. ၂၂၀)ဧက အနက်မှ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၇)၊ မြေအမျိုးအစား လ/န(၃၉)၊ မြေဧရိယာ (၁. ၆၇၆)ဧကနှင့်မြေကွက်အမှတ်(၉)၊ မြေအမျိုးအစား၊ ဘီ လ/န(၃၉)၊ မြေဧရိယာ (၁. ၁၀၃)ဧကရှိ မြေကွက်အား ဦးလှရွှေ(ခ)KARUPPANပါ (၇)ဦးတို့က အမွေဆက်ခံခွင့်ရရှိခဲ့ပါသည်။ ၎င်းမြေကွက်(၂)ကွက်ကို သက်ဆိုင်ရာဌာနမှ ဦးလှရွှေ(ခ)KARUPPAN+(၇) အမည်ပေါက်ရရှိပြီး ပထမဘက် ဦးလှရွှေ(ခ)KARUPPANပါ (၇)ဦးနှင့် ဒုတိယဘက် ဒေါ်ကေခိုင်ရွှေတို့ ၁၆-၇-၂၀၁၆ရက်စွဲပါ ၂၄-၉-၂၀၁၅ ရက်စွဲပါ နှစ်ဖက်သဘောတူကတိစာချုပ်၏ နောက်ဆက်တွဲသဘောတူ ကတိစာချုပ်ကို ရေးချုပ်ပြီး နှစ်ဦးနှစ်ဖက်သဘောတူညီချက်အရ စီမံဆောင်ရွက်ခဲ့ကြပြီးဖြစ်ပါသည်။ ပြဿနာ တစ်စုံတစ်ရာဖြစ်ပေါ်ခဲ့ခြင်းမရှိပါ။

၄။ ယင်းနောက် ပထမဘက်မှ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်စာရရှိသူ ဦးအရီဒါတ်စ်နှင့် ဒေါ်ကေခိုင်ရွှေတို့ ဥပဒေလုပ်ထုံးလုပ်နည်းအရ ရန်ကုန်မြို့၊ မြို့မြေစာရင်းတွင် KR အနာမလဲကော်နားနှင့် KA နာရာယာဆာမိကိုနားအမည်ပေါက်မြေကွက်များကို သက်ဆိုင်ရာရုံးဌာန အဖွဲ့အစည်းတွင် ဥပဒေလုပ်ထုံးလုပ်နည်းအရ လျှောက်ထားခဲ့ကြရာ ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုမိန့်အရ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ မြေကွက်အမှတ်(၇/ဃ-၄)နှင့် မြေကွက်အမှတ်(၅) (လေ့ကျင့်ရေးဂေါက်ကွင်း ဘုရင့်နောင်လမ်းမကြီး၊ (၁၄)ရပ်ကွက်၊ လှိုင်မြို့နယ်)တို့ကို ဦးလှရွှေ(ခ)KARUPPANပါ (၇)ဦးတို့က အမွေဆက်ခံခွင့်ရရှိကြောင်း၊ ၎င်းမြေကွက်(၂)ကွက်ကို ဦးအရီဒါတ်စ်တစ်ဦးတည်း အမည်ပေါက်ရယူသွားကြောင်းသိရှိရ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ (၂၅-၈-၂၀၁၇)စာဖြင့် လျှောက်ထားတင်ပြခဲ့ရာ ယင်းဌာန၏ ၁၉-၉-၂၀၁၇ရက်စွဲပါ စာအမှတ်-ရကစ/မြို့ပြမြေစီမံ-၂၀၁၇(၁၈၀၀၆)အရ ကျွန်ုပ်၏မိတ်ဆွေဦးလှရွှေ(ခ)KARUPPANထံသို့ ဦးအရီဒါတ်စ်၏ အမည်ပြောင်းလျှောက်ထားခြင်းကို ယင်းဌာန၏လုပ်ထုံးလုပ်နည်းအရ ခွင့်ပြုခဲ့ပြီးကြောင်း ပြန်ကြားခဲ့ပါသည်။

၅။ ကျွန်ုပ်၏မိတ်ဆွေ ဦးလှရွှေ(ခ)KARUPPANက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဦးအရီဒါတ်စ်က ဖော်ပြပါမြေကွက်(၂)ကွက်ကို ဦးအရီဒါတ်စ်အမည်ပေါက်ခွင့်ပြုခဲ့ရာတွင် အခြားအမွေဆိုင်များပါဝင်ခြင်းရှိ/မရှိ ပြန်ကြားပေးရန် ယင်းဌာနသို့ ၆-၁၁-၂၀၁၇ရက်က တင်ပြလျှောက်ထားခဲ့ပါသည်။

၆။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ ၇-၁၂-၂၀၁၇ရက်စွဲပါ စာအမှတ်၊ ရကစ/မြို့ပြမြေစီမံ-၂၀၁၇(၂၂၆၂၃)အရ အထက်စာပိုဒ်(၄)ပါမြေကွက်(၂)ကွက်ကို ကန့်ကွက်သူမရှိ၍ ဦးအရီဒါတ်စ်အား လုပ်ထုံးလုပ်နည်းအရ ဦးအရီဒါတ်စ်တစ်ဦးတည်းအမည်သို့ ပြောင်းလဲပေးခဲ့ပြီးဖြစ်ကြောင်း ပြန်ကြားခဲ့ပါသည်။

၇။ ကျွန်ုပ်၏မိတ်ဆွေ ဦးလှရွှေ(ခ)KARUPPANပါ (၇)ဦးတို့က နှစ်ဦးစီပူးတွဲ၍ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ခဲ့သည့်အတွက် အထက်စာပိုဒ်(၄)ပါမြေကွက်(၂)ကွက်မှာ ဦးလှရွှေ(ခ) KARUPPAN+၇ ဦးအမည်ပေါက်ရရှိမည်ဖြစ်ပါသည်။ အမွေဆိုင်(၈)ဦးတို့တွင် ဦးအရီဒါတ်စ်က ၎င်းတစ်ဦးတည်းအမည်ပေါက်ရရှိရေးအတွက် သက်ဆိုင်ရာရုံးဌာနများတွင်မည်ကဲ့သို့ ဆောင်ရွက်ခဲ့ကြောင်း တစ်စုံတစ်ရာမသိရှိခဲ့ပါ။ ဦးလှရွှေ(ခ)KARUPPANအနေဖြင့် အထက်ဖော်ပြပါ မြေကွက်(၂)ကွက်ကို ဦးအရီဒါတ်စ်တစ်ဦးတည်းအမည်ပေါက် လျှောက်ထားရန်အတွက် သဘောတူညီခဲ့ခြင်းလည်းမရှိပါ။ ဦးအရီဒါတ်စ်က ၎င်းအပါအဝင် အမွေဆက်ခံပိုင်ခွင့်ရှိသူ ဦးလှရွှေ(ခ)KARUPPANပါ(၇)ဦးတို့ရှိနေသည်ကို သိရှိပါလျက် မရိုးမဖြောင့်သောသဘောဖြင့် သက်ဆိုင်ရာရုံးဌာနများတွင် တစ်ဦးတည်းအမည်ပေါက် လျှောက်ထားရယူသွားခြင်းသာဖြစ်ပါသည်။

၈။ သက်ဆိုင်ရာဌာနမှ ဦးအရီဒါတ်စ်တစ်ဦးတည်းအမည်ပေါက်လျှောက်ထားခြင်းကို ၂-၅-၂၀၁၇ရက်တွင် ကြေးမုံသတင်းစာ(ကြော်ငြာ)စာမျက်နှာ(ဇ) တတိယဇယား၊ အစဉ်(၁၀)၊ (၁၁)တို့တွင် ဦးအရီဒါတ်စ်တစ်ဦးတည်းအမည်ပေါက်လျှောက်ထားသည့်ကိစ္စကို(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာစာကို နောက်ပိုင်းတွင်မှ သဘောရိုးဖြင့် သိရှိရပါသည်။

၉။ အထက်စာပိုဒ်(၄)ပါ မြေကွက်(၂)ကွက်(ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ မြေကွက်အမှတ်(၇/ဃ-၄)နှင့် မြေကွက်အမှတ်(၅)၊ လေ့ကျင့်ရေး ဂေါက်ကွင်းဘုရင့်နောင်လမ်းမကြီး၊ (၁၄)ရပ်ကွက်၊ လှိုင်မြို့နယ်)တို့ကို ဦးလှရွှေ(ခ)KARUPPAN၏သဘောတူညီချက်မရရှိဘဲ ဦးအရီဒါတ်စ်တစ်ဦးတည်းက ပစ္စည်းလွှဲပြောင်းခြင်းဆိုင်ရာ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းစသည်တို့ကို ဆောင်ရွက်နိုင်ခွင့်မရှိကြောင်း ဦးအရီဒါတ်စ်နှင့် အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

၁၀။ ဦးလှရွှေ(ခ)KARUPPAN၏ သဘောတူညီချက်မရှိဘဲ ဦးအရီဒါတ်စ်တစ်ဦးတည်းက ဖော်ပြပါမြေကွက်(၂)ကွက်ကို ပစ္စည်းလွှဲပြောင်းခြင်းဆိုင်ရာကိစ္စရပ်များကို ပြုလုပ်မည်ဆိုပါက တာဝန်ရှိသူများကို ဥပဒေလုပ်ထုံးလုပ်နည်းအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်းလည်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘထွန်း**
**[H.G.P,B.A(Law);LL.B]**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၃၇)**
**အမှတ်(၅၀)၊ ဘဏ်လမ်း၊ အခန်း(၁)ဒုတိယထပ်**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၂၅၀၆၃၀**

---

**ဘုရား၊ ရဟန်း၊ တန်ဆောင်း ဒါယိကာမကြီး**
**ဒေါ်ခင်မြင့်(ခ)ဒေါ်ဆောင်း (၇၈)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅၂)လမ်း၊ အမှတ်(၄၀)၊ ပထမထပ်နေ (ဦးမောင်ပို-ဒေါ်ခင်သိန်း)တို့၏သမီးကြီး၊ (ဦးသန်းဝင်း)၏ဇနီး၊ ဦးအေးသိန်း-ဒေါ်တင်အုန်း(ခနောင်တို)တို့၏ အစ်မကြီး၊ ဦးခင်မောင်ဝင်း-ဒေါ်မြသီ (ထ-၂၊ ကွမ်းခြံကုန်း)၊ ဦးမြင့်အောင်-ဒေါ်မြင့်မြင့်ဝင်း (တိုင်းပညာရေးမှူးရုံး)၊ ဒေါ်အေးအေးဝင်းတို့၏မိခင်ကြီး၊မြေးသုံးယောက်တို့၏အဘွားသည် ၁၇-၁၂-၂၀၁၇ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၈နာရီတွင်ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၂-၂၀၁၇ (စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဦးရဲမြင့် (မြို့နယ်သတင်းထောက်)**
**အသက် (၆၂) နှစ်**
**လှည်းကူးမြို့**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ရိပ်သာ(၂)လမ်းနေ ဦးတင်အောင်-ဒေါ်ခင်ကြွယ်(သတင်းစာကိုယ်စားလှယ်)တို့၏သားကြီး၊ ဦးတင်မြ-ဒေါ်သိန်းခင်တို့၏ သားသမက်၊ ဦးလှထွန်း-ဒေါ်ခိုင်မာမြင့်(လဝက)၊ (မစုစုမော်)၊ ကိုမောင်မောင်-မစန်းစန်းမော်၊ ကိုလှမိုး၊ ကိုတင်မိုး-မလှလှမြင့်၊ ကိုမင်းမင်းအောင်-မယုယုနှင်း၊ ကိုဘိုမြင့်-မတင်တင်မော်၊ ကိုသူဟိန်းဇော်-မသူဇာမော်တို့၏အစ်ကိုကြီး၊ ဒေါ်ထွေးတင်-(ကိုစိုးမြင့်)၊ ကိုသိန်းလွင်-ဒေါ်သန်းသန်းဝင်း၊ ဦးကျော်မြင့်-ဒေါ်ခင်မြဝင်း၊ ဦးသိန်းလင်း-ဒေါ်အေးချိုတို့၏ညီ/မောင်၊ ကိုမင်းထွဋ်-မအိကေခိုင်ဦး၊ ကိုထက်သူအောင်-မမြင့်မြင့်ဟန်၊ ကိုထိုက်သူအောင်-မအိအိဖြိုး၊ ကိုဇွဲရန်အောင်၊ မသီရိရတနာဦးတို့၏ဖခင်ကြီး၊ မောင်အောင်မင်းခန့်ဦး၊ မသဇင်ယု၊ မချောကလျာရွှေတို့၏ဘိုးဘိုးကြီး၊ ရန်ကင်း(၂)လမ်းနေ ဒေါ်နွဲ့နွဲ့ဝင်း၏ခင်ပွန်း ဦးရဲမြင့်သည် ၁၇-၁၂-၂၀၁၇(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၇(အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ရိပ်သာ ၂ လမ်း နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးသိန်းဟန်**
**အသက် (၉၇) နှစ်**

သူငယ်ချင်း ကိုသာထွန်း (၇၉-အီကို)၏ ဖခင်ကြီးသည် ၁၆-၁၂-၂၀၁၇ (စနေနေ့) ည ၁၁း၃၀ နာရီတွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွား ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူငယ်ချင်းနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၉ ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရ သူငယ်ချင်းများ**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးကျော်သိန်း**
**အသက်(၉၅)နှစ်**

နိုင်ငံကျော်အရိုးတောင်း (လက်ဖက်နှင့် ပဲကြော်စုံ)လုပ်ငန်းပိုင်ရှင် ဦးကျော်သိန်းသည် ၁၅-၁၂-၂၀၁၇ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပင်ပျိုရွက်နု**
**လက်ဖက်နှင့်အကြော်စုံလုပ်ငန်း**
**မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**

**ဦးဘဆွေ အသက်(၉၄)နှစ်**

**ရုပ်ရှင်ရိုက်ကူးရေးမှူး (ငြိမ်း)**

**ဇာတ်လမ်းရုပ်ရှင်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ်(၁၀၇)နေ ဦးကျော်ရွှေ(ဂေါပက)-ဒေါ်အေးအေးတို့၏ ဖခင်ကြီး ဦးဘဆွေသည် ၁၃-၁၂-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဂေါပကအဖွဲ့ ငါးထပ်ကြီးဘုရား**

---

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ သန့်ပန်ချောင်းရပ်ကွက်၊ အကွက်အမှတ်/ကွင်း(၂-ဂ/အနောက်ပိုင်း)၊ ဦးပိုင်အမှတ်(၁၈-က)၊အကျယ်အဝန်း(၄၂ပေ× ၉၀ပေ)၊ မြေချိန်ဧရိယာ(၀. ၀၇၅)ဧကရှိ မြေကွက်မှာ ကျောက်ဖြူမြို့နယ်၊ မြို့နယ်မြေ စာရင်းဦးစီးဌာန၏ မှတ်ပုံတင်စာရင်း(၁-က)တွင်(၂၈-၃-၂၀၀၈)နေ့ကတည်းက ဒေါ်ရာဒင်မာလာ(၁၁/ကဖန(နိုင်)၀၃၀၅၆၆)အမည်ဖြင့် မှတ်သားထားရှိပြီး ယခုအချိန်တွင် ဒေါ်ရာဒင်မာလာတစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ ထိုသို့အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ရာဒင်မာလာက ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထား သောအကျယ်(၂၀ပေ×၄၀ပေ)ရှိ နှစ်ထပ်အိမ်တစ်လုံး၏ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ၎င်းတစ်ဦးတည်းသာလျှင် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူ များရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက် အောင်ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ကေသီကျော်
LL.B, D.B.L, D.I.L, D.M.I.
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၅၀)
Ph-09-5506143 , 09-799487280

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ဘဒ္ဒန္တ သုဇာတထေရ်**
**သိက္ခာတော် (၄၇)ဝါ၊ သက်တော် (၆၇)နှစ်**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ထီးချိုင့်ကျေးရွာ သုဇနာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုဇာတထေရ် သက်တော်(၆၇)နှစ်၊ သိက္ခာတော်(၄၇)ဝါ (သာသနဓဇဓမ္မာစရိယ-မြို့နယ်သံဃနာယကဩဝါဒါစရိယ)သည် (၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်) ၂၇-၁၁-၂၀၁၇ (တနင်္လာနေ့)တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၀/၁၁/၁၂) (၁၀/၁၁/၁၂-၂-၂၀၁၈) ရက်တို့တွင် အန္တိမအဂ္ဂိစျာပနပွဲတော်ကို ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေ၊ သံဃာတော်များနှင့် တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။ ပင့်လျှောက်လွှာအချိန်မီမရောက်ရှိပါက ဈာပနပွဲတော်ရက်အချိန်မီ ကြွရောက်ပေးနိုင်ရန် လျှောက်ထားအပ်ပါသည်။

**ကျန်ရစ်သူ**
**တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ**
**ထီးချိုင့်ကျေးရွာ၊ မိုးကောင်းမြို့နယ်**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးနေဝင်းဆွေ (၆၄)နှစ်**
**Chairman, N.W.S Co., Ltd ဥက္ကဋ္ဌ (ဒဂုံအရှေ့စက်မှုဇုန်)၊**
**B.Sc(Zoology)**
**St. Augustine ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ (၅)မိုင်ခွဲ၊ မြကန်သာ(၂)လမ်း၊ အမှတ်(၆၆၉-B)နေ (National ဦးအေး-ဒေါ်နုနု)တို့၏မြေးသား၊ (ဗိုလ်မှူးမြင့်ဆွေ-ဒေါ်ရင်ရင်မြ)တို့၏သားကြီး၊ (ဦးအုန်းမြင့်-ဒေါ်ယုမေ)တို့၏သားသမက်၊ ဒေါ်စန္ဒာ(အထက-၄၊ ကမာရွတ်-ငြိမ်း)၏ချစ်လှစွာ သောခင်ပွန်း၊ ဦးထွန်းလွင်-ဒေါ်ခင်သွယ်အေး၊ (ဗိုလ်မှူးတင့်ဆွေ-ဒေါ်မယ်မယ်မြင့်)၊ (ဦးဝင်းဆွေ)-Dr.ရီရီလှ၊ ဒေါ်ခင်နွယ်အေး၊ တရားရုံးချုပ်ရှေ့နေ ဦးကိုမြင့်-(ဒေါ်မြတ်မြတ်ဝင်း)၊ ဦးမြင့်ဝေ၊ ဦးချစ်ကိုကို-(ဒေါ်တင်တင်ဦး)၊ (Dr.ချစ်ညီညီ)-ဒေါ်မြင့်မြင့်လှိုင်တို့၏ ချစ်လှစွာသောတူကြီး၊ ဦးဇော်ဝင်းဆွေ-Dr.အေးအေးမော်၊ ဦးဝင်းထွဋ်-(ဒေါ်ခင်ဆွေမြင့်)၊ Dr.မျိုးမြတ်လွင်(UK)-ဒေါ်ရီရီအောင်၊ ဦးအေးဆွေ-ဒေါ်ခင်ခင်သန်း၊ Dr.သက်ကိုကို(UK)၊ ဦးခိုင်ဆွေ၊ ဦးဝဏ္ဏခွါနီး-ဒေါ်သဇင်ကိုကို၊ ဦးခွန်နောင်မြင့်ဝေ-ဒေါ်အဏ္ဏဝါလင်းဦး၊ ဦးထက်ကိုကို-ဒေါ်ရီရီသန့်၊ ဦးမင်းညီအေး-ဒေါ်ဇင်မြင့်မောင်၊ ဗိုလ်မှူးသော်မင်းဦး-ဒေါ်ယင်းမာကိုကို၊ ဦးနောင်ခွန်မြင့်ဝေ-ဒေါ်အိအိမြင့်ဝေ၊ ဦးအေးမြတ်ကို-ဒေါ်ဆုသန္တာမောင်၊ ဦးအောင်အေးချစ်၊ ဦးပြည့်ဖြိုး-ဒေါ်ကြည်မေနုတို့၏ချစ်လှစွာသော အစ်ကိုကြီးသည် ၁၇-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁း၂၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးနေဝင်းဆွေ (၆၄)နှစ်**
**Chairman, N.W.S Co., Ltd ဥက္ကဋ္ဌ (ဒဂုံအရှေ့စက်မှုဇုန်)၊**
**B.Sc(Zoology)**
**St. Augustine ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ (၅)မိုင်ခွဲ၊ မြကန်သာ(၂)လမ်း၊ အမှတ်(၆၆၉-B)နေ (National ဦးအေး-ဒေါ်နုနု)တို့၏မြေးသား၊ (ဗိုလ်မှူးမြင့်ဆွေ-ဒေါ်ရင်ရင်မြ)တို့၏သားကြီး၊ (ဦးအုန်းမြင့်-ဒေါ်ယုမေ)တို့၏သားသမက်၊ ဒေါ်စန္ဒာ(အထက-၄၊ ကမာရွတ်-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ Capt:မြတ်မင်းဆွေ- Dr.ကြည်ကြည်ညွန့်၊ ဦးမြင့်အောင်-ဒေါ်လှဲ့ဝင်းဆွေ၊ (ဗိုလ်သီဟဆွေ)၊ (ဦးကျော်သူ့ဆွေ)-ဒေါ်ငွေငွေစန်းတို့၏ချစ်လှစွာသော အစ်ကိုကြီး၊ ဦးပြည့်ဖြိုးမောင်-ဒေါ်အေးပွင့်အောင်၊ မဇာကြည်မင်း၊ ကိုအောင်ကောင်း၊ Dr.မြတ်စန္ဒီမင်း၊ မောင်ရဲလင်းဆွေ၊ မစိမ်းလဲ့ကျော်တို့၏ ဘကြီးသည် ၁၇-၁၂-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၁၁း၂၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးနေဝင်းဆွေ (၆၄)နှစ်**
**Chairman, N.W.S Co., Ltd ဥက္ကဋ္ဌ (ဒဂုံအရှေ့စက်မှုဇုန်)၊**
**B.Sc(Zoology)**
**St. Augustine ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ (၅)မိုင်ခွဲ၊ မြကန်သာ(၂)လမ်း၊ အမှတ်(၆၆၉-B)နေ (National ဦးအေး-ဒေါ်နုနု)တို့၏မြေးသား၊ (ဗိုလ်မှူးမြင့်ဆွေ-ဒေါ်ရင်ရင်မြ)တို့၏သားကြီး၊ (ဦးအုန်းမြင့်-ဒေါ်ယုမေ)တို့၏သားသမက်၊ ဒေါ်စန္ဒာ(အထက-၄၊ ကမာရွတ်-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးသန့်ဇင်)၊ ဒေါ်ဥမ္မာ-ဦးစိုးတင့်အောင် (သစ်တောဦးစီးဌာန-ငြိမ်း)၊ ဒေါ်မာလာ-ဦးခင်မောင်ကြီးတို့၏အစ်ကို၊ ဦးအေးမင်းထွန်း-ဒေါ်ခိုင်မိုးပွင့်၊ ဦးဥက္ကာမိုးမြင့်-ဒေါ်ပြည့်ဖြိုးဝင့်၊ ဦးပြည့်စုံဝင်း-ဒေါ်ယဉ်မင်းဦး၊ ဒေါ်ယုမွန်အောင်၊ ဦးဇင်မင်းထက်၊ ဒေါ်ဝေဖူးငုံတို့၏ချစ်လှစွာသောဘကြီး၊ မောင်ဝေယံမင်း၊ မမေပန်းချီ၊ မောင်ကြယ်စင်သစ်၊ မအင်ကြင်းဖြူတို့၏ ချစ်လှစွာသောအဘိုး ဦးနေဝင်းဆွေသည် ၁၇-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁း၂၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ (၁၇)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ်-၂၃၄ဟု ခေါ်တွင်သောအိမ်မြေနှင့် ပတ်သက်၍ အများသိစေရန်**

အထက်ဖော်ပြပါ နေရပ်လိပ်စာရှိ အလျားပေ(၄၀)×အနံပေ(၆၀) အကျယ်ရှိမြေနှင့်နေအိမ်အား မိမိတစ်ဦးတည်းသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး လိုအပ်သလိုစီမံခန့်ခွဲရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သက်သက်မွန် [၇/ပတန(နိုင်)၀၁၆၈၄၄]ထံမှ ယင်းမြေနှင့်နေအိမ်အား အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးသော်တာလင်း [၉/ညဥန(နိုင်)၁၄၇၃၇၇]က ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ ယင်းအိမ်မြေနှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူမည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးကိုကိုစံ (LL.B) အထက်တန်းရှေ့နေ (စဉ်-၂၅၁၈၅)**
**အခန်းအမှတ်-၁၁၊ ဝေဟင်လမ်း၊ ဝေဘာဂီမြို့သစ်(၂)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၇၈၀၆၆၆၅၂၂၊ ၀၉-၄၂၀၀၆၅၅၀၅**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးလှစိန် (မအူပင်)

### အသက်(၈၇)နှစ်

**မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၄၄)၏ နာယကကြီး**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ (၄)ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ်(၄၄-က)နေ ဒေါ်သန်းမြင့် (ယဉ်မူယာစတိုး)၏ ခင်ပွန်း၊ ဒေါ်ယဉ်ယဉ်မြင့်၊ ဦးနေမျိုး-ဒေါ်ခင်စမ်းယဉ်၊ ဦးဇော်မြင့်အောင်-ဒေါ်ခင်မော်မော်ဝင်း၊ (ဦးနေဝင်းခိုင်)-ဒေါ်မြင့်မြင့်အေး၊ ဦးကျော်ကျော်နိုင်-ဒေါ်အိအိခိုင်တို့၏ ကျေးဇူးရှင်ဖခင်၊ ကိုထူးထက်အောင်-မရွှန်းလဲ့ဝတီ၊ မအင်းကြင်းကြယ်စင်၊ မဇွန်လဲ့ရတီလင်း၊ မောင်ရှိုန်းဘုန်းပြည်တို့၏ အဘိုးသည် ၁၇-၁၂-၂၀၁၇ရက် ညနေ ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၇ ရက် မွန်းလွဲ ၂နာရီတွင် မအူပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်မြ (ဟံဇား၊ မိတ္ထီလာ)

### အသက် (၈၇)နှစ်

ရန်ကုန်မြို့၊ အမှတ်(၆၂/B)၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်နေ [ဦးကျော်လှိုင်(မြို့နယ်ပညာရေးမှူး-ငြိမ်း)]၏ဇနီး၊ ဦးသန်းဦး-ဒေါ်တင်တင်ဝေ၊ (ဗိုလ်မှူးငွေအောင်)-ဒေါ်နွယ်နွယ်လှိုင်၊ ဦးကျော်ဆန်း-ဒေါ်အေးအေးခိုင်၊ ဦးဇော်ဇော်လှိုင်-ဒေါ်ဆွေဇင်မာ၊ ဦးနိုင်ဝင်းလှိုင်-ဒေါ်စိုးသီတာ(ဆင်မင်းဈေး)တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မောင်ဇော်ဇော်အောင်-မသီတာဦး (Thitsar Hotel Amenities Supply)၊ မောင်ဆီဇာကိုကို၊ မောင်ဟိန်းထက်-မဝတ်ရည်လှိုင်၊ မခိုင်စုဟိန်း၊ မမြတ်သီရိခိုင်၊ မယုဇနလှိုင်၊ မဇင်စပယ်လှိုင်၊ မသွန်းနဒီနိုင်တို့၏ချစ်လှစွာသောဘွားဘွားကြီးသည် ၁၈-၁၂-၂၀၁၇ရက် မွန်းလွဲ ၁း၃၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်မြ (ဟံဇား-မိတ္ထီလာ)

### အသက် (၈၇) နှစ်

ရန်ကုန်မြို့၊ အမှတ်(၆၂/B)၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အလုံမြို့နယ်နေ [ဦးကျော်လှိုင်(မြို့နယ်ပညာရေးမှူး-ငြိမ်း)]၏ဇနီး၊ မိတ္ထီလာမြို့၊ ပထမလမ်းမတော်နေ (ဦးသိန်းလှ-ဒေါ်ခင်ကြည်)တို့၏ညီမ၊ ဦးအောင်ကျော်မြင့်(ညွှန်ကြားရေးမှူး-ငြိမ်း၊ မီးသတ်ဦးစီးဌာန)-ဒေါ်အေးရီ၊ ဦးစိုးနိုင်-ဒေါ်အုံတို(ပ. ခ. ထ)၊ ဒေါ်တင်တင်မြ(ပ. ခ. တ-ငြိမ်း)၊ (ဒေါ်ခင်သန်းနု)၊ ဒေါ်ခင်သန်းဝင်း၊ ဦးအေးကျော်(မန္တလေးတိုင်း၊ အကူတပ်ခွဲ၊ ဒုရဲအုပ်)-ဒေါ်ဝင်းဝင်းကြည်၊ ဦးလှအောင်-ဒေါ်အေးမင်းသီတာ(မော်လမြိုင်)၊ ဦးစိုင်းထွန်းညို(လက်ထောက်အတွင်းဝန်နယ်စပ်ရေးရာဝန်ကြီးဌာန)-ဒေါ်ရွှေဝါအောင်၊ ဒေါ်ကြည်ကြည်မိုး(Victoria ကွန်ပျူတာဆရာမ၊ တောင်ကြီး)တို့၏အဒေါ်၊ မဇာလီအေးကျော်(B.A ပထဝီ)၊ မနန့်ဟွမ်ခမ်း အ(ME -ISC ရတနာပုံဆိုက်ဘာစီးတီး)၊ မောင်စိုင်းမင်းဟိန်းထက်(ကွန်ပျူတာတက္ကသိုလ်-ရွှေပြည်သာ၊ ရန်ကုန်)၊ မနန်းစန္ဒာထွန်း(2nd MBBS ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၈-၁၂-၂၀၁၇ ရက် မွန်းလွဲ ၁း၃၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးနေဝင်းဆွေ

### အသက်(၆၄)နှစ်

**Chairman,N.W.S.Co., Ltd၊ ဥက္ကဋ္ဌ(ဒဂုံအရှေ့စက်မှုဇုန်)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ (၅)မိုင်ခွဲ၊ မြကန်သာ(၂)လမ်း၊ အမှတ်(၆၆၉-B)နေ ဦးနေဝင်းဆွေသည် ၁၇-၁၂-၂၀၁၇(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်မျိုး-ဒေါ်မြင့်မြင့်လှိုင်**

**Magok Pride Trading Co., Ltd.**

---

## ဦးထွန်းလွင်

**ပင်စင်ဦးစီး(ငြိမ်း)**

### အသက်(၈၇)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ နတ်ကြီးရွာနေ (ဦးဘခင်-ဒေါ်လှမြ)တို့၏ သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ သရက်မြိုင်လမ်း၊ အမှတ်(၉၅)နေ (ဦးထွေး-ဒေါ်သန်းညွန့်)တို့၏ သားသမက်၊ (ဒေါ်ခင်သောင်း)၏ ခင်ပွန်း၊ ဦးသိန်းညွန့် (စီးပွားကူးသန်း-ငြိမ်း)-ဒေါ်သန်းသန်းလွင် (စားသုံးသူရေးရာဦးစီးဌာန)၊ ဦးဇော်ထွန်းအောင်-ဒေါ်စိုးစိုးလွင် (မိုး/ဇလ)၊ ဦးကျော်နိုင်-ဒေါ်ခင်စန်းဝင်း၊ ဒေါ်ချိုချိုသက်လွင်၊ ဦးနေဝင်း (ပြည့်ကြယ်စင်ကုမ္ပဏီ)-ဒေါ်မာမာဦး၊ ဒေါ်သင်းသင်းဇော်(ပင်စင်ဦးစီးဌာန)၊ ဒေါ်အေးအေးဇင် (ပင်စင်ဦးစီးဌာန)၊ ဦးသာခင်(စက်မှုသင်တန်းကျောင်း၊ မန္တလေးမြို့)-ဒေါ်သန္တာခိုင် တို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၇-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သရက်မြိုင်လမ်း နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးတာယု(ခ)ဦးစွမ်ရို့ (မြိတ်မြို့)

### အသက် (၈၆) နှစ်

(ဦးဆောင်းကျမ်း-ဒေါ်ကြည်)တို့၏သား၊ (ဦးကျင်ရှို-ဒေါ်ကျင်တွာ)တို့၏ သားသမက်၊ တလိုင်းစုရပ်၊ ပထမလမ်းနေ ဒေါ်ဂင်လတ်၏ခင်ပွန်း၊ ဦးအောင်မျိုး-ဒေါ်ချိုချိုယု၊ (ဦးအေးလွင်-ဒေါ်ယုယုလွင်)၊ (ဦးအေးသန့်)-ဒေါ်ဇင်မာဝင်း၊ ဦးနိုငယ်-ဒေါ်မော်မော်သီ၊ ဦးအောင်ကျော်ဦး-ဒေါ်မော်မော်၊ ဦးသန်းဇော်ဦး-ဒေါ်တင်မာချို၊ ဦးမျိုးမြင့်-ဒေါ်ချိုချိုခိုင်တို့၏ဖခင်၊ မြေး ၁၈ ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုး၊ ရန်ကုန်မြို့နေ ဦးရွှေဟုတ်-ဒေါ်အင်ငယ်၊ ဦးကြီးဟင်-ဒေါ်စန်းစန်း၊ ဦးရန်ငယ်-ဒေါ်ဝါကြည်၊ ဦးထိပ်နီ-ဒေါ်ရုံရုံ၊ ဦးကြီးဟုန်-ဒေါ်သန်းသန်းမြင့်၊ ဦးဝင်းမြင့်-ဒေါ်ဝါဝါကြည်၊ ဦးမျိုးဇော်-ဒေါ်နှင်းနွယ်တို့၏အစ်ကို ဦးတာယုသည် ၁၇-၁၂-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## စာရေးဆရာကြီး ဦးမြသောင်း

**(ကေတုမတီမြဟသ်ာ လုပ်သားကောလိပ်)၊ စီးကရက်စက်ရုံ-၁၊ ရန်ကုန်(ငြိမ်း)**

### အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ (ဦးသာဇံ-ဒေါ်ပု)တို့၏ သား၊ (ဦးသိန်းမောင်-ဒေါ်အေးပု)တို့၏ သားသမက်၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၃၁)နေ [ဒေါ်နုကြည်(ဆန်းမားတိုင်းဖျော်ရည်)]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကောင်းမြတ်-ဒေါ်စုမြတ်လှိုင်၊ ဦးလှမြတ်စိုး-ဒေါ်နီလာသိန်း၊ မခင်သန္တာမြတ်တို့၏ ဖခင်၊ မောင်ဟိန်းမင်းထွဋ်၊ မအိန္ဒြာမေမြတ်၊ မောင်မြတ်သုတတို့၏ ဘိုးဘိုးကြီးသည် ၁၈-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၅း၄၅ နာရီတွင် Grand Hantha International ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဆရာမ ဒေါ်မြသိန်း (အထပြ၊ ထခွဲ ဘောရဘာ)

### အသက် (၄၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းဈေးကလေးရပ်ကွက်၊ ဈေးကလေး (၆)လမ်း၊ အမှတ်(၅)၊ ပထမထပ်(ခြေရင်းခန်း)နေ ဦးကျော်လှအောင်-(ဒေါ်ရွှေယဉ်ဖြူ)တို့၏သမီး၊ ဦးကျော်ညွန့်ဦး၊ ဒေါ်မေညွန့်ရီတို့၏ညီမ၊ မသိန်းသိန်းထွေး၊ မောင်ခိုင်စောထွန်းတို့၏အစ်မသည် ၁၈-၁၂-၂၀၁၇(တနင်္လာနေ့) နံနက် ၈ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## အနိစ္စ

## အင်စောလျှံ(ခ)ဒေါ်ပဲ

### အသက်(၈၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ မိုးယံခိုင်ကြီးကျေးရွာနေ (ဦးမောင်တင့်-ဒေါ်တင်မြ)တို့၏ သမီးချွေးမ၊ ပဲခူးမြို့၊ ပန်းလှိုင်ရပ်နေ (ဦးကိုကျန်-ဒေါ်ထွေး)တို့၏ သမီး၊ ရန်ကုန်မြို့နေ ဦးမင်းမောင်-ဒေါ်မြမြ၊ (ဦးဝင်းမောင်)၊ (ဒေါက်တာမိုးစိန်)တို့၏အစ်မ၊ ပဲခူးမြို့နေ (ဦးရှန်ကင်း)-ဒေါ်အုန်းမြင့်၊ [ဦးဖိုးထောင်(ခ)ဦးထွန်းကြည်]တို့၏ ညီမ၊ ဒေါ်စန်းစန်းနု (ခ) ဒေါ်ကုလားမ၏ အစ်မ၊ ဒေါက်တာဖြူဖြူသိန်း၊ ဒေါက်တာအောင်နိုင်-ဒေါက်တာသင်းသင်းခိုင်၊ မအေးအေးသိန်း၊ ဒေါက်တာနီနီသိန်းတို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မောင်မြတ်မင်း၏ ချစ်လှစွာသောအဘွား၊ တူ/တူမ ၁၀ယောက်တို့၏အဒေါ်၊ ပဲခူးမြို့၊ ပန်းလှိုင်ရပ်၊ ကုန်းပေါ်တန်းလမ်း၊ အမှတ်(၁၉၁)နေ တန်ရှုဟုတ်(ခ)ဦးသိန်းမောင်၏ ချစ်လှစွာသော ဇနီးသည် ၁၈-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ပဲခူးမြို့၊ ပန်းလှိုင်ရပ်၊ ကုန်းပေါ်တန်းလမ်း၊ အမှတ် (၁၉၁) နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်လှကြည် (၈၂)နှစ်

ကမာရွတ်မြို့နယ်နေ (ဦးသန်းခင်-ဒေါ်မြရှင်)တို့၏ သမီးကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၆)ရပ်ကွက်၊ သူရိယလမ်း၊ အမှတ် (၁၃၇၇-ခ)နေ (ဦးလှကြိုင်)၏ ဇနီး၊ ဦးမြင့်သန်း (ဥက္ကဋ္ဌ-လှိုင်သာယာမြို့နယ်၊ သမဝါယမအသင်းစုလီမိတက်)-ဒေါ်တင်တင်လှိုင်၊ ဦးလှဝင်း-ဒေါ်မြမြသန်း၊ ဦးထွန်းကြည်-ဒေါ်တင်တင်မြင့်(အထက-၄၊ လှိုင်၊ အထပြ)၊ (ဦးသိန်းမြင့်)-ဒေါ်ခင်စန်းဝေ၊ ဦးဉာဏ်ဝင်း (ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)-ဒေါ်ချိုချိုစန်း၊ ဦးအောင်လွင်ဦး-ဒေါ်ဖြူဖြူသင်း၊ ဦးမင်းသိန်း-ဒေါ်မြင့်မြင့်ဝင်းတို့၏ မွေးသမိခင်၊ မြေး ၁၃ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၁၈-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၉း၄၀ နာရီတွင် အမှတ်(၂၅၄-က)၊ စိန်ပန်းမြိုင်လမ်းမကြီး၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်မည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ပညာဒီပစာရီ

### အသက်(၉၄)နှစ်

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ သရက်ပြင်ကျေးရွာနေ (ဦးမောင်သာချို-ဒေါ်အောင်ကြွဇံ)တို့၏ သမီးကြီး၊ ရသေ့တောင်မြို့နယ်၊ နော်ဝေကျေးရွာနေ (ဦးအောင်သာလှ)၏ ဇနီး၊ ဆရာကြီး ဒေါ်စန္ဒသီရိ၊ (ဦးမောင်ဖြူလှ)-ဒေါ်မယင်၊ (ဒေါ်အောင်မြသိန်း)၊ ဦးအောင်မောင်-ဒေါ်မယဉ်ဖြူ၊ ဦးကျော်တင့်-ဒေါ်မကျန်သိန်း၊ ဦးထွန်းအောင်-ဒေါ်မခင်သိန်း၊ ဦးသိန်းလှ-ဒေါ်ကြာစိုးဖြူတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၂၅ ယောက်တို့၏ အဘောင်ရှင်၊ မြစ် ၃၁ ယောက်၊ တီနှစ်ယောက်တို့၏ အဖီးရှင်သည် ၁၇-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် သန်လျင်မြို့ ဓမ္မိကာရာမ သီလရှင်စာသင်တိုက်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၂-၂၀၁၇ (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ဓမ္မိကာရာမ သီလရှင်စာသင်တိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးခင်ဦး (၉၁)နှစ်

**စာရေးကြီး-ငြိမ်း၊ အထက-ပေါက်ခေါင်း**

ပြည်မြို့၊ ဂန္ထမာစက်မှုဇုန်နေ ဒေါ်စမ်း (အငြိမ်းစားဆရာမကြီး၊ အထက-ပေါက်ခေါင်း)၏ ချစ်လှစွာသောခင်ပွန်း၊ ပေါင်းတလည်မြို့နေ MK ဘရန်ဒိန်း (ပန်းပြင်အသင်းတော် အသင်းအုပ်)-ဒေါ်စန်းနွယ်ဦး (မာမီမူကြို)၊ ပေါက်ခေါင်းမြို့နေ ဦးဇော်လွင်ဦး-ဒေါ်စန်းစန်းနွဲ့၊ ဦးဇော်မင်းဦး-နန့်သဇင်ထွန်း (Royal အိမ်ဆောက်ပစ္စည်းဆိုင်)၊ ပြည်မြို့ ဂန္ထမာစက်မှုဇုန်နေ ဦးညီညီ-ဒေါ်ဝေဝေခင်ဦး (ရွှေလင်းယုန်သစ်စက်)၊ နော်နိုဝင်ဘာတို့၏ချစ်လှစွာသောဖခင်ကြီး၊ ပြည်မြို့နေ ဦးညီညီဇော်-ဒေါ်သင်းသင်းဇော်(ဇော်-ဆိုင်ကယ်ဆိုင်)၊ မမေပြည့်ခိုင်(MPT-KSGM)၊နန့်ဆုလဒ်မင်း (BE com, Statistics)၊ မထွန်းတောက်မင်း(ဒသမတန်း-ပေါက်ခေါင်း)၊ မကျော်မေသော်(3rd year Y.I.T)၊ မဟန်မေသော်(အဋ္ဌမတန်း၊ အထက-၁ ပြည်)တို့၏ချစ်လှစွာသောဘဘကြီး၊ မောင်တည်ကြည်ခန့်ဇော်၏ ဘိုးဘိုးကြီး ဦးခင်ဦးသည် ၁၈-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၈း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကမ်းနားလမ်း နှစ်ခြင်းဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ညနေ ၄ နာရီတွင် အေးငြိမ်းရာခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဝင်းရီ(Batik Land)

### အသက် (၇၇) နှစ်

ရန်ကုန်မြို့၊ ကုန်ဈေးတန်းလမ်း၊ အမှတ်(၁၀၇)နေ (ဦးချစ်မောင်-ဒေါ်လှမေ)တို့၏သမီး၊ [ဦးဘသန်း(ရွှေဘုန်းရှိန်)-ဒေါ်အေးလှိုင်]တို့၏ သမီးချွေးမ၊ (ဦးချစ်ကိုကို)၏ ချစ်လှစွာသောဇနီး၊ (ဦးချစ်လှိုင်)-ဒေါ်ထွန်းထွန်း၊ (ဦးမြို့)၊ (ဦးစောလွင်)-ဒေါ်တင်တင်လေး၊ (ဒေါ်ခင်ဆန်းရီ)၊ ဒေါ်ခင်စောရီတို့၏ညီမထွေး၊ ဒေါ်အုန်းကြည်(ရွှေဘုန်းရှိန်)၊ (ဦးချစ်ပိုပို)-ဒေါက်တာတင်တင်စောတို့၏အစ်မ၊ သီရိပို၊ ဇေယျာပို၊ ဦးငွေထွန်း-ဒေါ်စင်သီယာတို့၏အဒေါ်သည် ၁၈-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၃၈/အောင်ရတနာလမ်း (သခင်မြပန်းခြံဘေးလမ်း) နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဝင်းရီ(Batik Land)

### အသက် (၇၇) နှစ်

ရန်ကုန်မြို့၊ ကုန်ဈေးတန်းလမ်း၊ အမှတ် (၁၀၇)နေ (ဦးချစ်မောင်-ဒေါ်လှမေ)တို့၏သမီး၊ [ဦးဘသန်း(ရွှေဘုန်းရှိန်)-ဒေါ်အေးလှိုင်]တို့၏ သမီးချွေးမ၊ (ဦးချစ်ကိုကို)၏ ချစ်လှစွာသောဇနီး၊ ဦးသီဟကိုကို-ဒေါ်အုံးအုံးစိန်၊ ဦးမင်းဟန်၊ ဒေါ်ခင်သန္တာကိုကို၊ ဦးကျော်သူရကိုကို-ဒေါ်ခင်ခင်ဦး၊ ဦးမင်းသူရကိုကို-ဒေါ်ဖြူစင်အိတို့၏ချစ်လှစွာသောမိခင်၊ သွန်းဝေယံကိုကို၊ မီမီကျော်ဟန်၊ မင်းမွန်ဒြာကိုကို၊ သရဝဏ်ဟန်၊ ဆောင်းနှင်းဖြူကိုကို၊ ရွှန်းနေရီကိုကိုတို့၏ ချစ်လှစွာသောအဘွားသည် ၁၈-၁၂-၂၀၁၇(တနင်္လာနေ့) နံနက် ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၇(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။ (အမှတ် ၃၈၊ အောင်ရတနာလမ်း (သခင်မြပန်းခြံဘေးလမ်း)နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ကျေးဇူးတင်လွှာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ပါမောက္ခ ဗိုလ်မှူးကြီးရဲသွေး(ငြိမ်း)

**ဌာနကြီးမှူး(ငြိမ်း)**

**ဆေးကုသမှုဌာနကြီး၊ အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)**

**ဆေးပညာဌာနနှင့် ဟော်မုန်းဆိုင်ရာ အထူးပြုဘာသာရပ်များ ဆေးပညာဌာန**

**တပ်မတော်ဆေးတက္ကသိုလ်**

### အသက်(၇၁)နှစ်

၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားသော ပါမောက္ခဗိုလ်မှူးကြီးရဲသွေး(ငြိမ်း) နာမကျန်းဖြစ်စဉ် အထူးဂရုစိုက်ကုသပေးခဲ့သော အမှတ်(၂)တပ်မတော် ဆေးရုံတပ်မှူးနှင့် အထူးကုသမားတော်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ ဈာပနအခမ်းအနားတွင် ပို့ဆောင်ကူညီပေးကြပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ အားလုံးကိုလည်းကောင်း၊ တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ တပ်မတော်ဆေးတက္ကသိုလ်၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ Myanmar Society of Endocrinology and Metabolism၊ ရောဂါဗေဒဆရာဝန်ကြီးများ အထူးကုဆေးခန်းနှင့် ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဧည့်ခံကျွေးမွေးရေးအားလုံးကို တာဝန်ယူပေးပါသော ဦးစိုးညီညီ၊ ဒေါ်အိအိစိုးနှင့် မိသားစုများ၊ Yangon United football Club အသင်းပိုင်ရှင်၊ အသင်းဥက္ကဋ္ဌနှင့် လုပ်ဖော်ကိုင်ဖက်များ၊ Okkar Thiri Co., Ltd Chairman နှင့် လုပ်ဖော်ကိုင်ဖက်များ၊ NOBLE Chaung Thar Hotel မှ ဝန်ထမ်းများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ အားပေးနှစ်သိမ့်သတင်းမေးကြသူများ၊ Email, Facebook၊ Viber သတင်းစာ၊ ကြေးနန်းတို့ဖြင့် ဝမ်းနည်းစကားပြောကြားသူများ အားလုံးကိုလည်းကောင်း၊ လွမ်းသူ့ပန်းခြင်းနှင့် လှူဖွယ်ပစ္စည်းများ၊ ပေးပို့ခဲ့ကြသူများ အားလုံးကိုလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသည့် ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်သန်း (၇၈)နှစ်

**(တရားရုံးချုပ်-ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက် ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ လှိုင်သီရိ(၁)လမ်း၊ အမှတ်(၇၄၀/က)နေ (ဦးဘ တင်-ဒေါ်အေးကြိုင်)တို့၏သမီး၊ (ဦးကြင်အောင်-ဒေါ်သန်းတင်)တို့၏သမီးချွေးမ၊ ဦးအောင်ကျော်မိုး-ဒေါ်မြတ်သစ်လွင်၊ ကိုနိုင်လင်းအောင်-မမေခိုင်ထွန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဘုန်းပြည့်သုတ၊ မောင်ပြည့်ဖြိုးဝေဟင်တို့၏အဘွား၊ (ဦးမြင့်သန်း)၏ ချစ်လှစွာသောဇနီးသည် ၁၇-၁၂-၂၀၁၇ (တနင်္ဂနွေ နေ့) ည ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ပေးကြပါရန်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၂-၂၀၁၇ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးနေဝင်းဆွေ (၆၄)နှစ်

**Chairman, N.W.S.Co., Ltd၊ ဥက္ကဋ္ဌ (ဒဂုံအရှေ့စက်မှုဇုန်)**

**B.Sc(Zoology)**

**St Augustine ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ ၅မိုင်ခွဲ၊ မြကန်သာ (၂)လမ်း၊ အမှတ် (၆၆၉-B)နေ (National ဦးအေး-ဒေါ်နုနု)တို့၏မြေးသား၊ (ဗိုလ်မှူးမြင့်ဆွေ-ဒေါ်ရင်ရင်မြ)တို့၏ သားကြီး၊ (ဦးအုန်းမြင့်-ဒေါ်ယုမေ)တို့၏ သားသမက်၊ ဒေါ်စန္ဒာ (အထက-၄၊ ကမာရွတ်-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဘုန်းပြည့်ကျော်-မမီမီကြည်သိန်း၊ မဇင်ဝင်းမာ @ snow၊ မသီဂီအောင် @ Gi Gi တို့၏ ချစ်လှစွာသောဖခင်၊ ဆောင်းပြည့်အိမ်၏အဘိုးသည် ၁၇-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁း၂၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

## ဦးနေဝင်းဆွေ B.Sc (Zoology) (၆၄)နှစ်

**Chairman N.W.S Co., Ltd. ဥက္ကဋ္ဌ (ဒဂုံအရှေ့စက်မှုဇုန်)**

**St.Augustine (ကျောင်းသားဟောင်း)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ (၅)မိုင်ခွဲ၊ မြကန်သာ(၂)လမ်း၊ အမှတ်(၆၆၉-B)နေ ဒေါ်စန္ဒာ(အထက-၄၊ ကမာရွတ်-ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၇-၁၂-၂၀၁၇ ရက် (တနင်္ဂနွေနေ့)နံနက် ၁၁း၂၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စီမံခန့်ခွဲရေးကော်မတီ**

**ဒဂုံအရှေ့စက်မှုဇုန်**

---

## အထူးကျေးဇူးတင်ရှိခြင်း

## ဦးသာလူချေ (စစ်တွေ)

**မြို့နယ်ပညာရေးမှူး (ငြိမ်း)**

**ရခိုင်ပြည်နယ်၊ စိုက်/မွေး ဝန်ကြီး(ငြိမ်း)**

### အသက်(၇၀)

၁၁-၁၂-၂၀၁၇ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားသော ဦးသာလူချေ နာမကျန်းဖြစ်စဉ် အထူးဂရုစိုက်ကုသပေးခဲ့သော အာရှတော်ဝင်ဆေးရုံမှ ဆရာဝန်ကြီးများ၊ သူနာပြုများ ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ ရေဝေးသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ရခိုင်ပြည်နယ်အစိုးရအဖွဲ့(ငြိမ်း)၊ ဦးလှမောင်တင်နှင့်ဇနီး၊ ဗိုလ်မှူးကြီးထိန်လင်းနှင့်ဇနီး၊ ဦးမြအောင်နှင့်ဇနီး၊ ဦးကျော်ခင်နှင့်ဇနီးတို့အားလည်းကောင်း၊ ပညာရေးဌာနမှ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများနှင့် တပည့်များအားလည်းကောင်း ရပ်နီးရပ်ဝေးမှ သတင်းမေးကြသူများ၊ နာရေးတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

**YMBA ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်**

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း ဒါယကာကြီး

## (မင်္ဂလဓမ္မ ဇောတိကဓဇ) ဦးမြင့်ထွန်း(ခ)ဦးအုန်းသိုး (၅၃)နှစ်

**YMBA အသင်းချုပ်ဒုတိယဥက္ကဋ္ဌ**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်းမကြီး (၄၅၉/၄၆၉/D-6)နေ (ဦးညွန့်ရွှေ-ဒေါ်ကျင်စိန်)တို့၏ သား၊ မိုးကုတ်မြို့၊ ပိတ်ဆွယ်ရပ်နေ (ဦးမောင်ကိုကြီး-ဒေါ်ခင်သောင်း)တို့၏ သားသမက်၊ ဒေါ်သဲသဲ၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဟိန်းဇင်ထွန်း၏ ချစ်လှစွာသော မွေးသဖခင်ကျေးဇူးရှင်သည် ၁၇-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် YMBA အသင်းသားများ လိုက်ပါပို့ဆောင်ပေးကြပါရန်။ ( နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့ YMBA အသင်းချုပ်

# ရွှေ့ပြောင်းအလုပ်သမားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရန် အဓိက လိုအပ်လျက်ရှိ

## သက်ဆိုင်ရာဝန်ကြီးဌာနများသာမက ပုဂ္ဂလိကအခန်းကဏ္ဍနှင့် ပြည်သူလူထုကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အထူးအရေးကြီး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

**“ရွှေ့ပြောင်းများစွာ ဤကမ္ဘာ ဘေးရန်ကင်းအောင် လုပ်ဆောင်ပါ”** ဆောင်ပုဒ်ဖြင့် ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံတမန်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အာရှပစိဖိတ်ဒေသသည် နိုင်ငံအတွင်းနှင့် အခြားနိုင်ငံများသို့ ရွှေ့ပြောင်းသွားလာမှု မြင့်မားနေသည့် ဒေသကြီးများ ဖြစ်ပါကြောင်း၊ ရွှေ့ပြောင်းသွားလာခြင်း၏ အကြောင်းရင်းသည် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု ရရှိရန်ဖြစ်ပြီး တစ်ချိန်တည်းတွင် မြို့ပြများ၌ လူဦးရေထူထပ်လာပြီး မတူကွဲပြားသော ယဉ်ကျေးမှုနှင့် လူမှုအဖွဲ့အစည်း သဟဇာတဖြစ်ရေးသည် စိန်ခေါ်မှုဖြစ်လာပါကြောင်း။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**




ဒုတိယသမ္မတ ဦးမြင့်ဆွေ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း(၈၇၉)တွဲ ထပ်မံရောင်းချနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း(၈၇၉)တွဲကို စုစုပေါင်းတန်ဖိုး ယူရိုငွေ ၇၈ ဒသမ ၂၈၃ သန်းဖြင့် ရတနာကုန်သည်များထံ ထပ်မံရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ပြပွဲသတ္တမနေ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပခဲ့ပြီး အခြေခံဈေး ယူရိုငွေ ၄၀၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲများနှင့် အခြေခံဈေး ယူရိုငွေ ၁၀၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲ အတွဲအမှတ်(၂၃၀၁)မှ (၃၄၅၀)အထိ စုစုပေါင်း (၁၁၅၀)တွဲကို

**စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ○**



# မြန်မာ ယူ-၂၁ အသင်း ရှုံးပွဲကြုံတွေ့

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲအုပ်စု စတုတ္ထနေ့ကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ကန်တိုမြို့၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၂၁ အသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။ မြန်မာအသင်းသည် ယိုကိုဟားမား ယူ-၂၁ အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၂၁ အသင်းအတွက် ဗိုလ်လုပွဲတက်ရေး နောက်ဆုံးမျှော်လင့်ချက်ဖြစ်သော်လည်း လက်ရှိချန်ပီယံ ယိုကိုဟားမား ယူ-၂၁ အသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ✳**



● စည်းကမ်းကို အုတ်မြစ်ချသည်၊ စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
● လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။
ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော..

UEC
တကယ-၁၃/၄၀/၀၆၇
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
KG - Grade 10
အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP

၂၀၁၈ - ၁၉ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။

အဆင့်မြင့်ဘော်ဒါ - ၇၊၈၊၉၊၁၀တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ Air-con တပ် အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။

DAY CAMP - (၄)တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။

မူလတန်း၊ အလယ်တန်း - English 4 - skills၊ ပန်းချီ၊ ကွန်ပျူတာ၊ Kids invent စသော Extracurricular Activities များပါဝင်သည်။

■ Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်။ (ကျောင်းကားရှိသည်။)

■ (၄) ထပ် အဆင့်မြင့် ကျောင်းဆောင်သစ်ကြီး၏ Air-con တပ် စာသင်ခန်းကျယ်ကြီးများတွင်ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။

ကျောင်း ● အမှတ်(၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 09 7800 20647, 09 7938 93725, 09 7938 93726, 09 7910 10526
ကျောင်းသူဆောင် ● ခြံအမှတ်(၁၅ A နှင့် B) စံရိပ်ငြိမ်(၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ကျောင်းသားဆောင် ● ခြံအမှတ်(၄) စံရိပ်ငြိမ်(၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။


# (နဝမ)အကြိမ် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးဖိတ်ကြားလွှာ

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (နဝမ)အကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းဝင်/အသင်းသားများအနေဖြင့် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ စုံညီစွာ တက်ရောက်ပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်နေ့ရက် - ၂၈-၁၂-၂၀၁၇ ရက်(ကြာသပတေးနေ့)

ကျင်းပမည့်အချိန် - နံနက် ၁၀ နာရီ

ကျင်းပမည့်နေရာ - မဏိရတနာကျောက်စိမ်းခန်းမ၊ ရာဇသင်္ဂဟလမ်း၊ ဇဗ္ဗူသီရိမြို့နယ်၊ နေပြည်တော်

အသင်းဝင်/အသင်းသားများ လိုက်ပါတက်ရောက်နိုင်ရန်အတွက် ရန်ကုန်သို့ ရောက်ရှိနေသော နယ်အသင်းများမှ အသင်းသူ/အသင်းသားများနှင့် ရန်ကုန်မှ လိုက်ပါလိုသူများသည် ရန်ကုန်မှ နေပြည်တော်သို့ အသွား/အပြန် (နေ့ချင်းပြန်)ခရီးစဉ် မော်တော်ယာဉ်များ စီစဉ်ထားရှိပါသည်။ ရန်ကုန်မြို့မှ မော်တော်ယာဉ်ဖြင့် လိုက်ပါမည့်သူများသည် ၂၃ရက်၊ ညနေ ၅ နာရီ နောက်ဆုံးထား၍ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးပို့ရန် ဖြစ်ပါသည်။

သက်ဆိုင်ရာအသင်းခွဲ(မြို့)များမှ လိုက်ပါတက်ရောက်လိုသော အသင်းသူ/အသင်းသားများသည် အောက်ဖော်ပြပါ အသင်းရုံးဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

သက်ဆိုင်ရာအသင်းများသို့ ဆက်သွယ်ရန်ဖုန်း

မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ(ကမ္ဘာအေး) ဖုန်း-၀၁-၆၆၃၀၈၀၊ ၀၁-၆၆၃၁၀၉၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(မန္တလေး) ဖုန်း-၀၂-၂၄၇၇၉၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(မိုးကုတ်) ဖုန်း-၀၈၆-၂၀၈၄၉၊ ၀၈၆-၂၀၇၈၈၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(ဖားကန့်) ဖုန်း-၀၇၄-၇၀၈၉၃၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(မြစ်ကြီးနား) ဖုန်း-၀၇၄-၂၄၂၂၁၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(စစ်ကိုင်း) ဖုန်း-၀၉-၄၀၀၅၃၂၇၄၆၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(ရန်ကုန်) ဖုန်း-၀၁-၅၃၄၂၆၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး (နေပြည်တော်) ဖုန်း-၀၆၇-၄၃၂၃၈၄၊ ၀၆၇-၄၃၂၃၈၂

ရန်ကုန်ခရီးစဉ်စုရပ်နေရာ - အမှတ်(၆၈)၊ ကမ္ဘာအေးဘုရားလမ်း၊ မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ၊ ရန်ကုန်မြို့။

ယာဉ်ထွက်ခွာမည့်နေ့ရက် - ၂၈-၁၂-၂၀၁၇ ရက်(ကြာသပတေးနေ့)

ယာဉ်ထွက်ခွာမည့်အချိန် - နံနက် ၄ နာရီ

(နေပြည်တော်တွင် နေ့လယ်စာဖြင့် ဧည့်ခံပါမည်)

**နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကျင်းပရေးကော်မတီ**

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)

### နိုင်ငံခြားဘာသာစကားသင်တန်းသား လျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)တွင် အခြေခံ(၁) (Basic I)တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ စပိန်၊ ထိုင်းနှင့် မြန်မာဘာသာသင်တန်းများ ဖွင့်လှစ်မည်ဖြစ်သဖြင့် Online မှ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားရာတွင် အောက်တွင်ဖော်ပြထားသော Website address သို့ဝင်၍ CHRD Form တွင် လျှောက်လွှာဖြည့်သွင်းနိုင်မည် ဖြစ်ပါသည်။

Website အမည် - Yangon University of Foreign Languages
Website Link - http://www.yufl.edu.mm/chrd
(မြန်မာကျောင်းသားများအတွက် local-student button အား Click လုပ်၍ CHRD Form အား ဖြည့်စွက်ရန်နှင့် မြန်မာဘာသာသင်ကြားမည့် နိုင်ငံခြားသားကျောင်းသားများအတွက် international student button အား Click လုပ်၍ ဖြည့်စွက်ရန်)

| | |
|---|---|
| သင်တန်းပို့ချမည့်နေရာ | - ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် |
| သင်တန်းကာလ | - (၈-၁-၂၀၁၈ မှ၉-၃-၂၀၁၈) (၃လ) အင်္ဂလိပ်ဘာသာ<br>(၈-၁-၂၀၁၈မှ၃-၈-၂၀၁၈) (၆လ) ကျန်ဘာသာများ |
| onlineဖြင့် လျှောက်ထားရမည့်ရက် | - **(၂၆-၁၂-၂၀၁၇ ရက်၊ နံနက် ၉း၀၀နာရီမှ သတ်မှတ်ဦးရေပြည့်သည့်အထိ)** |
| ပုံစံစစ်ဆေးရန်နှင့်သင်တန်းကြေး လက်ခံမည့်ရက် | - (၂-၁-၂၀၁၈ မှ ၅-၁-၂၀၁၈) |
| ပုံစံစစ်ဆေးရန်နှင့်သင်တန်းကြေး လက်ခံမည့်အချိန် | - (နံနက် ၁၀ နာရီမှ ညနေ ၂ နာရီအထိ) |
| ငွေလက်ခံမည့်နေရာ | - ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် |

♦ သင်တန်းပို့ချမည့်နေ့ရက် - တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ
သင်တန်းပို့ချမည့်အချိန် - ညနေ ၅း၂၀- ၇း၃၀ နာရီ

♦ သင်တန်းပို့ချမည့်နေ့ရက် - စနေ၊ တနင်္ဂနွေ
သင်တန်းပို့ချမည့်အချိန် - နံနက် ၉း၀၀- ၁၂း၀၀ နာရီ

**♦ မိမိကြိုက်နှစ်သက်ရာ အချိန်ပိုင်းသင်တန်းအား ရွေးချယ်လျှောက်ထားနိုင်ပါသည်။**

| | |
|---|---|
| ပညာအရည်အချင်း | - တက္ကသိုလ်ဝင်စာမေးပွဲအောင် |
| တင်ပြရန်စာရွက်စာတမ်းများ | - တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မူရင်းနှင့် မိတ္တူ (သို့မဟုတ်) အမှတ်စာရင်းမူရင်းနှင့်မိတ္တူ၊ မှတ်ပုံတင်မူရင်းနှင့်မိတ္တူ (သို့မဟုတ်)ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ၊ ဓာတ်ပုံ(၃)ပုံ(Online မှ ၂၆-၁၂-၂၀၁၇ရက်တွင် စတင်လျှောက်ထားပြီး မိမိအမည်အား လက်ခံကြောင်း ကြေညာချက်တွင် တွေ့ရှိပြီးမှသာ ကျောင်းသို့ ယူဆောင်ရမည့် အထောက်အထားများ ဖြစ်ပါသည်။) |
| စုံစမ်းရန်ဌာန | - ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဖုန်း-၀၁-၅၁၅၂၃၆၊ ၀၁-၅၃၅၉၈၅ |

Online မှ လျှောက်လွှာတင်သွင်းရာတွင် ပြည့်စုံစွာဖြည့်စွက်ထားပြီး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် Server သို့ အရင်ရောက်ရှိလာသော လျှောက်လွှာများကို ဦးစားပေး အစီအစဉ်အတိုင်း လက်ခံပေးမည်ဖြစ်ပါသည်။ ၂၆-၁၂-၂၀၁၇ရက်တွင် နံနက် ၉ နာရီမှသာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် Website ၏ သတ်မှတ် Address စတင်မြင်တွေ့ လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

Online မှ လျှောက်လွှာတင်သွင်းပြီးနောက် ပုံစံစစ်ဆေးရန်နှင့် သင်တန်းကြေးပေးသွင်းရန် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ သတ်မှတ်ရက်တွင် ကိုယ်တိုင်လာရောက်ရမည်ဖြစ်သည်။

(သင်တန်းကြေးပေးသွင်းပြီးမှသာလျှင် သင်တန်းသားအဖြစ် သတ်မှတ်မည်ဖြစ်သည်။)

အခြေခံ(၂) Basic II သင်တန်းနှင့်အထက် သင်တန်းသားများသည် ဤတက္ကသိုလ်သို့ တိုက်ရိုက်လျှောက်ထားရမည်။ (အင်္ဂလိပ်ဘာသာ Basic II အတွက် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ Basic I အောင်လက်မှတ်တင်ပြရမည်။)

သင်တန်းဝင်ခွင့်ရရှိသည့် အမည်စာရင်းအား ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် Website တွင် ၂၉-၁၂-၂၀၁၇ ရက် နံနက် ၉း၃၀ နာရီတွင် ကြေညာပေးမည် ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၁၉/AB)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(တ/၁၃၀/၁)ဟုခေါ်တွင်သော (အလျားပေ၄၀×အနံ၁၀၀ပေ)အကျယ်ရှိ ဦးသောင်းဌေး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်ထားသူ ဦးသောင်းဌေး [၁၂/သကတ(နိုင်)၀၀၈၂၀၈]ကိုင်ဆောင်ထားသူမှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။


**လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်မိုးယုနွယ်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)**
**LL.B,D.B.L,D.I.L,D.M.L,WIPO(Switzerland)**
**Ph:09420080932,09250640872**
**အမှတ်(၉၁၆)၊ ဘုရင့်နောင်လမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။**


## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

*ဒီဇင်ဘာလဆန်းကတည်းက ခရစ္စမတ်အငွေ့အသက်ကို ခံစားနေရပြီဖြစ်သည်။ ဥရောပနိုင်ငံများတွင် ခရစ္စမတ်နေ့ ဂုဏ်ပြုရုပ်ရှင်၊ ဗီဒီယို၊ ရုပ်သံဇာတ်လမ်းတွဲများ၊ သီချင်းများထုတ်လွှင့်ပြသနေပြီဖြစ်သည်။ ကုန်တိုက်များနှင့် အထင်ကရ အဆောက်အအုံများတွင် ခရစ္စမတ်သစ်ပင်များ၊ ရောင်စုံမီးလုံးများဖြင့် အလှဆင်ထားသဖြင့် ညဘက်မြင်ကွင်းသည် ရှုမငြီးစရာပင်ဖြစ်သည်။ ခရစ္စမတ်အကြို အထူးဈေးရောင်းပွဲများလည်း ပြုလုပ်နေကြပြီဖြစ်သည်။ ခရစ္စမတ်အကြိုကာလတွင် နှစ်ဆန်းကတည်းက တင်ထားသော အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများကို လျှော့ဈေးဖြင့် ရောင်းချပေးလေ့ရှိသည်။ တစ်နည်းအားဖြင့် နှမ်းပါးသူများကို အလှူအတန်းပြုခြင်းပင်ဖြစ်သည်။ ပီတိဖြစ်ဖွယ်ရာပင် ဖြစ်သည်။*

# ခရစ္စမတ်ကာလကို အကျိုးရှိစွာ ဖြတ်သန်းသွားကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

### ဒါနကိုသာ အခြေခံ

အထူးသဖြင့် ဒီဇင်ဘာလနှင့် ဇန်နဝါရီလသည် ခရီးသွားကုမ္ပဏီများအတွက် အလုပ်ဖြစ်သော ကာလပင် ဖြစ်သည်။ လေကြောင်းလိုင်းများ၊ ဟိုတယ်များတွင်လည်း ကြိုတင်ဘွတ်ကင် ပြုလုပ်သူများနှင့် အလုပ်ရှုပ်နေကြပြီဖြစ်သည်။ လူကြီး၊ လူငယ်၊ လူလတ် အသက်အရွယ်အားလုံးသည် ခရစ္စမတ်ကာလအတွက် ကြိုတင်ပြင်ဆင်ခြင်းဖြင့် အလုပ်ရှုပ်နေကြသည်။ အားလုံးသည် ခရစ္စမတ်ကာလတွင် အပြန်အလှန် လက်ဆောင်ပေးသွားမည်၊ အလှူအတန်းပြုမည်၊ မိသားစုများဆုံစည်းမည်ဆိုသော အပျော်စိတ်များဖြင့် ကြည်နူးနေကြသည်။ မည်သည့် ဘာသာ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွင်မဆို ပေးကမ်းခြင်းကိုသာ အခြေခံထားလေ့ရှိသည်။ ဗုဒ္ဓဘာသာရှုထောင့်မှကြည့်မည်ဆိုလျှင် လုပ်ဆောင်မှု မှန်သမျှတွင် ဒါနကိုသာ အခြေခံထားသည်မဟုတ်ပါလား။

### ခရစ္စမတ်နေ့

နှစ်စဉ် ဒီဇင်ဘာလ ၂၅ ရက်နေ့သည် ခရစ္စမတ်နေ့(Christmas Day)ဖြစ်သည်။ ထိုနေ့တွင် ကမ္ဘာတစ်ဝန်း၌ အစိုးရရုံး၊ ဌာနများနှင့် ကုမ္ပဏီများ ပိတ်ထားကြသည်။ အချို့သော နိုင်ငံများတွင် ထိုနေ့မှစ၍ နှစ်ဆန်း တစ်ရက်နေ့ (New Year Day) အထိ ရက်ရှည်ရုံးပိတ်ပေးထားသည်။ မြန်မာ သင်္ကြန်ကာလ ရုံးပိတ်ရက်ကဲ့သို့ပင်ဖြစ်သည်။ ယေရှုခရစ်တော် ဖွားမြင်သည့်နေ့ကို အတိအကျမသိရှိရသော်လည်း ကမ္ဘာတစ်ဝန်း၌ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ခရစ်တော် မွေးနေ့အဖြစ် ကျင်းပကြသည်။ ဘာသာရေးနှင့် ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည်။ ခရစ်ယာန်ဘာသာဝင်မဟုတ်သော နိုင်ငံများတွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ မြန်မာနိုင်ငံတွင်လည်း ခရစ္စမတ်နေ့အခမ်းအနားများ ကျင်းပလေ့ရှိသည်။

### အနှစ်သာရ

ခရစ္စမတ်နေ့၏ အနှစ်သာရသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လက်ဆောင်ပေးကြခြင်းဖြစ်သည်။ ခရစ္စမတ်ကတ်များကိုလည်း အပြန်အလှန်ပေးပို့ကာ ဆုမွန်ကောင်းတောင်းကြသည်။ မိတ်ဆွေများ၊ ဆွေမျိုးများနှင့် မိသားစုများစုစည်းကာ ရိုးရာအစားအသောက်များ ချက်ပြုတ်စားသောက်ကြသည်။ ရုံး၊ ဌာနများ၊ ကုမ္ပဏီများသည် ပါတီပွဲများ ကျင်းပကြသည်။ ထိုအခမ်းအနားအပြီးတွင် ခရစ္စမတ်လက်ဆောင်များ အပြန်အလှန်ပေးကြသည်။ ကြည်နူးစရာအချိန်ကာလပင်ဖြစ်သည်။

ခရစ္စမတ်ပွဲတော်ကာလတွင် မဖြစ်မနေပါဝင်သော အရာများသည် ခရစ္စမတ်သစ်ပင်၊ ခရစ္စမတ် ရောင်စုံမီးလုံးများ၊ မီးရှူး၊ မီးပန်းများနှင့် ခရစ္စမတ်ပန်းကုံးများဖြစ်ကြသည်။ နေအိမ်များ၊ လမ်းများနှင့် ကုန်တိုက်များရှိ ခရစ္စမတ်သစ်ပင်များ၌ ရောင်စုံအလှမီးများ ထွန်းညှိထားကြသည်။ အထူးသဖြင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်းဖြစ်သည်။ တချို့သော နိုင်ငံများသည် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ခရစ္စမတ်အကြိုနေ့(Christmas Eve)အခမ်းအနားများ ကျင်းပကြသည်။ ထိုနေ့တွင် လူငယ်များသည် နေအိမ်များကိုလှည့်လည်၍ ခရစ်ယာန်ဓမ္မတေးသီချင်းများ ဆိုကာ ဆုတောင်းပေးကြသည်။ တချို့သော အိမ်များသည် ထိုအဖွဲ့ကို အလှူငွေများ၊ လက်ဆောင်များ ပေးကြသည်။ အပြန်အလှန် မေတ္တာထားခြင်းဖြစ်သည်။ ချစ်စရာကောင်းသော အလေ့အထပင်ဖြစ်သည်။

### ခရစ္စမတ်ဘိုးဘိုး(Santa Claus)

ခရစ္စမတ်ပွဲတော်ကာလတွင် အဓိက ကျသောဇာတ်ဆောင်သည် ခရစ္စမတ်ဘိုးဘိုး (Santa Claus) ဖြစ်သည်။ Santa Claus သည် အနောက်တိုင်းယဉ်ကျေးမှုအရ ဒဏ္ဍာရီဆန်သော ပုဂ္ဂိုလ်ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် အဖြူရောင်ကော်လံအရှည်ပါသော အနီရောင်ကုတ်အင်္ကျီနှင့် ဘောင်းဘီရှည်အပွကြီးကို ဝတ်ဆင်ထားပြီး ခါးတွင် ခါးပတ်အနက်ကြီး စည်းထားသည်။ အနက်ရောင် ဘွတ်ဖိနပ်ရှည်ကြီးကို စီးထားသည်။ ခရစ္စမတ်အကြိုနေ့တွင် ကလေးများအတွက် လက်ဆောင်ပစ္စည်းများ ထည့်ထားသည့် အိတ်ကြီးကို သယ်ဆောင်လာသည်ဟု ယုံကြည်ထားကြသည်။

ခရစ္စမတ်ဘိုးဘိုးသည် ကမ္ဘာတစ်ဝန်းရှိ ကလေးများ၏ အင်အားစာရင်းကို နှစ်စဉ် ပြုစုထားသည်ဟု ဆိုသည်။ လိမ္မာယဉ်ကျေးသော ကလေးများ၊ ဆိုးသွမ်းသော ကလေးများ၊ အပြုအမူရိုင်းစိုင်းသော ကလေးများ၊ နူးညံ့သိမ်မွေ့သော ကလေးများဟူ၍ စာရင်းခွဲခြား ပြုစုထားသည်။ ၎င်းသည် ခရစ္စမတ်အကြိုနေ့တွင် လိမ္မာယဉ်ကျေးသော ကလေးများအား ကစားစရာအရုပ်များနှင့် ချောကလက်များ လက်ဆောင်ပေးပြီး ဆိုးသွမ်းသော ကလေးများကို ကျောက်မီးသွေးခဲများပေးသည်ဟု ဆိုသည်။ ကလေးများသည် ခရစ္စမတ်ကာလတွင် လက်ဆောင်ပစ္စည်းများရရှိကြမည်ဖြစ်သောကြောင့် ပျော်ရွှင်ကြည်နူးနေကြသည်။

### လိမ္မာယဉ်ကျေးစေရန်

ခရစ္စမတ်ဘိုးဘိုးသည် ထိုသို့ဆောင်ရွက်ပေးခြင်း အမှန်တကယ် ရှိ၊ မရှိကိုမူ မည်သူမျှ အတိအကျ ပြောနိုင်မည်မဟုတ်ချေ။ ကလေးများ လိမ္မာယဉ်ကျေးမှုရှိစေရန်အတွက် ခရစ်ယာန်ဘာသာရှုထောင့်အရ ပြောဆိုနေခြင်းလည်းဖြစ်နိုင်ပါသည်။ အမှန်စင်စစ်မှာမူ လူကြီးမိဘများက ခရစ္စမတ်အကြို ဒီဇင်ဘာလ ၂၄ ရက်နေ့ ညပိုင်း၌ ကလေးများအိပ်မောကျနေသည့်အချိန်တွင် လက်ဆောင်ပစ္စည်းများအား ခရစ္စမတ်သစ်ပင်အောက်တွင် ချပေးထားခြင်းဖြစ်သည်။ ကလေးများသည် ဒီဇင်ဘာလ ၂၅ ရက်နေ့ နံနက်စောစော အိပ်ရာထသည့်အချိန်တွင် ထိုလက်ဆောင်ကို တွေ့သဖြင့် ပျော်ရွှင်ကြည်နူးကြရသည်။ မည်သည့် ဘာသာအယူဝါဒတွင် ဖြစ်စေ အနှစ်ချုပ်သည် လိမ္မာယဉ်ကျေးမှုရှိနေစေရန်ပင်ဖြစ်သည်။ ကလေးငယ်များကို ငယ်စဉ်ကတည်းကပင် ဘာသာရေးပွဲတော်များဖြင့် စည်းရုံးထားခြင်းဖြစ်သည်။

### တလွဲအသုံးမချသင့်

မြန်မာနိုင်ငံတွင်လည်း လူငယ်အချို့သည် ခရစ္စမတ်နေ့အခမ်းအနားများ ပြုလုပ်လာကြသည်။ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးပို့ကြသည်။ ထိုသို့ ပြုလုပ်ခြင်းသည် အချင်းချင်း မေတ္တာထားလာသဖြင့် ကောင်းမွန်ပါသည်။ သို့သော် ခရစ္စမတ်နေ့တွင် ညဘက်၌ ပါတီပွဲများကျင်းပကာ သောက်စားမူးယစ်မှုများရှိလာကြသည်။ တချို့သော မြန်မာမိန်းကလေးများသည် အရက်၊ ဘီယာ သောက်လာကြသည်။ ညဉ့်နက် သန်းခေါင် အထိ အပျော်လွန်ကျူးကြသဖြင့် လမ်းမှားရောက်တတ်ကြသည်။ မူးယစ်ကာ ယာဉ်မောင်းကြသဖြင့် ယာဉ်တိုက်မှုများ ဖြစ်ကြသည်။ ထိခိုက်ဒဏ်ရာရရှိမှုများရှိသည်။ တချို့ဆိုလျှင် အသက်ပင် ဆုံးရှုံးရသည်။ တချို့သော မြန်မာလူငယ်များသည် ခရစ္စမတ်ကာလကို သောက်စားမူးယစ်ရန် တရားဝင်ခွင့်ပြုချက်ရထားသည့် ပွဲတော်တစ်ခုလို ခံယူကာ အလွန်အကျွံသောက်စားပျော်ပါးလာကြသည်။ အနှစ်သာရရှိသော နေ့တစ်နေ့ကို တလွဲအသုံးချခြင်းသာဖြစ်သည်။

### အရိုးပေါ် အရွက်မဖုံးစေချင်

တစ်ကမ္ဘာလုံး ဆက်စပ်ပြောင်းလဲနေသော ခေတ်ကြီးတွင် ယဉ်ကျေးမှုပေါင်းစုံသည် တစ်နိုင်ငံမှ တစ်နိုင်ငံသို့ မြန်ဆန်စွာ ထိုးဖောက်ဝင်ရောက်လျက်ရှိသည်။ ထိုနည်းတူစွာ မြန်မာနိုင်ငံသို့လည်း အရှေ့၊ အနောက်မှ အတို၊ အပြတ်၊ အကွဲ၊ အကျပ်၊ အဟိုက်၊ အနီ၊ အကြောင် စသည့် ယဉ်ကျေးမှုများ တစ်ဟုန်ထိုး ဝင်ရောက်လာကြသည်။ ထိုအချိန်တွင် မြန်မာလူငယ်များသည် တိုင်းတစ်ပါး ယဉ်ကျေးမှုကို အထင်ကြီးပြီး မိမိ ယဉ်ကျေးမှုအစဉ်အလာများကို မေ့လျော့လာတတ်ကြသည်။ ရုပ်သံလိုင်းများသည် အဆိပ်အတောက်ဖြစ်စေသော ဖျော်ဖြေမှုမျိုးကို ရှောင်ရှားသင့်ပါသည်။ ရုပ်ရှင်၊ ဂီတအနုပညာရှင်များအနေဖြင့်လည်း ထိန်းထိန်းသိမ်းသိမ်း ဝတ်စားဆင်ယင်သင့်ပါသည်။ လူငယ်များသည် အတုခိုးမှုမြန်ဆန်ပါသည်။ စာပေပညာရှင်ကြီးများကလည်း ပညာပေးစာပေများ၊ သုတ၊ ရသစာပေများကို ရေးသားသွားသင့်ပါသည်။ အားလုံးဝိုင်းဝန်းထိန်းသိမ်းမှု မရှိလျှင် အနာဂတ်တွင် မြန်မာ့ယဉ်ကျေးမှုသည် အရိုးပေါ် အရွက်ဖုံးကာ တဖြည်းဖြည်း မှေးမှိန်လာနိုင်ပါသည်။

### မျိုးချစ်စိတ်ဓာတ်သည်သာ အခရာ

မည်သို့ပင်ဆိုစေကာမူ လူတိုင်းသည် လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ ယုံကြည်ခွင့်၊ ပြောဆိုခွင့်၊ ပျော်ရွှင်ကြည်နူးခွင့်များ ရှိကြပါသည်။ ထိုလွတ်လပ်ခွင့်များသည် မိမိနှင့် မိမိပတ်ဝန်းကျင်ကို ထိခိုက်နစ်နာမှုမရှိစေရန်လည်း လိုအပ်သည်။ လူသည် တစ်ဦးတည်း နေထိုင်တတ်သော သတ္တဝါမဟုတ်ချေ။ ပတ်ဝန်းကျင် အသိုက်အဝန်းနှင့် နေထိုင်ကြရသည်။ အထူးသဖြင့် မိမိမွေးဖွားရာ ဒေသ၊ နိုင်ငံ၏ ဘာသာတရား၊ ရိုးရာယဉ်ကျေးမှုနှင့် အစဉ်အလာကောင်းများကိုမူ တန်ဖိုးထားတတ်ရန် လိုအပ်ပါသည်။ ထိုသို့ တန်ဖိုးထားတတ်သည့် စိတ်သဘောထားကို မျိုးချစ်စိတ်ဓာတ်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။

ခြုံ၍တင်ပြရလျှင် မကြာမီရက်အတွင်း ခရစ္စမတ်နေ့ အထိမ်းအမှတ်အခမ်းအနားများ၊ ပွဲတော်များ ကျင်းပကြတော့မည်ဖြစ်သည်။ ထိုသို့ကျင်းပရာတွင် သက်ဆိုင်ရာဘာသာ၏ အနှစ်သာရဖြစ်သော အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးပို့ခြင်း၊ ကလေးငယ်များအား လက်ဆောင်ပစ္စည်းများပေးခြင်း၊ အလှူအတန်းပြုခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်းတို့ကို ပြုလုပ်သွားသင့်ပါသည်။ ထိုနေ့ကို အကြောင်းပြု၍ ပါတီပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပကာ သောက်စားမူးယစ်ရမ်းကားနေမည်ဆိုလျှင် ခရစ္စမတ်နေ့၏ အနှစ်သာရပျက်ပြယ်သွားမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ မျိုးဆက်သစ် မြန်မာလူငယ်များအနေဖြင့် ယဉ်ကျေးသိမ်မွေ့သော မြန်မာလူငယ်များပီပီ ခရစ္စမတ်ကာလကို အကျိုးရှိစွာ ဖြတ်သန်းသွားနိုင်ကြပါစေ။ ။

---

# နွေစပါး အချိန်မီစိုက်ပျိုးနိုင်ရန် သုံးဆယ်ရေလှောင်တမံမှ သာယာဝတီမြို့နယ်အတွင်းသို့ ဆည်ရေ စတင်ပေးဝေ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်မှ စပါးစိုက်တောင်သူများ ဆည်ရေသောက်စနစ်ဖြင့် နွေစပါး အချိန်မီစိုက်ပျိုးနိုင်ရန် သုံးဆယ်ရေလှောင်တမံမှ ဆည်ရေကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းမှစတင်ကာ ပေးဝေနေပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ သိရသည်။


"နွေစပါးစိုက်ဖို့ ဆည်ရေပေးရမယ့်ရက်ကို မြို့နယ်စိုက်/ညှိအဖွဲ့၊ တောင်သူတွေနဲ့ ညှိနှိုင်းပြီး သတ်မှတ်ထားပါတယ်၊ တောင်သူတွေ နွေစပါး အချိန်မီစိုက်ပျိုးနိုင်အောင် နိုဝင်ဘာလဆန်းကစပြီး ဒီဇင်ဘာ ၁၅ ရက် ဆည်ရေလွှတ်မယ်ဆိုတာကို တူးမြောင်းနဲ့ လမ်းဆုံတဲ့နေရာတွေမှာ ဆိုင်းဘုတ်တွေနဲ့ ကြေညာထားတယ်၊ တစ်လ တစ်ခါ ကျင်းပတဲ့ တောင်သူပညာပေးစခန်းမှာ တောင်သူနဲ့ သက်ဆိုင်ရာဌာနတွေ တွေ့ဆုံတဲ့ ဆွေးနွေးပွဲတွေ၊ ကျေးရွာတွေမှာ ကျင်းပတဲ့ ညှိနှိုင်းအစည်းအဝေးတွေမှာလည်း ဘယ်နေ့ရေပေးမယ်ဆိုတာ ပြောထားပါတယ်" ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ ဦးစီးအရာရှိ ဦးသီဟအောင်က ပြောသည်။

သုံးဆယ်ရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရေကို ၂၀၀၅-၂၀၀၆ ခုနှစ်မှ စတင်ပေးဝေခဲ့ပြီး နွေစပါးစိုက်ရန် ရေစတင်ပေးဝေရမည့်ရက်ကို နှစ်စဉ် ဒီဇင်ဘာ ၁၅ ရက် သတ်မှတ်ထားကာ နောက်ဆုံး ဆည်ရေပေးဝေသည့်ရက်ကို မေ ၁၅ ရက် သတ်မှတ်ထားကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

သာယာဝတီမြို့နယ် ဖားရွှေကျော်အုပ်စု ရွှေညောင်ပင်ကျေးရွာမှ တောင်သူ ဦးမြင့်ဦးက "ဒီဒေသက တောင်သူတွေအနေနဲ့ နွေစပါးစိုက်ဖို့အတွက် သုံးဆယ်ရေလှောင်တမံက ပို့လွှတ်တဲ့ ဆည်ရေကိုပဲ အဓိကအားထားနေရတယ်၊ အရင်တုန်းက မတ်ပဲဈေးကောင်းတော့ မတ်ပဲ စိုက်ကြတယ်၊ အခု မတ်ပဲဈေးက မကောင်းတဲ့အခါကျတော့ နွေစပါးဘက်ကို ပြောင်းပြီးစိုက်ရတယ်၊ ဒီနှစ်မှာတော့ ဆည်ရေကို အသုံးပြုမှု များလာတယ်၊ စပါးကတော့ ဒီဒေသမှာ တစ်ဧကအနည်းဆုံး တင်း ၉၀ ကျော်လောက်ထွက်တယ်"ဟု ပြောသည်။

ယခင်က သာယာဝတီမြို့နယ်တွင် ဆည်ရေသောက်စနစ်မရှိခြင်းကြောင့် နွေစပါးစိုက်ပျိုးရန် အခက်အခဲများရှိခဲ့ကြောင်း၊ သုံးဆယ်ရေလှောင်တမံ တည်ဆောက်ပြီးနောက်ပိုင်း ဆည်ရေသောက်စနစ်ဖြင့် နွေစပါးကို အဓိကအားထားစိုက်ပျိုးလာကြောင်း စပါးစိုက်တောင်သူများထံမှ သိရသည်။

"မနှစ်ကတော့ သာယာဝတီမြို့နယ်မှာရှိတဲ့ နွေစပါးစိုက်ဧက ၁၉၆၁၂ ဧကကို ဆည်ရေပေးဝေခဲ့ရပါတယ်၊ ဒီနှစ်မှာတော့ နွေစပါးစိုက်တဲ့ တောင်သူများလာတဲ့အတွက် ဧကနှစ်သောင်းကျော်အထိ ရေပေးဝေရမယ်လို့ ခန့်မှန်းထားပါတယ်၊ ကျွန်တော်တို့အနေနဲ့ကတော့ စိစစ်ဧက ၄၀၀၀၀ ကျော်ကို ရေပေးဝေနိုင်အောင် ပြင်ဆင်ထားပါတယ်၊ ဆည်ရေသောက်ဧရိယာထဲမှာတော့ နွေစပါး၊ မတ်ပဲ၊ ကြံနဲ့ ဖရဲကို အဓိက စိုက်ပျိုးကြပါတယ်" ဟု ဦးစီးအရာရှိ ဦးသီဟအောင်က ပြောသည်။



ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်ရှိ သုံးဆယ်ရေလှောင်တမံသည် ကန်ရေပြည့် ရေလှောင်ဧရိယာ ဧက ၇၁၀၀ ကျယ်ဝန်းပြီး ရေလှောင်ပမာဏ ၂၇၇၅၂၀ ဧကပေ သိုလှောင်နိုင်ကြောင်း၊ တမံမှဆည်ရေကို သာယာဝတီမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေ စိစစ်ပြီး ၄၂၀၀၃ ဧကအား နှစ်စဉ် ရေပေးဝေနိုင်ရန် ဆောင်ရွက်ထားကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ သိရသည်။

**မင်းသစ်(MNA)**

# အမှောင်ခွင်း၍ အလင်းဆောင်တော့မည့် ချင်းတိုင်းရင်းသားတို့၏ သွေးချင်းမြေ

***မြူနှင်းဖွေးဖွေးများက တောင်တန်းများအပေါ် လေနှင့်အတူ လွင့်မျောလွှမ်းခြုံနေသည်။ တောင်တန်းများက မြောက်မှတောင်သို့ တံတိုင်းသဖွယ် မြင့်မားစွာ တည်ရှိနေသည်။ ထင်းရှူး၊ ချယ်ရီ၊ တောင်ဇလပ်သစ်ပင်မျိုးစုံက တောင်တန်းများပေါ်တွင် ရှုမျှော်မဆုံး ပေါက်ရောက်နေကြသည်။ တောင်ထိပ်တွင် သွပ်အုတ်ဖြင့် ရောင်စုံခြယ်ဆောက်လုပ်ထားသည့် အိမ်ကလေးများမှာ ညအမှောင်ထဲတွင် မမြင်ရတော့။ ရောင်စုံမီးပွင့်လေးများ ထွန်းထားသော အိမ်လေးများမှာ တောင်ထိပ်ပေါ်တွင် လင်းလက်နေသည်။ လူမှုဘဝ မြင့်မားစေသည့် လျှပ်စစ်မီးကြောင့် ချင်းပြည်နယ်တစ်ဝန်းလုံး တိုးတက်လာသည့် မြင်ကွင်းများပင်ဖြစ်သည်။***

ချင်းပြည်နယ်တွင် ဟားခါးမြို့၊ ထန်တလန်မြို့၊ ဖလမ်းမြို့၊ တီးတိန်မြို့၊ မတူပီမြို့၊ မင်းတပ်မြို့၊ ကန်ပက်လက်မြို့၊ ပလက်ဝမြို့၊ တွန်းဇန်မြို့စသည့် မြို့နယ် ကိုးမြို့နယ်နှင့် မြို့ ခြောက်မြို့ရှိသည်။ ယခုအချိန်ထိ ချင်းပြည်နယ်တွင် ဟားခါး၊ ဖလမ်း၊ ထန်တလန်၊ မင်းတပ်၊ ကန်ပက်လက်နှင့် ခိုင်ကမ်းမြို့များကို နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး ၉ ဒသမ ၅ မဂ္ဂါဝပ်ခန့်သုံးစွဲလျက်ရှိသည်။ "မင်းတပ်မြို့နယ်နဲ့ မတူပီမြို့က ကားလမ်းအရှည်မိုင် ၂၂၀ ဝေးပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့က နိုင်ငံတော်အတွက် ဘဏ္ဍာငွေ သက်သာဖို့ရယ်၊ ဓာတ်အားလိုင်းအတိုဆုံးနဲ့ ပြည်သူတွေဆီ ရောက်ဖို့ရယ် ရည်ရွယ်ပြီး နတ်မတောင် အမျိုးသားဥယျာဉ်ကို ရှောင်လွှဲမရတဲ့အတွက် ဖြတ်သန်းမှုတော့ ရှိပါမယ်၊ ဥယျာဉ်က ကြီးမားကျယ်ပြန့်တဲ့အတွက် ၂၆ ဒသမ ၅ မိုင်ခန့် ဖြတ်သန်းရမှာဖြစ်ပါတယ်၊ လေးဧကအကျယ် မတူပီ ဓာတ်အားခွဲရုံ တည်ဆောက်ပါမယ်၊ မိုင်တိုင်(၅၀)မှ မိုင်တိုင်(၆၈)အထိ နတ်မတောင် သစ်တောကိုဖြတ်ရမှာမို့လို့ သက်ဆိုင်ရာဌာနများကို တင်ပြဆောင်ရွက်သွားပါမယ်။"

ပြီးခဲ့သည့် အောက်တိုဘာ ၁၉ ရက်က လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(မြောက်ပိုင်း)မှ ညွှန်ကြားရေးမှူး ဦးမင်းနိုင်က ချင်းပြည်နယ် အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများအား ရှင်းပြနေခြင်း ဖြစ်သည်။ "ကျွန်တော်တို့ဆီက ဒေသခံ ရွာသားတွေက ဓာတ်ကြိုးက ရွာပေါ်ဖြတ်သွားပြီး မီးမရလို့ စိတ်ထိခိုက်နေရတယ်၊ ဒါကြောင့် မြို့ပေါ်သာမက ကျေးလက်တွေကိုပါ အတတ်နိုင်ဆုံး မီးရရှိဖို့ ရေအားလျှပ်စစ်ပါ မကျန် တွက်ချက်ပြီး ဆောင်ရွက်ပေးစေချင်တယ်"ဟု ပြည်နယ်အကြီးအကဲက ပြောကြားသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ ၆၆ ကေဗွီအေ လျှပ်စစ်ဓာတ်အားလိုင်းကို မင်းတပ်-မတူပီ ဓာတ်အားလိုင်း ၅၀ ဒသမ ၉ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ မတူပီဓာတ်အားခွဲရုံကို စတင်အကောင်အထည်ဖော်လျက်ရှိသဖြင့် မတူပီရှိ ပြည်သူများ ဝမ်းမြောက်လျက်ရှိကြသည်။ ဓာတ်အားလိုင်းကို လျှိုမြောင်၊ ချောက်ကမ်းပါး၊ တောင်ထိပ်၊ တောင်စွယ်၊ တောင်ဆင်ခြေလျှောများ၌ နည်းပညာ၊ ကျွမ်းကျင်မှုနှင့် အသက်ကိုရင်း၍ ခက်ခဲစွာ ဆောင်ရွက်ရမည်ဖြစ်သည်။ မင်းတပ်မြို့၊ ဒေါက်ဒွေရွာ၊ ရှိန်းပရီရွာ၊ ရှီရွာ၊ အေးသာယာရွာ၊ မိုင် ၄၀ ရွာ၊ ရောင်လောင်ရွာ၊ ၅၁ မိုင်ရွာ၊ တွီဒိန်ရွာ၊ လေရှီရွာ၊ ဟင်းတုန်းရွာ၊ ရန်းတိမ်(က)ရွာ၊ ရန်းတိမ်(ခ)ရွာ၊ ချန်ပြန်(ခ)ရွာ ရွာ ၁၅ ရွာအနီးနှင့် မုန်းချောင်း၊ လည်မျိုချောင်း နှစ်ခုကို ဖြတ်ကျော်ပြီး ခက်ခဲစွာ ကြိုးပမ်းတည်ဆောက်ရမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံတော်ဓာတ်အားစနစ်မှ တီးတိန်မြို့သို့ သိုင်းငင်း-တီးတိန် ၆၆ ကေဗွီအေဓာတ်အားလိုင်း ၁၆ ဒသမ ၃ မိုင်နှင့် တီးတိန်ဓာတ်အားခွဲစက်ရုံ တည်ဆောက်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပေသည်။

တီးတိန်ဓာတ်အားခွဲစက်ရုံကို တီးတိန်အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ဘောလုံးကွင်းနှင့် မိုးလေဝသနှင့် ဇလဗေဒရုံးကြားရှိ ပြန့်ပြူးသော မြေပေါ်တွင် တည်ဆောက်သွားရန် လျာထားသော်လည်း MPT Fiber Cable နှင့်နီးသဖြင့် ရွှေ့ပြောင်းဆောင်ရွက်မည့်အကြောင်း တာဝန်ခံက ရှင်းပြသည်။ ထူးခြားသည်က ၆၆ ကေဗွီအေ သိုင်းငင်း-တီးတိန်ဓာတ်အားလိုင်း လမ်းအူကြောင်းတစ်လျှောက်တွင် သစ်တောဧရိယာဖြတ်သန်းမှု မရှိသဖြင့် မြေယာလုပ်ထုံးလုပ်နည်း ဆောင်ရွက်ရန် မလိုသဖြင့် အဆင်ပြေချောမွေ့လှသည်။

ဆူလင်ရွာ၊ သိုင်းငင်း၊ FortWhite၊ အာလွယ်ရွာ၊ ဆိုဇမ်ရွာ၊ ဆောင်းပီးရွာ၊ ဒိမ်လိုရွာ၊ ဆဲဇန်ရွာ၊ တီးတိန်ရွာများမှာ ဓာတ်အားလိုင်းအနီးရှိနေသည့် ရွာများဖြစ်သည်။ သိုင်းငင်း-တီးတိန်ဓာတ်အားလိုင်းကို အသစ်တည်ဆောက်ရန် လမ်းအူကြောင်းမှာ ၁၆ ဒသမ ၃ မိုင်သာ ရှည်လျားမည် ဖြစ်ပါသည်။ "နောင်တစ်ချိန်မှာ ဂန့်ဂေါမြို့ကလာတဲ့ ဓာတ်အားလိုင်းကိုပဲ မမှီခိုဘဲ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကလေးမြို့ကတစ်ဆင့် ချင်းပြည်နယ်သို့ နှစ်ထပ်ပတ်နိုင်အောင် လမ်းအူကြောင်း ရှာဖွေရေးဆောင်ရွက်သွားပါမယ်၊ ကွင်းဆင်းစစ်ဆေးမှုတော့ မလုပ်ရသေးပါဘူး"ဟု ရှင်းပြရာ လျှပ်စစ်မီး တိုးချဲ့ရရှိတော့မည်ဖြစ်၍ ကျေးရွာနှင့် မြို့ပြ၌နေထိုင်သော ပြည်သူများအတွက် ဝမ်းမြောက်ဖွယ်ရာဖြစ်သည်။

ထို့အပြင် ၂၀၁၈-၂၀၁၉ မှစ၍ ချင်းပြည်နယ်နှင့် နယ်မြေချင်း ထိစပ်နေသည့် ရခိုင်ပြည်နယ် ကျောက်တော်မှ ချင်းပြည်နယ် ပလက်ဝမြို့သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၃၇ မိုင်နှင့် ကျောက်တော်ဓာတ်အားခွဲရုံကို တိုးချဲ့ခြင်းနှင့် ပလက်ဝဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းကို စီမံကိန်းစတင်မည်ဖြစ်သည်။ ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ မှစ၍ စတင်ဆောင်ရွက်လျက်ရှိသည်။

ကျောက်တော်-ပလက်ဝ ဓာတ်အားလိုင်း တည်ဆောက်စဉ် ကုလားတန်ကြိုးဝိုင်းသစ်တော အမှတ်(၅)နှင့် ကုလားတန် ကြိုးဝိုင်းသစ်တော အမှတ်(၄) သစ်တောဧရိယာအတွင်း ဖြတ်သန်းမှု ၄ ဒသမ ၄၁ မိုင်ရှိကြောင်း သိရသည်။ ကျောက်တော်မြို့ ဝါခင်းရွာ၊ ဝင်းစုရွာ၊ ရွှေပြည်ရွာတို့အပါအဝင် ဓာတ်အားလိုင်း ဖြတ်သန်းတည်ဆောက်သွားရမည် ဖြစ်သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၆၆ ကေဗွီ ဓာတ်အားလိုင်းများ သွယ်တန်းရာတွင် လိုက်နာရန် အခြေခံအချက်များ သတ်မှတ်ထားပြီး ဓာတ်အားလိုင်းအူကြောင်းကို တတ်နိုင်သမျှ အတိုဆုံးလမ်းကြောင်း ရွေးချယ်ရန်၊ ထိန်းသိမ်းရေးလုပ်ငန်းများ လွယ်ကူစေရန် လမ်းနှင့်တတ်နိုင်သမျှ အနီးဆုံး ရွေးချယ်ရန်၊ အနာဂတ်တွင် ဖြစ်ပေါ်တိုးတက်လာမည့် ဝန်အားအခြေအနေကို ထည့်သွင်းစဉ်းစား၍ လမ်းကြောင်းရွေးချယ်ရန်၊ လယ်သမားများ၏ပိုင်ဆိုင်မှုများနှင့် လယ်ယာမြေဆိုင်ရာ ဥပဒေများကို လိုက်နာရန်၊ တောင်တန်းများ ၊ တံတားများ၊ ရွှံ့နွံတောများ၊ ချောက်ကမ်းပါးများ စသည်တို့ကို တတ်နိုင်သမျှ ရှောင်ရှားရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်စေနိုင်မည့် ကိစ္စရပ်များကို တတ်နိုင်သမျှ ရှောင်ရှားရန်၊ ဘာသာရေးအဆောက်အအုံများ၊ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်ဧရိယာများ၊ မြို့ပြဧရိယာများ၊ ကျောင်းများ၊ လေယာဉ်ကွင်းများ၊ တပ်မတော်အခြေစိုက်စခန်းများ စသည်တို့ကို တတ်နိုင်သမျှ ရှောင်ရှား ဆောင်ရွက်သွားမည်ဖြစ်သည်။ သို့ရာတွင် ချင်းပြည်နယ်၏ သဘာဝအနေအထားအရ တောင်တန်းများပေါ်တွင်သာ တည်ဆောက်နေရသဖြင့် လမ်းအူကြောင်း ရှာဖွေသည်မှ တည်ဆောက်မှုအဆုံး ခက်ခက်ခဲခဲ ဆောင်ရွက်ရခြင်းဖြစ်သည်။

၆၆ ကေဗွီ ဓာတ်အားလိုင်းများသွယ်တန်းရာတွင် လူမှုပတ်ဝန်းကျင် မထိခိုက်စေရန် ဓာတ်အားလိုင်းအူကြောင်း ရွေးချယ်ရာတွင် လိုင်းအစမှအဆုံး မြို့များ၊ ရွာများ၊ လူနေရပ်ကွက်များနှင့် တတ်နိုင်သမျှ ကင်းလွတ်အောင် ရွေးချယ်ထားခြင်း ဖြစ်ပါသည်။ တာဝါတိုင်တည်ဆောက်ခြင်း Foundation (အမာခံအုတ်မြစ်ချ)လုပ်ငန်းများအတွက် မြေတူးရာတွင် တာဝါတိုင်တစ်တိုင်လျှင် ပျမ်းမျှ ၂၅ ပေ ပတ်လည်ခန့် အကျယ်ရှိပြီး Foundation လုပ်ငန်းပြီး၍ မြေပြန်ဖို့ပေးသည့်အခါ မြေပြင်ပေါ်တွင် အလျားတစ်ပေခွဲ၊ အနံ တစ်ပေခွဲ၊ အမြင့် တစ်ပေခွဲခန့်ရှိ ကွန်ကရစ်တုံး လေးခုသာ ကျန်ရှိမည်ဖြစ်သည်။ Foundation၊ တိုင်ဆင်ခြင်း၊ ကြိုးဆွဲ၍ပစ္စည်းများ သယ်ဆောင်ရခြင်းအတွက် သီးနှံများပျက်စီးမှုအနည်းဆုံးနှင့် လျှပ်စစ်အန္တရာယ်မရှိစေရေး အလေးထား ဆောင်ရွက်သွားမည်ဖြစ်သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် နိုင်ငံဒေသအနှံ့အပြားတွင် တည်ဆောက်ပြီး တည်ဆောက်ဆဲ ဓာတ်အားလိုင်းများအပြင် ၅၀၀ ကေဗွီ၊ ၂၃၀ကေဗွီ၊ ၁၃၂ကေဗွီနှင့် ၆၆ ကေဗွီဓာတ်အားလိုင်းများ ထပ်မံတည်ဆောက်ရန်အတွက် တာဝါတိုင်မြေနေရာများ ရရှိအသုံးပြုရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊ နှစ်ရှည်ပင်နှင့်သီးနှံများ ပျက်စီးမှုများရှိပါက လျော်ကြေးပေးအပ်ခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းမှ ဖွဲ့စည်းပေးသော မြို့နယ်အဆင့် စိစစ်ဆေးရေးအဖွဲ့ဖြင့် ပျက်စီးမှု စစ်တမ်းကောက်ယူခြင်း၊ ဒေသမှ သတ်မှတ်ထားသော ဒေသပေါက်ဈေးနှုန်းများဖြင့် တွက်ချက်၍ မြို့နယ်မှတစ်ဆင့် ခရိုင်သို့ ဆက်လက်တင်ပြခြင်း၊ ခရိုင်မှ စိစစ်ပြီးသည့်အခါ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊ အတည်ပြုချက် ရရှိပါက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍ ဘတ်ဂျက်တောင်းခံပြီး သက်ဆိုင်ရာ ဒေသအာဏာပိုင်များ ရှေ့မှောက်တွင် နစ်နာသူတစ်ဦးချင်းအား လက်ရောက်ပေးလျော်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

အချုပ်ဆိုရသော် နိုင်ငံတော်အစိုးရ၏ အမြော်အမြင်ကြီးမားမှု၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ စီမံချက်ချမှတ်၍ ပြည်သူများအပေါ် စေတနာထားရှိမှု၊ ချင်းပြည်နယ်အစိုးရအဖွဲ့၊ ချင်းပြည်နယ် လွှတ်တော်တို့၏ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု၊ ပြည်နယ်လျှပ်စစ်၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် အနာဂတ်ကာလတွင် ချင်းပြည်နယ်တစ်ဝန်း လျှပ်စစ်ဓာတ်အားပိုမိုရရှိကာ ပြည်နယ်၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**မင်းလပြည့်**

---

# ရေရှားပါးသောတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တစ်နာရီလျှင် ရေသန့်ဂါလန် ၇၀၀ ရရှိနိုင်သော ဂျပန်နည်းပညာသုံး ရေသန့်စင်ယာဉ်များဖြင့် ရေပေးဝေသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

နိုင်ငံတစ်ဝန်း ရေရှားပါးသော တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသများတွင် တစ်နာရီလျှင် ရေဂါလန် ၇၀၀ သန့်စင်နိုင်သော ဂျပန်နည်းပညာသုံး ရေသန့်စင်ယာဉ် (Mobile Water Purification Vehicle) များဖြင့် သန့်ရှင်းသော သောက်သုံးရေများဖြန့်ဖြူးနိုင်ရေးကို လာမည့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ဒုတိယပတ်၌ စတင်နိုင်ရန် စီစဉ်နေကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင် (ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဌာနခွဲ)က ပြောသည်။



ရေသန့်စင်ယာဉ်များကို တွေ့ရစဉ်။

"ဒီရေသန့်စင်ယာဉ် ကိုးစီးက ဂျပန်နိုင်ငံအစိုးရ ဂျိုက်ကာဆိုတဲ့ အဖွဲ့အစည်းက ကျွန်တော်တို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို လှူဒါန်းတာပါ၊ ယခင်ဌာနက ဝယ်ယူထားတဲ့ ရေသန့်စင်ကားတစ်စီးနဲ့ဆို ၁၀ စီးပေါ့၊ အဓိကကတော့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ သဘာဝ ဘေးအန္တရာယ်တွေ ဖြစ်လာတယ်၊ နွေရာသီ ရေရှားပါးမှုပြဿနာတွေ ကြုံရတယ်ဆိုတော့ ဒီအပေါ်မှာ ရေရှားပါးမှုတွေကလည်း ဖြစ်ပေါ်နေတယ်လေ၊ ဒီလို သွားလာရခက်ခဲတဲ့ နေရာဒေသတွေကို ရေသန့်စင်ကားတွေဟာ အချိန်မရွေး၊ နေရာမရွေး သွားရောက်ပြီး မြစ်ချောင်းရေတွေ၊ မြစ်ချောင်းအင်းအိုင်တွေနဲ့ ကန်တွေက ညစ်နောက်နေတဲ့ ရေတွေကို တိုက်ရိုက်သောက်ရေအဖြစ် ရေသန့်အရည်အသွေးမီအောင် သန့်စင်ပေးနိုင်မယ့် အနေအထားရှိပါတယ်၊ ဒါကြောင့် အချိန်မရွေး၊ ရာသီမရွေး အသုံးပြုနိုင်အောင် ဂျပန်နိုင်ငံ အစိုးရအဖွဲ့အစည်းကနေ လှူဒါန်းတာပါ"ဟု ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပြောသည်။

အဆိုပါ ဂျပန်နည်းပညာသုံး ရေသန့်စင်ယာဉ် (Mobile Water Purification Vehicle)မှာ ယာဉ်တစ်စီးလျှင် အမေရိကန်ဒေါ်လာ လေးသိန်းရှိကြောင်း သိရသည်။ ရေသန့်စင်ယာဉ်တစ်စီးသည် တစ်နာရီလျှင် ရေဂါလန် ၇၀၀ ခန့် သန့်စင်ပေးနိုင်ကြောင်း သိရသည်။ "ကနဦး ရောက်ရှိလာတဲ့ ရေသန့်စင်ကားတစ်စီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီး စတဲ့ တိုင်းဒေသကြီး လေးခု အမှန်တကယ် ရေတကယ်လိုအပ်နေတဲ့ ကျေးရွာတွေကို စမ်းသပ်မောင်းနှင်တဲ့အခါမှာ ကျေးရွာသူ ကျေးရွာသားတွေရဲ့ သောက်သုံးရေအခက်အခဲကို ဖြေရှင်းပေးနိုင်ခဲ့ပါတယ်၊ အဓိကကတော့ ကျေးလက်နေပြည်သူတွေကို သန့်ရှင်းတဲ့ရေတွေ သောက်သုံးနိုင်အောင် ဖြေရှင်းပေးနေတာပါ"ဟု ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က ထပ်မံပြောကြားသည်။

ယခုအခါ ဂျပန်နိုင်ငံအစိုးရကလှူဒါန်းသော ရေသန့်စင် ယာဉ်ကိုးစီးသည် ယခုနှစ် နိုဝင်ဘာတွင်ရောက်ရှိပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ပထမပတ်တွင် နေပြည်တော်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးနှင့် ဂျပန်သံရုံးတို့ပူးပေါင်းကာ လှူဒါန်းပေးအပ်ပွဲ ပြုလုပ်မည်ဖြစ်ကာ ဇန်နဝါရီ ဒုတိယပတ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ခွဲသွားမည်ဖြစ်ကြောင်း သိရသည်။ ဂျပန်နိုင်ငံအစိုးရကလှူဒါန်းသော ရေသန့်ယာဉ်ကိုးစီးနှင့် ယခင် ၂၀၁၆ ခုနှစ် ဇန်နဝါရီတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝယ်ယူထားသော ရေသန့်ယာဉ်တစ်စီး အပါဝင် စုစုပေါင်း ၁၀ စီး ရှိနေပြီဖြစ်သည်။ ယင်းရေသန့်ယာဉ်များအား ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့အတွက် ယာဉ်တစ်စီးစီ ပေးအပ်သွားမည်ဖြစ်ပြီး ရှမ်းပြည်နယ်နှင့် ကယားပြည်နယ် နှစ်ခုပေါင်းကာ ရေသန့်ယာဉ်တစ်စီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွက် ရေသန့်ယာဉ်တစ်စီး၊ ရခိုင်ပြည်နယ်အတွက် ရေသန့်ယာဉ်တစ်စီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွက် ရေသန့်ယာဉ်တစ်စီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အတွက် ရေသန့်ယာဉ်တစ်စီးဖြင့် နေပြည်တော်ကောင်စီအပါဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ ခုတွင် ဖြန့်ဝေသုံးစွဲသွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရန်ကုန်)မှ သိရသည်။

**ပွင့်သစ္စာ**

# ကချင်ပြည်နယ်၏ အကြီးဆုံးထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော် ၂၀၁၈ ခုနှစ်တွင် အပြီးတည်ဆောက်မည်

**မြစ်ကြီးနား ဒီဇင်ဘာ ၁၈**

မြစ်ကြီးနားမြို့ ပလန(၂) ကံကော်မြိုင်ကျေးရွာတွင်ရှိသော ဧက၂၀ ကျယ်ဝန်းသည့် မဇ္ဈိမ မနောသုခသာသနာပြုကျောင်းအတွင်း၌ တည်ဆောက်နေသော ကချင်ပြည်နယ်၏ အကြီးဆုံးထိုင်တော်မူ မဇ္ဈိမလာဘဗောဓိဗုဒ္ဓရုပ်ပွားတော်ကို ၂၀၁၈ နှစ်ကုန်ပိုင်းတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း အဆိုပါဘုရား တည်ဆောက်နေသော အင်ဂျင်နီယာထံမှ သိရသည်။

"ဘုရားကြီးရဲ့ အောက်ခြေကဝင်ရင် ပထမထပ်နဲ့ ဒုတိယထပ်မှာ ဗုဒ္ဓဂယာက ရှေးဟောင်းရုပ်ပွားတော်တွေ၊ ပန်းချီကားတွေထားပြီး ပြတိုက်လုပ်မယ်၊ အခု ဘုရားကတော့ ၇၅ ရာခိုင်နှုန်းတော့ပြီးပြီ၊ နောက်နှစ် နှစ်ကုန်ပိုင်းလောက်ဆိုရင်တော့ ပြီးနိုင်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု အဆိုပါဘုရားကို တည်ဆောက်နေသော အင်ဂျင်နီယာ ဦးစောနိုင်က ပြောသည်။

အဆိုပါဘုရားကို ၂၀၁၆ ခုနှစ်မှ စတင်တည်ဆောက်လျက်ရှိပြီး ဘုရား၏ ပလ္လင်တော်အမြင့်မှာ ၁၅ ပေ၊ ဘုရား၏ညာဏ်တော်အမြင့် ၉၃ ပေ စုစုပေါင်း အမြင့် ၁၀၈ ပေ တည်ဆောက်နေကာ ကချင်ပြည်နယ်အတွင်းတွင် အကြီးဆုံး ထိုင်တော်မူ ဘုရားတစ်ဆူဖြစ်ကြောင်း သိရသည်။

"ဒီကျောင်းရဲ့ ကျောင်းထိုင်ဆရာတော် ဒေါက်တာအရှင်နန္ဒဝံသရဲ့ လမ်းညွှန်ချက်နဲ့ တည်ဆောက်နေတာ၊ ဗုဒ္ဓသာသနာ ဒီ့ထက်တိုးတက်ပြန့်ပွားစေချင်တဲ့ ရည်ရွယ်ချက်ကြောင့်ပါ၊ ဘုရားကြီးအတွက်ကို ကျောင်းကနေ သီးသန့်အလှူခံထွက်တာမျိုးတော့ တစ်ခါမှမရှိဘူး၊ ဘုရားဖြစ်မြောက်ရေးအဖွဲ့နဲ့ နီးစပ်ရာလူတွေဆီကနေတစ်ဆင့် အလှူခံဖြတ်ပိုင်းတော့ ပေးထားတယ်၊ လာလှူကြတာတွေလည်း ရှိပါတယ်" ဟု မဇ္ဈိမ မနောသုခသာသနာပြုကျောင်း၏ တာဝန်ခံဆရာတော် ဦးနေမိန္ဒက မိန့်ကြားသည်။

အဆိုပါဘုရားကို ရန်ကုန်မြို့ရှိ ဦးမျိုးဆွေ-သီရိသုဓမ္မသီဂိ မဇ္ဈိမသံဃမာတာ ဒေါ်မြရှင်(ပုလဲရတနာ ရောင်းဝယ်ရေး) မိသားစုက ငွေကျပ်သိန်း ၅၀၀၀ မတည်လှူဒါန်းထားပြီး ယခုထိခန့်မှန်းကုန်ကျငွေကျပ် သိန်း ၄၀၀၀ ကျော် ရှိပြီဖြစ်ကြောင်း သိရသည်။



"ဒီလိုဘုရားမျိုး ဒီမြို့မှာ လာတည်ဆောက်ပေးတာကို ကျေးဇူးတင်ပါတယ်၊ ဒါမှဒီဘုရားကြီးကို စိတ်ဝင်စားပြီး ဗုဒ္ဓဘာသာတွေအနေနဲ့ ဘုန်းကြီးကျောင်းတွေနဲ့ အဝင်အထွက်များလာပြီး လူငယ်တွေ နည်းမှန်လမ်းမှန် ဖြစ်လာမယ်လို့ ထင်တယ်" ဟု မြစ်ကြီးနားမြို့ရှိ ဒေသခံတစ်ဦးက ပြောသည်။

မဇ္ဈိမလာဘဗောဓိဗုဒ္ဓရုပ်ပွားတော် တည်ဆောက်ထားသည့် ဘုရားဝင်းအတွင်း၌ ဘိုးဘွားရိပ်သာ၊ တရားစခန်းများလည်း တည်ဆောက်ဆဲဖြစ်ပြီး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှာ မူကြိုမှ သတ္တမတန်းအထိရှိကာ ပတ်ဝန်းကျင်ကျေးရွာများမှ ကလေးများ လာရောက်ပညာသင်ကြားနေပြီး ဆေးပေးခန်းတစ်ခုလည်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းဦး**



# ရေးမြို့နယ် ကဗျာဝကမ်းခြေ ခရီးသွားကျဆင်းလာ၍ ပင်လယ်စာရောင်းချသူများ ရောင်းအားကျဆင်း

**ရေး ဒီဇင်ဘာ ၁၈**

မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့ ကဗျာဝကမ်းခြေသို့ ခရီးသွားလာရောက်မှုမှာ ယခင်နှစ်ကထက် နည်းပါးလာသည့်အတွက် ပင်လယ်စာရောင်းချသူများ ရောင်းအားကျဆင်းသွားကြောင်း၊ ယခင်က ပျမ်းမျှတစ်နေ့လျှင် ၄၀၀ ခန့် လာရောက်အပန်းဖြေသော်လည်း ယခု ၁၀၀ ခန့်သာ လာရောက်ကြောင်း၊ ကမ်းခြေသာယာလှပမှု ထိန်းသိမ်းမှုအားနည်းခြင်း၊ ဘန်ဂလိုဟိုတယ်များ မရှိသေးခြင်းကြောင့် ညအိပ် အနားယူလိုသူများအတွက် လတ်တလော အခက်အခဲများကြောင့် ခရီးသွားစိတ်ပါဝင်စားမှု ကျဆင်းရခြင်းဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

"အားလပ်ရက်ဖြစ်တဲ့ ကျောင်း၊ ရုံးပိတ်ရက်တွေမှာသာ အပန်းဖြေသူတွေ ၁၀၀၀ ခန့် လောက်ရှိတော့ ပင်လယ်စာ ရောင်းအားကောင်းပါတယ်၊ ပြီးခဲ့တဲ့နှစ်ကလောက်တော့ မမီနိုင်သေးဘူးလို့ ဆိုရမှာပါ။ ပင်လယ်စာရောင်းအား ကောင်းတဲ့နေ့မှာ တစ်နေ့ကို သုံးသိန်းဖိုးအထိ ရောင်းရတယ်။ လူနည်းပါးတဲ့နေ့မျိုးဆိုရင် တစ်သိန်းဝန်းကျင်လောက်သာ ရပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ ကဗျာဝကမ်းခြေသည် ပြည်တွင်းအပြင် ပြည်ပမှ ခရီးသွားဧည့်သည်များ စိတ်ဝင်စားလာသော အပန်းဖြေနေရာတစ်ခု ဖြစ်လာပြီး ရေးမြို့မှ ကဗျာဝကမ်းခြေသို့ ကားလမ်းခရီးမှာ မိုင် ၂၀ ခန့်ရှိပြီး ဇီးဖြူသောင် ပင်လယ်ဝကမ်းခြေမှ ရေမိုင် သုံးမိုင်ခန့်ရှိပြီး ရေလမ်းနှင့်ကားလမ်းတို့ဖြင့် သွားလာနိုင်ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# ဟူးကောင်းကျား ထိန်းသိမ်းရေးနယ်မြေအတွင်း တောဆင်ရိုင်းအရေအတွက်နှင့် ကျက်စားရာဒေသကို လေ့လာစာရင်းကောက်ယူလျက်ရှိ

**မိုးညှင်း ဒီဇင်ဘာ ၁၈**

ဟူးကောင်းကျား ထိန်းသိမ်းရေးနယ်မြေအတွင်း ကျားများအရေအတွက်နှင့် အခြားသောအတူနေတောရိုင်းတိရစ္ဆာန်များ၊ ကျက်စားရာဒေသများကို လေ့လာစာရင်းကောက်ယူခြင်းနှင့်အတူ ဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေအတွင်း တောဆင်ရိုင်းအရေအတွက်နှင့် ကျက်စားရာဒေသကို သစ်တောဦးစီးဌာနနှင့် ပူးပေါင်း၍ လေ့လာစာရင်းကောက်ယူလျက်ရှိကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်) WCS အဖွဲ့ဝင် ဦးအောင်ကျော်ထံမှ သိရသည်။

"ဟူးကောင်းကျား ထိန်းသိမ်းရေးနယ်မြေနဲ့ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အတွင်း တရားမဝင်အမဲလိုက်တာ သစ်ထုတ်တာ၊ တောင်ယာခုတ်တာစတဲ့ လုပ်ငန်းတွေကို တားဆီးနိုင်ဖို့အတွက် ကင်းလှည့်စစ်ဆေးတာတွေ အရေးယူတဲ့လုပ်ငန်းတွေကို ကျားထိန်းသိမ်းရေးနယ်မြေ ဝန်ထမ်းတွေနဲ့အတူ သားငှက်ထိန်းသိမ်းရေးအဖွဲ့၊ ရဲတပ်ဖွဲ့တွေ ပူးပေါင်းလုပ်ရှားဆောင်ရွက်နေပါတယ်၊ ဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေနဲ့ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ထဲနေကြတဲ့ ဒေသခံတွေအနေနဲ့ သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းတွေကို နားလည်သဘောပေါက်ပြီး ဝိုင်းဝန်းပါဝင်ဆောင်ရွက်လာစေဖို့အတွက် ပညာပေးရေးလုပ်ငန်းတွေကိုလည်း လုပ်ရပါမယ်" ဟု ဦးအောင်ကျော်က ရှင်းပြသည်။

သဘာဝဝန်းကျင်နှင့် သားငှက်ထိန်းသိမ်းရေးဌာနမှ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာစေရန်အတွက် လိုအပ်သည့်စာရင်းကောက်လုပ်ငန်းများ၊ ကင်းလှည့်စစ်ဆေးသည့်လုပ်ငန်းများ၊ ပညာပေးလုပ်ငန်းစသည်တို့ကို ကျွမ်းကျင်တတ်မြောက်ပြီး တောတွင်းသုံးပစ္စည်းကိရိယာများဖြစ်သည့် Camera Traps, GPS, Compass, Clinometer, Range Finders စသည်တို့ကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရန်အတွက် ကျွမ်းကျင်သည့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့မှ နိုင်ငံခြားသားပညာရှင်များက ပူးတွဲပို့ချပေးရန် စီစဉ်ထားကြောင်း သိရသည်။ ဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေနှင့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အတွင်းနေထိုင်ကြသည့် ဒေသခံများကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်မည့် ကျေးရွာအခြေပြု သဘာဝအရင်းအမြစ်များစီမံခန့်ခွဲခြင်း(Community Based Natural Resource Management -CBNRM) လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခွင့်အလမ်းပေါ်လာရင်တော့ သဘာဝဝန်းကျင်နဲ့ သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန ဝန်ထမ်းတွေကို



နိုင်ငံခြားလွှတ်ပြီး အစည်းအဝေးတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ လုပ်ငန်းဆိုင်ရာလေ့လာရေးတွေ သွားရောက်နိုင်ဖို့ စီစဉ်ဆောင်ရွက်ဖို့ရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ဟူးကောင်းဒေသတွင် ပေါက်ရောက်နေသည့် မြန်မာ့ကြိမ်ပေါက်ရောက်မှုနှင့် ဒေသခံများ စီးပွားဖြစ်ထုတ်လုပ်နိုင်မည့်အလားအလာများကို လေ့လာသည့် လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မိုးညှင်း)**

**ဓာတ်ပုံ-WCS**